# စီမံ/ဖွံ့ဖြိုး ဂျာနယ်

အတွဲ - ၅၊ အမှတ်(၃)၊ ၂၀၁၈ ခုနှစ် (ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ)

**3**
PILLARS

**5**
GOALS

**28**
STRATEGIES

**251**
ACTION PLANS

Myanmar Sustainable Development Plan provides coherence to policies and institutions necessary to achieve genuine, inclusive and transformational economic growth



MSDP is structured around 3 Pillars, 5 Goals, 28 Strategies and 251 Action Plans that are family aligned with the SDGs, the 12 Points Economic Policy of the Republic of the Union of Myanmar and various regional commitments

# MSDP

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ
(၃)လ တစ်ကြိမ် ထုတ်ဝေသည်

MOPF

# စီမံ/ဖွံ့ဖြိုး ဂျာနယ်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ (၃)လ တစ်ကြိမ် ထုတ်ဝေသည်

# စီမံ/ဖွံ့ဖြိုး ဂျာနယ်

အတွဲ-၅၊ အမှတ်(၃)၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ

## မာတိကာ


| | | |
|---|---|---|
| **ကဗျာကဏ္ဍ** | | |
| အသိဉာဏ်တံခါးများကိုဖွင့်လှစ်ခြင်း | ညိုမောင် | ၁ |
| အိပ်မက်များအား တည်ဆောက်ခြင်း | မြမိုးဖြူ | ၂ |
| **ဆောင်းပါးကဏ္ဍ** | | |
| ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးနှင့် မြန်မာ | ဒေါက်တာဝါဝါမောင် | ၃ |
| စီးပွားရေးလုပ်ငန်းများအတွက် အပြောင်းအလဲဆောင်ကြဉ်းပေးမည့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေသစ် | မောင်ဠီကာ | ၈ |
| နိုင်ငံခြားငွေလဲနှုန်းမြင့်တက်ခြင်းနှင့် ပို့ကုန် | စောနိုင် (အသုံးချဘောဂဗေဒ) | ၁၂ |
| စျေးကွက်ရှာကြစို့ | ဒေါက်တာညီညီမောင် | ၁၅ |
| အလားအလာကောင်းသော အာဆီယံတွင် စီးပွားရေးလုပ်ငန်းများ လုပ်ငန်းတိုးချဲ့ရန်အခက်အခဲများနှင့် ရင်ဆိုင်နေရ | သိန်းမြင့်ဝေ | ၂၀ |
| အိန္ဒိယနိုင်ငံ၏ အရှေ့မျှော်မူဝါဒနှင့် မြန်မာနိုင်ငံအပေါ် အကျိုးသက်ရောက်မှု | ဒေါက်တာပင်လုံအေး | ၂၃ |

| | | |
|---|---|---|
| ဝန်ဆောင်မှု၊ အိုက်တိုးပဂေးစံနှင့် ပညာရေး | စန်းယုအောင် | ၂၇ |
| E ဝန်ဆောင်မှုဆီသို့ | ဒေါက်တာညီ | ၃၀ |
| လုပ်ငန်းဖြစ်မြောက်နိုင်စွမ်း လေ့လာမှု (Feasibility Study) | ဒေါက်တာမျိုးငြိမ်းအေး<br>(ပို့ဆောင်ရေး) | ၃၅ |
| ခိတကျူူရှုမြို့၏ အမှိုက်စီမံခန့်ခွဲမှုစနစ်အား လေ့လာခြင်း | ဒေါ်အိအိခိုင် (ဒု/ညွှန်) | ၄၃ |
| မျှော်မှန်းသက်တမ်း (Life Expectancy) ရှည်စေချင် | ညောင်တိုင် (CSO) | ၄၇ |
| ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်တွင်<br>အရေးပါလာမည့် နည်းပညာရပ်များ | ငြိမ်းဆုသာ | ၅၁ |
| လူဦးရေဆုလာဘ်နှင့် ထုတ်ကုန်တိုးတက်ရေး | သိန်းသိန်းစံ | ၅၅ |
| မေးမြန်းသူ (Interviewer) များ၏ အနုပညာမြောက်မှားယွင်းမှုများ | ဦးထွန်းထွန်းဝင်း<br>(စာရင်းအင်းပညာ) | ၅၈ |
| ဘဝအထွေထွေ (၉) | ကျော်ဒွန်း<br>(ညွှန်ကြားရေးမှူး၊ ငြိမ်း) | ၆၂ |
| မိဘမဲ့ကလေးများနှင့် ကျွန်မဆုံတွေ့ခဲ့စဉ် ဘဝခဏ | မယ်သန့် | ၆၅ |
| တွန်းအားပေး မြှင့်တင်သင့်သော တိုင်းရင်းဆေးနှင့် သဘာဝဆေးဖက်ဝင်ပစ္စည်း<br>ထုတ်ကုန်များအခန်းကဏ္ဍ | မြဇေသူ | ၆၉ |
| ကလေးသူငယ်များဘဝ အဆိပ်မသင့်ဖို့ (သို့မဟုတ်) နိုင်ငံ့အနာဂတ်လှပဖို့ | နယဉ် | ၇၂ |

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| မျက်နှာဖုံးဒီဇိုင်း | - | စီမံ/ဖွံ့ဖြိုး |
| အတွင်းအပြင်အဆင် | - | ဟန်မြင့်မိုရ် |
| စာမူခွင့်ပြုချက်အမှတ် | - | ၅၃၀၀၀၇၀၁၁၄ |
| ထုတ်ဝေသူ | - | ဦးမျိုးမင်း<br>ညွှန်ကြားရေးမှူး (သုတေသနနှင့်ဖွံ့ဖြိုးရေးဌာန)<br>ဗဟိုစာရင်းအင်းအဖွဲ့<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။ |
| ပုံနှိပ်သူ | - | ဦးမြတ်ထွန်းကျော်<br>ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက် (မြဲ-၀၉၇၄၄)<br>မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| အုပ်ရေ | - | |
| တန်ဖိုး | - | |



# အသိဉာဏ်တံခါးများကို
# ဖွင့်လှစ်ခြင်း

• ဥစ္စာဓန ရုပ်ရည်အဆင်း
သပ်ရပ်ကျော့ရှင်း လူမြင်တင့်စေ....
ရာထူးဂုဏ်ရှိန် ရောင်ဝါတောက်ပ
ဘွဲ့ဂုဏ်ထူးလည်း အားကုန်ခမ်းစေ....။

• တတ်သိပညာ သုံးချမှုကင်း
ကိုယ့်ပတ်ဝန်းကျင် ဖွံ့ဖြိုးတက်အောင်
စွမ်းဆောင်ကြိုးပမ်း ထိပ်ဆုံးရောက်စေ....။

• ဥစ္စာဓန ဂုဏ်ထူးရှိန်ဝါ
ရုပ်သွင်အလှ ထည်ဝါမှုသင်း
ခြောက်ပြစ်ကင်းလည်း အသိဉာဏ်တံခါး
မဖွင့်ငြားက သင်ကား
ပြုသမျှ အမြင်အားကင်း
ဦးတည်ချက်ထား ရှေ့တိုးပွားအောင်
ကြံသမျှမအောင် တစ်ဖက်စောင်းနင်း
ထင်တိုင်းကြဲလိမ့်။

• ဆင်ခြင်တုံတံခါး အသိဉာဏ်အားကို
မည်သူလာရောက် တံခါးခေါက်လည်း
သင်ကားမယူ လူသူ သူစိမ်း
သင့်ကိုပစ်ခွာ ဝေးပေတော့မည်။

**သို့ပါသောကြောင့်**

• နိုင်ငံ့အင်အား ဆတိုးပွားအောင်
အသိဉာဏ်တံခါး ချိန်တိုင်းတွန်းဖွင့်
အားအင်ဆင့်ခါ နိုင်ငံ့စီးပွား၊ အုပ်ချုပ်အားကို
ချိန်တိုင်းရွက်ဆောင် ပြည့်ဝန်ဆောင်ဖို့
အစဉ်ကြိုးပမ်းကြပါစို့။ ။

အဆင်းရဲတကာ့ အဆင်းရဲဆုံးတွင် နိုင်ငံသားတို့၏ **အသိဉာဏ်ခေါင်းပါးမှု**သည် အဆိုးဆုံး ဖြစ်သည်။

**ညိုမောင်**

# အိပ်မက်များအား **တည်ဆောက်ခြင်း**



ဒီမြေမှာမွေး ဒီမြေမှာနေ
ဒီပြည်သားတို့ မှောင်လည်းအတူ
လင်းအတူမို့ ခရီးလည်းတူ
ပန်းတိုင်တူသော
အိပ်မက်ကိုယ်စီ မျှတူညီလိမ့်။

အိပ်မက်တည်ဆောက် လမ်းကြမ်းဖောက်သော်
စိတ်ရှည်ဇွဲသန် ညီညွတ်ရန်ရှင်း
အားမာန်တင်းလျက်
ပညာပြည့်ချွန် နှလုံးမွန်ဖြင့်
မှန်စွာမသွေရယူစေ။

မည်သူ့မည်သူ ပြစ်မယူဘဲ
ခါးသီးအတိတ် ဘေးမှာချိတ်လို့
ပစ္စုပ္ပန်မှာ
ပြဿနာရှိ အဖြေညှိကာ
ခရီးဆက်စို့ မြန်မကြာ။

အများနည်းတူ အားညီတူစွာ
တစ်ယောက်တစ်လက် လျှော့မတွက်ဘဲ
ကျရာဝန်တာ ကျေပွန်ပါက
သင်လည်းတစ်ယောက် အမည်ပေါက်သည်
အနာဂတ်နိုင်ငံကမ္ပည်းမှာ။

**မြမိုးဖြူ**



# ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးနှင့် မြန်မာ

| ဒေါက်တာဝါဝါမောင် |

မြန်မာနိုင်ငံသည် ၁၉၈၇ ခုနှစ်မှ စ၍ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ (Least Developed Countries - LDCs) စာရင်းတွင် ပါဝင်ခဲ့ပါသည်။ လက်ရှိတွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအနေဖြင့် စုစုပေါင်း ၄၇ နိုင်ငံရှိပြီး ၁၂ နိုင်ငံသည် အာရှ-ပစိဖိတ်ဒေသမှ ဖြစ်ပါသည်။ မူလက ၅၂ နိုင်ငံရှိခဲ့ရာ ယင်းတို့အနက် Botswana နိုင်ငံသည် ၁၉၉၄ ခုနှစ်တွင်လည်းကောင်း၊ Cape Verde နိုင်ငံသည် ၂၀၀၇ ခုနှစ်တွင်လည်းကောင်း၊ Maldives နိုင်ငံသည် ၂၀၁၁ ခုနှစ်တွင်လည်းကောင်း၊ ပစိဖိတ်ကျွန်းနိုင်ငံဖြစ်သည့် Samoa နိုင်ငံသည် ၂၀၁၄ ခုနှစ်တွင်လည်းကောင်း၊ Equatorial Guinea သည်လည်း ၂၀၁၇ ခုနှစ်တွင်လည်းကောင်း ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဖြစ်မှ လွတ်မြောက်ခဲ့ပြီး ဖြစ်ပါသည်။

## ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အဓိကပူးပေါင်းဆောင်ရွက်ရန် အဖွဲ့အစည်းများ

UN ၏ဖွဲ့စည်းမှုအောက်တွင် အဓိကပါဝင်သည့် စီးပွားရေးနှင့် လူမှုရေးကောင်စီ (Economic and Social Council - ECOSOC)၊ စီးပွားရေးနှင့် လူမှုရေးရာဌာန (Department of Economic and Social Affairs - DESA) လက်အောက်ရှိ ဖွံ့ဖြိုးမှု မူဝါဒကော်မတီ (Committee for Development Policy - CDP) နှင့် ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့်

ဖွံ့ဖြိုးမှုအဖွဲ့ (United Nation Conference on Trade and Development - UNCTAD) တို့သည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အဓိက ပူးပေါင်းဆောင်ရွက်နေသည့် အဖွဲ့အစည်းများ ဖြစ်ပါသည်။

## ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် လုပ်ငန်းစဉ်

CDPသည် နိုင်ငံများကို မူဝါဒရေးရာ အကြံဉာဏ်များပေးခြင်း၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ် သတ်မှတ်ခြင်းနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်လုဆဲနှင့် လွတ်မြောက်ပြီး နိုင်ငံများအား စောင့်ကြည့်လေ့လာခြင်းတို့ကို ဆောင်ရွက်ပါသည်။ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရန် စံသတ်မှတ်ချက်များပြည့်မီပါက သက်ဆိုင်ရာနိုင်ငံသို့ အသိပေး အကြောင်းကြားပြီး သုံးနှစ်တစ်ကြိမ် လေ့လာသုံးသပ်ခြင်းဖြင့် ဆက်လက်လေ့လာပါသည်။ ကုလသမဂ္ဂ အထွေထွေညီလာခံ (UN General Assembly)မှ ဆုံးဖြတ်ချက် ချမှတ်ပြီး နောက်ထပ် သုံးနှစ်တာကာလပြည့်မှသာလျှင် အမှန်တကယ် လွတ်မြောက်သည့် အဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးခြင်းဖြစ်ရာ နိုင်ငံတစ်နိုင်ငံသည် LDCs မှ လွတ်မြောက်ရန် အနည်းဆုံး ခြောက်နှစ်အချိန်ယူရမည်ဖြစ်ပါသည်။

## ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် အထူးထောက်ပံ့ပေးမှုများ

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် အထူးထောက်ပံ့ပေးသည့် အတိုင်းအတာ သုံးမျိုး ရှိပါသည်။ ၎င်းတို့မှာ တရားဝင် ဖွံ့ဖြိုးမှုအကူအညီ (Official Development Assistance-ODA)၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး (International Trade) နှင့် အခြားထောက်ပံ့ မှုများ (Other Forms of Support) တို့ ဖြစ်ပါသည်။ တရားဝင် ဖွံ့ဖြိုးမှုအကူအညီကဏ္ဍတွင် ဘဏ္ဍာငွေနှင့် နည်းပညာဆိုင်ရာပံ့ပိုးမှုများ (Financial Flows and Techanical Assistance)၊ နိုင်ငံအချင်းချင်းနှင့် နိုင်ငံစုံအလှူရှင်များ ပံ့ပိုးကူညီမှုများပါဝင်ပါသည်။အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအနေနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO Obligations) အရ အထူးအခွင့်အရေးများ (Special and Differential Treatment - SDT) နှင့် ဈေးကွက်ရရှိမှု (Market Access)တို့တွင် အထူးအခွင့်အရေးများ ( Generalized Special Preferences - GSP) ခံစားခွင့်ရှိပါသည်။ အခြားထောက်ပံ့ပေးမှုများအဖြစ် ကုလသမဂ္ဂသို့နှစ်စဉ်ထည့်ဝင်ကြေး (Annual Contribution) ဆိုင်ရာ ဖြေလျှော့ပေးမှု၊ အပြည်ပြည်ဆိုင်ရာ အစည်းအဝေးများသို့ တက်ရောက်ရေးအတွက် ခရီးသွားရန်ပံ့ပိုးပေးမှုနှင့် အခြားဆောင်ရွက်မှုများ ပါဝင်ပါသည်။

မိမိတို့နိုင်ငံသည် ၁၉၈၇ ခုနှစ်တွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ် ရောက်ရှိခဲ့ပါသည်။ နှစ်ပေါင်း ၃၀ ခန့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သော်လည်း ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဆင့် အခွင့်အရေးများ အပြည့်အဝရရှိခဲ့ခြင်းမရှိပါ။ ယခုအခါ နိုင်ငံပေါင်း ၄၇ နိုင်ငံသည် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများစာရင်းတွင် ကျန်ရှိပြီး အာရှ–ပစိဖိတ်ဒေသမှ ၁၂ နိုင်ငံပါဝင်ပြီး အာဆီယံနိုင်ငံများအနက် မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံတို့ ပါဝင်ပါသည်။ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရန် လျာထားကြောင်း သိရှိရပါသည်။

## ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် ညွှန်းကိန်းနှင့် စံသတ်မှတ်ချက်များ

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဆင့်မှ လွတ်မြောက်ရေးအတွက် တစ်ဦးကျဝင်ငွေ၊ လူသားအရင်းအနှီးညွှန်းကိန်းနှင့် စီးပွားရေးထိခိုက်လွယ်မှု စံသတ်မှတ်ချက်တို့အပေါ် အခြေခံ၍ တိုင်းတာရာ၌ နိုင်ငံတစ်နိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်လိုလျှင် အောက်ဖော်ပြပါ အခြေအနေတစ်ခုခုနှင့် ကိုက်ညီရန် လိုအပ်ပါသည်။

(က) တစ်ဦးကျဝင်ငွေ (GNI Per Capita)၊ လူသားအရင်းအနှီး ညွှန်းကိန်း (Human Assets Index - HAI)၊ တစ်ဦးကျဝင်ငွေနှင့် စီးပွားရေး ထိခိုက်လွယ်မှု စံသတ်မှတ်ချက် (Economic Vulnerability Index - EVI) ညွှန်းကိန်းသုံးခုထဲမှ အနည်းဆုံး ညွှန်းကိန်းနှစ်ခု၏ စံသတ်မှတ်ချက် ပြည့်မီလျှင် လည်းကောင်း၊



(ခ) တစ်ဦးချင်းဝင်ငွေသည် သတ်မှတ်ချက်ထက် နှစ်ဆရှိပါကလည်းကောင်း ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဆင့်မှ လွတ်မြောက်နိုင်ပါသည်။

အထက်ပါစံနှုန်းကိုက်ညီပါက စောင့်ကြည့်ကာလ သုံးနှစ်ပြည့်ပြီးနောက်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ အတည်ပြုချက်ဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဆင့်မှ လွတ်မြောက်နိုင်ပါသည်။ နိုင်ငံတစ်နိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရန် စံသတ်မှတ်ချက်မှာ GNI အနေဖြင့် အမေရိကန်ဒေါ်လာ ၁၂၃၀ နှင့်အထက်၊ HAI အနေဖြင့် ၆၆ နှင့်အထက်နှင့် EVIအနေဖြင့် ၃၂ နှင့်အောက်ရှိရမည်ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ် CDPအစီရင်ခံစာအရ လက်ရှိမြန်မာနိုင်ငံ၏ GNI မှာ အမေရိကန်ဒေါ်လာ ၁၂၅၅၊ HAI မှာ ၆၈ ဒသမ ၅ နှင့် EVI မှာ ၃၁ ဒသမ ၇ ဖြစ်ကြောင်း သိရှိရပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအနေဖြင့် အဆိုပါ သတ်မှတ်ချက်များအပေါ် ပြည့်မီမှုရှိသည်ဆိုခြင်းမှာ သီသီလေး ပြည့်မီခြင်းသာဖြစ်ပြီး ဖွံ့ဖြိုးမှုအရှိန်အဟုန်အား မြှင့်တင်နိုင်ရန်၊ အရည်အသွေးရှိသည့် ဖွံ့ဖြိုးမှုဖြစ်ပေါ်စေရန် လိုအပ်လျက်ရှိပါသည်။ သဘာဝ ဘေးဒုက္ခရေကြီးရေလျှံမှုများ၊ ပြည်တွင်းစစ်ဘေးရှောင် ကိစ္စရပ်များ၊ ပို့ကုန်ဈေးနှုန်းနှင့် ငွေလဲလှယ်မှုဈေးနှုန်း မတည်ငြိမ်မှုများသည် စီးပွားရေးထိခိုက်လွယ်မှု စံသတ်မှတ်ချက်များအား အမှတ်လျော့စေနိုင်ပါသည်။

ဇာစ်မြစ် - *2018 triennial review, https://www.un.org/development/desa/depad/least-developed-country-catagory-myanmar.html/*

## ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံမှ လွတ်မြောက်ရေးဆောင်ရွက်ရာတွင် အကျိုးအပြစ်များ

ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံမှ လွတ်မြောက်ရေး ဆောင်ရွက်ရာတွင် အကျိုးအပြစ်များလည်းရှိပါသည်။ မိမိတို့နိုင်ငံ ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံဖြစ်ခြင်းအားဖြင့် ရရှိခံစားနိုင်သည့် အကျိုးကျေးဇူးများမှာ-

(က) အကြွေးလျော်ခြင်း၊

(ခ) ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် အထူးအထောက်အပံ့များဖြစ်သည့် တရားဝင်ဖွံ့ဖြိုးမှု အကူအညီ၊ နိုင်ငံခြား အကူအညီ အထောက်အပံ့များရရှိခြင်း၊ အတိုးနှုန်းအနိမ့်ဆုံးဖြင့် ချေးငွေရရှိနိုင်ခြင်း၊

(ဂ) ကုလသမဂ္ဂထည့်ဝင်ကြေးလျှော့ပေါ့မှု၊

(ဃ) နိုင်ငံခြားအစည်းအဝေးများတက်ရောက်ရာတွင် သက်ဆိုင်ရာဖိတ်ကြားသည့် အဖွဲ့အစည်းများမှ ခရီးသွားရန် ရန်ပုံငွေထောက်ပံ့မှုများ၊ ပညာတော်သင်ဆုများ၊ နည်းပညာ လွှဲပြောင်းမှုဆိုင်ရာ သင်တန်းများအား ရရှိခံစားစေနိုင်ခြင်း၊

(င) အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် ဈေးကွက်ရရှိမှုတို့အတွက် အထူးအခွင့်အရေးများ (Generalized Special Preference - GSP) ၊ Multi-donors များ၏ Enhanced Integrated Framework–EIFအစီအစဉ်အားဖြင့် နိုင်ငံဖွံ့ဖြိုးမှုအား အထောက်အပံ့ ဖြစ်စေခြင်း၊ ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ခြင်းအားဖြင့် စွန့်လွှတ်ရမည့် အချက်များမှာ-

(က) ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများအတွက် အထူးအထောက်အပံ့များဖြစ်သည့် တရားဝင် ဖွံ့ဖြိုးမှု အကူအညီနှင့် နိုင်ငံခြား အကူအညီအထောက်အပံ့များ ရရှိနိုင်တော့မည် မဟုတ်ပါ။

(ခ) ချေးငွေများရရှိသည့်တိုင် သက်သာသည့် အတိုးနှုန်းဖြင့်ချေးငွေ (Concessional Loan)မဟုတ်ဘဲ စီးပွားရေး ချေးငွေ (Commercial Loan)အဖြစ်သာ ရရှိနိုင်

ခြင်းကြောင့်ပေးရမည့် အတိုးနှုန်းများ ပိုမိုတက်သွားမည်ဖြစ်ပါသည်။

(ဂ) ကုလသမဂ္ဂထည့်ဝင်ကြေးများ တိုးတက်ထည့်ဝင်ရမည် ဖြစ်ပါသည်။

(ဃ) မိမိတို့နိုင်ငံအတွက် နိုင်ငံခြားပညာသင်ဆုခွဲဝေမှု လျော့နည်းသွားနိုင်မည် ဖြစ်သည်။ အပြည့်အဝ ထောက်ပံ့မှုများ မဟုတ်ဘဲ တစ်ဝက်တစ်ပျက် ထောက်ပံ့မှုများအသွင်သို့ ပြောင်းသွားနိုင်ပါသည်။

(င) အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အစည်းအဝေးများ၊ သက်ဆိုင်ရာ ဖိတ်ကြားသည့် အဖွဲ့အစည်းများ၊ နည်းပညာလွှဲပြောင်းမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်လိုပါက ခရီးသွားရန် ရန်ပုံငွေထောက်ပံ့မှုများ ရယူနိုင်မည်မဟုတ်ဘဲ နိုင်ငံတော်စရိတ်ဖြင့်သာ တက်ရောက်နိုင်မည် ဖြစ်ပါသည်။

(စ) အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးနှင့် ဈေးကွက်ရရှိမှုတို့အတွက် အထူးအခွင့်အရေးများ (Generalized Special Preference - GSP) နှင့် Duty Free, Quota Free တို့ ရရှိနိုင်မည် မဟုတ်ပါ။ (သို့သော်လည်း ယခု GSP ရရှိအသုံးပြုမှု အလွန်နည်းပါးပါသည်)

## ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအား ပံ့ပိုးမည့် အစ္စတန်ဘူလ် လုပ်ငန်းအစီအစဉ် (Istanbul Plan of Action)

ဆင်းရဲမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရန် စံသတ်မှတ်ချက်များ ပြည့်မီရေးတို့အတွက် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားရန် ရည်ရွယ်၍ ၂၀၁၁ ခုနှစ် မေလ ၉ ရက်နေ့မှ ၁၃ ရက်နေ့ထိ တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ကျင်းပခဲ့သော ကုလသမဂ္ဂ စတုတ္ထအကြိမ် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများဆိုင်ရာ ညီလာခံအတွင်း ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ (LDCs) မှ ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အစ္စတန်ဘူလ်လုပ်ငန်းအစီအစဉ် (Istanbul Plan of Action) ကို ချမှတ်ခဲ့ပါသည်။ လုပ်ငန်းအစီအစဉ်၏ အဓိက ရည်မှန်းချက်မှာ ၂၀၂၀ ပြည့်နှစ်တွင် LDCs လွတ်မြောက်ရေး စံသတ်မှတ်ချက်ပြည့်မီ၍ LDCs နိုင်ငံအရေအတွက် ထက်ဝက်လျှော့ချရေး အစီအစဉ် ဖြစ်ပါသည်။

ဆင်းရဲမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဖြစ်မှ လွတ်မြောက်ရန် ကြိုးပမ်းသည့် နိုင်ငံများအနေနှင့် ကုလသမဂ္ဂအစီအစဉ်အောက်တွင် ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံမှ လွတ်မြောက်ရေးအတွက် အစ္စတန်ဘူလ် လုပ်ငန်းစဉ် (Istanbul Plan of Action - IPoA) ၏အစီအစဉ်တို့အား ခံစားခွင့် ရှိပါသည်။ အဆိုပါအစီအစဉ်အရ တိုးတက်အောင် ဆောင်ရွက်သည့် အဓိကနယ်ပယ် (၈) ရပ်မှာ

(က) ထုတ်လုပ်မှုစွမ်းရည်တိုးတက်စေရေး (Productivity Capacity)

(ခ) စိုက်ပျိုးရေး၊ စားနပ်ရိက္ခာဖူလုံ လုံခြုံရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး (Agriculture, Food Security and Rural Development)

(ဂ) ကုန်သွယ်မှုတိုးမြှင့်ရေး (Trade Promotion)

(ဃ) ကုန်စည်များ တိုးတက်အဆင့်မြှင့်တင် ထုတ်လုပ်နိုင်ရေး (Value Added Promotion)

(င) လူသားနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေး (Human and Social Development)

(စ) မျိုးစုံသော အကျပ်အတည်းများ၊ အခြားသော စိန်ခေါ်မှုများအား စီမံခန့်ခွဲဖြေရှင်းနိုင်ရေး (Multiple Crisis and Other Emerging Challenges)



(ဆ) ဖွံ့ဖြိုးမှုအတွက် ဘဏ္ဍာငွေရင်းမြစ်နှင့် စွမ်းရည်ထူထောင်ရေး (Mobilizing Financial Resource and Capacity Building)


(ဇ) ကောင်းမွန်သော အုပ်ချုပ်မှုစနစ် အဆင့်တိုင်းတွင် ဖြစ်ပေါ်စေနိုင်ရေး (Good Governance at all Levels) တို့ ဖြစ်ပါသည်။

မိမိတို့နိုင်ငံမှ အဆိုပါအမျိုးအစားထဲမှ အကျိုးခံ ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများအတွက် ခံစားခွင့်ရှိသည့် အမျိုးအစားများအား စိစစ်၍ ခံစားခွင့်များအား ရရှိနိုင်စေရန် နိုင်ငံစုံ (Multilatral)နှင့် နိုင်ငံအချင်းချင်း (Bilatral)အကြား ညှိနှိုင်းဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။ မိမိတို့နိုင်ငံသည် ၁၉၈၇ ခုနှစ်ကတည်းက ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံ ဖြစ်ခဲ့ပါသော်လည်း ပိတ်ဆို့မှု (Sanction) များကြောင့် LDCsနိုင်ငံများကို ပံ့ပိုးပေးသည့် နိုင်ငံတကာမှ အကူအညီများ၊ အထူးအခွင့်အရေးများကို ရရှိခံစားခွင့်မရှိခဲ့ပါ။ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းခဲ့ပြီးနောက်ပိုင်း အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေး တိုးတက်လာမှုတို့ကြောင့် အကြွေးလျှော်ခြင်းများ၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် ဈေးကွက်ရရှိမှုတို့အတွက် အထူးအခွင့်အရေးများ အထူးညှိနှိုင်းမှုများဖြင့် ၂၀၁၂ ခုနှစ်နောက်ပိုင်းမှသာလျှင် စတင်ရရှိခံစားခဲ့ရပါသည်။ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံမှ လွတ်မြောက်ပြီးပါက အဆိုပါအထူးခံစားခွင့်နှင့် အခွင့်အရေးများအား စွန့်လွှတ်ရမည်ဖြစ်ပါသည်။ သို့သော်လည်း မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံရေးပုံရိပ်ကိုမူ ကောင်းမွန်စေမည် ဖြစ်ပါသည်။ အသွင်ကူးပြောင်းကာလ သုံးနှစ်အတွင်းတွင်မူ အချို့သော အထူးအခွင့်အရေး ရရှိခံစားနိုင်ဦးမည်ဖြစ်ပါသည်။

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးကို ဆောင်ရွက်နိုင်ရန်အတွက် ဒုတိယသမ္မတ ဦးဆောင်သည့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ရေး ကော်မတီကို ဖွဲ့စည်းထားရှိခဲ့ပါသည်။ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးသည် သီးခြား အထူးကြိုးပမ်းရန်မလိုအပ်ဘဲ နိုင်ငံဖွံ့ဖြိုးရေးကို ကြိုးပမ်းဆောင်ရွက်ရင်း မိသားစုများဝင်ငွေမြင့်မားကာ လူနေမှုအဆင့်အတန်း မြင့်မားလာသည်နှင့်အမျှ ကျွဲကူးရေပါဆိုသကဲ့သို့ အလိုလို လွတ်မြောက်စေနိုင်သော်လည်း မိမိတို့နိုင်ငံအတွက် LDCs နိုင်ငံအဖြစ်မှ လွတ်မြောက်ရန် ကြိုးပမ်းနေစဉ်အချိန်အတွင်း ရသင့်ရထိုက်သည့် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများအတွက် ခံစားခွင့်ရှိသည့် အခွင့်အရေးများအရယူ၍ ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ် ခပ်သော့သော့နင်းနိုင်ရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ မိမိတို့နိုင်ငံအနေဖြင့် LDCs နိုင်ငံအဖြစ်မှ လွတ်မြောက်ရန် ကြိုးပမ်းနေစဉ် အချိန်အတွင်း ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများအတွက် ခံစားခွင့်ရှိသည့် အခွင့်အရေးများဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် ဈေးကွက်ရရှိမှုတို့အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ အပါအဝင် အခွန်အကောက်ပေးရန်မလို၊ အရေအတွက် အကန့်အသတ်မရှိ (Duty Free, Quota Free) ကုန်သွယ်မှု အထူးအခွင့်အရေးများ ကျယ်ကျယ်ပြန့်ပြန့် သိရှိကျင့်သုံးနိုင်စေရန်အတွက် အသိပညာနှင့် နည်းပညာများ ဖြန့်ဖြူးခြင်း၊ ပညာတော်သင်ဆုများ၊ နည်းပညာလွှဲပြောင်းရယူရေး၊ အပြည်ပြည်ဆိုင်ရာ အတွေ့အကြုံများ လေ့လာနိုင်ရေး၊ အကူအညီအထောက်အပံ့များ အကျိုးရှိထိရောက်မြန်ဆန်စွာ ရရှိအသုံးပြုနိုင်မှု၊ သက်သာနိမ့်ကျသည့် အတိုးနှုန်းဖြင့် တရားဝင်ဖွံ့ဖြိုးမှု အကူအညီများ ဆက်လက်ရရှိရေး၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ အားလုံးပါဝင်နိုင်သော ငွေကြေးကဏ္ဍ တည်ဆောက်ရေး (Financial Inclusion)၊ အင်တာနက် အသုံးပြုမှုနှင့် Mobile Banking၊ စားနပ်ရိက္ခာဖူလုံရေး စသည်တို့ကို မဟာဗျူဟာကျကျဖြင့် ထိရောက်၍ စွမ်းဆောင်ရည်ရှိစေရေး ဦးစားပေး ဆောင်ရွက်ရန် ဖြစ်ပါသည်။ မြန်မာရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုစီမံကိန်း (Myanmar Sustainable Development Plan-MSDP) ကို အကောင်အထည်ဖော်သည့်အနေဖြင့် အခြားသော ဖွံ့ဖြိုးမှုယန္တရားများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်နိုင်ရန်ဖြစ်ပါသည်။ LDCsနိုင်ငံအဖြစ်မှ လွတ်မြောက်မည်ဆိုပါက အဆိုပါ စွန့်လွှတ်ရမည့် အထူးအခွင့်အရေးများအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် Transition Plan တစ်ခုကို ကြိုတင် ပြင်ဆင်ချမှတ် ဆောင်ရွက်ရန်လည်း လိုအပ်မည်ဖြစ်ပါသည်။

♦




# စီးပွားရေးလုပ်ငန်းများအတွက် အပြောင်းအလဲဆောင်ကြဉ်းပေးမည့် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေသစ်

| မောင်ငိုကာ |

၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့က နိုင်ငံတော်သမ္မတလက်မှတ်ရေးထိုး ထုတ်ပြန်လိုက်တဲ့ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေဟာ နိုင်ငံတော်သမ္မတရုံးရဲ့ ၂၀၁၈ ခုနှစ် ဇွန်လ ၂၂ ရက်နေ့က ထုတ်ပြန်တဲ့ အမိန့်ကြော်ငြာစာအမှတ်၊ ၄၈/၂၀၁၈ အရ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှာ စတင် အာဏာတည်ခဲ့ပြီး ဖြစ်ပါတယ်။

ကုမ္ပဏီများဥပဒေကို စတင်ပြဋ္ဌာန်းချိန်ကစပြီး အာဏာတည်သည်အထိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ရှစ်လကျော်အချိန်ယူပြီး လိုအပ်တာတွေကို အသေးစိတ် စီမံပြင်ဆင်ခဲ့ပါတယ်။ ထူးခြားတာကတော့ ဩဂုတ်လ ၁ ရက်နေ့မှာ ကုမ္ပဏီများဥပဒေ အာဏာတည်ရုံသာမက ကုမ္ပဏီဆိုင်ရာလုပ်ငန်းစဉ်များ လွယ်ကူ၊ မြန်ဆန်၊ သက်သာစွာ ဆောင်ရွက်နိုင်တဲ့ အီလက်ထရွန်နစ် ကုမ္ပဏီမှတ်ပုံတင်စနစ် (Myanmar Companies Online-MyCO) ကိုပါ တစ်ပြိုင်တည်း အသုံးပြုနိုင်တော့မှာဖြစ်ပါတယ်။

## ခိုင်ခိုင်မာမာလုပ်ကိုင်နိုင်မယ့် အခွင့်အလမ်းရရှိ

ကုမ္ပဏီများဥပဒေဟာ ကုမ္ပဏီထူထောင်ခြင်းလုပ်ငန်းတွေအတွက် ခေတ်မမီတော့တဲ့ ဥပဒေဟောင်းပါ ပြဋ္ဌာန်းချက်တွေကို ဖယ်ရှားလိုက်ပြီး စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ လွယ်ကူစွာ ကုမ္ပဏီထူထောင်နိုင်အောင် ပြင်ဆင်ရေးဆွဲထားတာလည်း ဖြစ်ပါတယ်။ ယခင်တုန်းက ကုမ္ပဏီထောင်ရင် ရှယ်ယာရှင်နှစ်ဦးရှိမှသာ ထောင်လို့ရတဲ့ အနေအထားကနေ ဥပဒေသစ်အရ ရှယ်ယာရှင်တစ်ဦးတည်းနဲ့ ကုမ္ပဏီထောင်နိုင်တော့မှာ ဖြစ်တဲ့အတွက် အသေးစားလုပ်ငန်းလေးတွေ၊ တစ်ဦးတည်း လုပ်ကိုင်နေတဲ့လုပ်ငန်းရှင်တွေကုမ္ပဏီအဖြစ် ပြောင်းလဲပြီး ခိုင်ခိုင်မာမာ လုပ်ကိုင်နိုင်မယ့် အခွင့်အလမ်း ရရှိသွားမှာဖြစ်ပါတယ်။ အလားတူပဲ အများနှင့် မသက်ဆိုင်တဲ့ ကုမ္ပဏီတွေမှာ ဒါရိုက်တာတစ်ဦးတည်း ထားရှိဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ယခင်တုန်းက ကုမ္ပဏီထူထောင်တဲ့အခါမှာ 'လုပ်ငန်းရည်ရွယ်ချက်' များ ဖော်ပြဖို့လိုအပ်တဲ့ ပြဋ္ဌာန်းချက်ကို ဥပဒေသစ်မှာ ပယ်ဖျက် လိုက်ပြီဖြစ်တဲ့အတွက် ကုမ္ပဏီတစ်ခု ထူထောင်ပြီးရင် ဥပဒေနဲ့ညီညွတ်တဲ့မည်သည့်လုပ်ငန်းမဆို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရသွားမှာ ဖြစ်ပါတယ်။ ယခင်တုန်းက ကုမ္ပဏီ ထူထောင်တဲ့အခါ 'သင်းဖွဲ့စည်းမျဉ်း'နဲ့ 'သင်းဖွဲ့မှတ်တမ်း'ဆိုတဲ့ စာရွက်စာတမ်းလိုအပ်ချက်နှစ်မျိုးကို ဥပဒေသစ်မှာ ကုမ္ပဏီရဲ့ 'ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း'တစ်မျိုးတည်းနဲ့ အစားထိုးလိုက်တဲ့

**ဥပဒေသစ်ရဲ့ထူးခြားချက်တစ်ခုက ဝန်ထမ်းဦး ရေ ၃၀ အောက်ရှိပြီး တစ်နှစ်ဝင်ငွေ ကျပ်သန်း ၅၀ အောက် သာရှိတဲ့ ကုမ္ပဏီတွေကို "အသေးစားကုမ္ပဏီ" လို့ သတ်မှတ်ပြီး သက်သာခွင့်တွေ ဖန်တီးပေးတာပါ။**

အတွက် များစွာ ရှင်းလင်း လွယ်ကူသွား ပါတယ်။ ကုမ္ပဏီတွေအနေနဲ့ မည်သည့် ရှယ်ယာ အမျိုး အစားကိုမဆို လွတ်လပ်စွာထုတ်ဝေနိုင်ပြီး ယခင်ဥပဒေအရ ကုမ္ပဏီထောင်ရာမှာ 'သတ်မှတ်မတည်ငွေရင်း' ဖော်ပြ ရတဲ့ လိုအပ်ချက်ကိုလည်း ပယ်ဖျက်ပေးလိုက်ပါတယ်။ ဒါ့ကြောင့် ကုမ္ပဏီများအနေနဲ့ ယခင်ဥပဒေဟောင်းနဲ့ ဆောင် ရွက်စဉ်ကာလကလို ကုမ္ပဏီမှတ်ပုံတင်ရုံးကို အကြိမ်ကြိမ် သွားရခြင်း၊ တရားရုံးကို အကြိမ်ကြိမ်သွားရခြင်း စသည်တို့ မလိုအပ်တော့ပါ။

## နိုင်ငံသားတွေအတွက် ငွေပင်ငွေရင်းပိုမိုရရှိစေ

ဥပဒေသစ်မှာ အရေးကြီးတဲ့ ပြဋ္ဌာန်းချက်က မြန်မာနိုင်ငံသားကုမ္ပဏီတွေမှာ နိုင်ငံခြားသားပါဝင်မှု ၃၅ ရာခိုင်နှုန်းအထိ ခွင့်ပြုပေးထားတာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံသားများအနေနဲ့ မိမိအခွင့်အရေးမဆုံးရှုံးဘဲ မိမိကုမ္ပဏီအတွင်းမှာ နိုင်ငံခြားသား စီးပွားရေး မိတ်ဖက်ကို တရားဝင်ဖိတ်ခေါ်ခွင့် ရသွားမှာဖြစ်ပါတယ်။ ဤပြဋ္ဌာန်းချက်က နိုင်ငံသားတွေအတွက် ငွေပင်ငွေရင်းပိုမိုရရှိစေခြင်း၊ ဈေးကွက်ပိုမိုရရှိစေခြင်း၊ နည်းပညာရရှိခြင်းစတဲ့ အကျိုးကျေးဇူးတွေကို ဖန်တီးပေးမှာဖြစ်သလို နိုင်ငံခြားသားများအနေနဲ့လည်း မြန်မာပြည်အတွင်းမှာ စီးပွားရေးနဲ့ပတ်သက်တဲ့ အခွင့်အလမ်းတွေ ပိုမိုရရှိမှာဖြစ်တဲ့အတွက် မြန်မာ့စီးပွားရေးမှာ သိသာတဲ့ အပြောင်းအလဲတွေကို ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်။

ဥပဒေသစ်ရဲ့ ထူးခြားချက်တစ်ခုက ဝန်ထမ်းဦးရေ ၃၀ အောက်ရှိပြီး တစ်နှစ်ဝင်ငွေ ကျပ်သန်း ၅၀ အောက်သာရှိတဲ့ ကုမ္ပဏီတွေကို 'အသေးစားကုမ္ပဏီ' လို့ သတ်မှတ်ပြီး သက်သာခွင့်တွေ ဖန်တီးပေးတာပါ။ ၄င်း ကုမ္ပဏီတွေဟာ သူတို့ရဲ့နှစ်စဉ်ဘဏ္ဍာရေးရှင်းတမ်းကို စာရင်းစစ်ဆေးရန်လိုအပ်ခြင်းမှ ကင်းလွတ်ခွင့်၊ နှစ်စဉ် အထွေထွေအစည်းအဝေးခေါ်ယူရန် လိုအပ်ခြင်းမှ ကင်းလွတ်ခွင့်စတဲ့ ကင်းလွတ်ခွင့်တွေရရှိမှာဖြစ်ပါတယ်။ လုပ်ငန်းပမာဏမကြီးမားတဲ့ ကုမ္ပဏီငယ်လေးတွေကို စည်းမျဉ်းစည်းကမ်းဆိုင်ရာ ဝန်ထုပ်ဝန်ပိုးတွေ၊ ဥပဒေကို လိုက်နာရသည့်အတွက် ကုန်ကျမည့်စရိတ်တွေကို သက်သာအောင် ဖန်တီးပေးထား

ခြင်းပဲ ဖြစ်ပါတယ်။ ကုမ္ပဏီတွေ ရှယ်ယာ အပြောင်းအလဲ လုပ်တဲ့ကိစ္စ၊ ကုမ္ပဏီမှတ်ပုံတင်ရုံးကို ပေးပို့ရမယ့် ပြန်တမ်းများ နောက်ကျတဲ့ကိစ္စတွေမှာ ယခင်ကလို တရားရုံးကို သွားရောက်ဆောင်ရွက်ရတဲ့ လိုအပ်ချက်ကိုလည်း ပယ်ဖျက်ထားပြီးဖြစ်ပါတယ်။

## ရင်းနှီးမြှုပ်နှံနိုင်သူတွေကို ဥပဒေကအကာအကွယ်ပေး

ယခင်ဥပဒေမှာတော့ ကုမ္ပဏီရဲ့ ဒါရိုက်တာ တာဝန်ထမ်းဆောင်သူတွေ လိုက်နာရမယ့် တာဝန်တွေ၊ ကျင့်သုံးရမယ့်ကျင့်ဝတ်တွေနဲ့ပတ်သက်ပြီး တိကျတဲ့ပြဋ္ဌာန်းချက်တွေမပါတဲ့အတွက် အချို့ကုမ္ပဏီတွေမှာ ဖရိုဖရဲဖြစ်တဲ့ ဖြစ်စဉ်တွေ ရှိခဲ့ပါတယ်။ ကုမ္ပဏီဥပဒေသစ်မှာတော့ ဒါရိုက်တာတွေရဲ့ တာဝန်များနဲ့ပတ်သက်ပြီး သီးခြား အခန်းတစ်ခန်း ရေးဆွဲပြဋ္ဌာန်းထားတဲ့အတွက် ကုမ္ပဏီတွေရဲ့ 'ကော်ပိုရိတ်စီမံအုပ်ချုပ်မှု' ကို ပိုမိုကောင်းမွန်လာစေမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကုမ္ပဏီမှာပါဝင်ကြတဲ့ ရှယ်ယာ အနည်းစုပိုင်ဆိုင်သူတွေကိုလည်း အကာအကွယ်ပေးမယ့် ပြဋ္ဌာန်းချက်တွေလည်း ထည့်သွင်းပြဋ္ဌာန်းထားတဲ့အတွက် ငွေအရင်းအနှီး အနည်းအပါးသာ ရင်းနှီးမြှုပ်နှံနိုင်သူတွေကို ဥပဒေက အကာအကွယ်ပေးပြီးဖြစ်ပါတယ်။ ဥပဒေသစ်အရ ကုမ္ပဏီအနေနဲ့ ကုမ္ပဏီဥပဒေပါ ပြဋ္ဌာန်းချက်တွေကို လိုက်နာကျင့်သုံးမှုနဲ့ပတ်သက်ပြီး လိုအပ်သလို ထိန်းကျောင်းဆောင်ရွက်နိုင်ဖို့အတွက်လည်း ကုမ္ပဏီမှတ်ပုံတင်အရာရှိကို လုပ်ပိုင်ခွင့်များ အပ်နှင်းထားပါတယ်။ ဥပဒေပါ ပြဋ္ဌာန်းချက်တွေလိုက်နာရန် အားနည်းမှုအပေါ် မူတည်ပြီး ကုမ္ပဏီမှတ်ပုံတင်အရာရှိက သက်ဆိုင်ရာကုမ္ပဏီတွေကို ဒဏ်ကြေးပေးဆောင်ရန်ညွှန်ကြားနိုင်ပါတယ်။ ထို့အပြင် ကုမ္ပဏီတွေကို လိုအပ်လျှင် လိုအပ်သလို စုံစမ်းစစ်ဆေးခွင့်ရှိရုံသာမက ဥပဒေစည်းမျဉ်းစည်းကမ်း ဖောက်ဖျက်တဲ့ ကုမ္ပဏီတွေကို တရားစွဲဆိုနိုင်တဲ့အထိ ကုမ္ပဏီမှတ်ပုံတင်အရာရှိကို လုပ်ပိုင်ခွင့်များ အပ်နှင်းထားပါတယ်။ ကုမ္ပဏီများအနေနဲ့ ဥပဒေသစ်အရ ဖြေလျှော့မှုများအပေါ် လွယ်ကူသက်သာစွာ လုပ်ငန်းများဆောင်ရွက်နိုင်သည့်နည်းတူ အခြားတစ်ဖက်ကလည်း ဥပဒေပါပြဋ္ဌာန်းချက်တွေ လိုက်နာမှုကို ပိုမိုတင်းကျပ်စွာ ဆောင်ရွက်သွားမယ့် အခြေအနေကို ကြိုတင်သိရှိထားဖို့ အရေးကြီးလှပါတယ်။

## ကုမ္ပဏီများရဲ့ပွင့်လင်းမြင်သာမှုကို အားကောင်းစေ

အီလက်ထရွန်နစ်မှတ်ပုံတင်စနစ်ကို စတင်ကျင့်သုံးသည့် ဩဂုတ်လ ၁ ရက်နေ့ကစပြီး လုပ်ငန်းရှင်များအနေနဲ့ ကုမ္ပဏီမှတ်ပုံတင်ခြင်းကို ကုမ္ပဏီမှတ်ပုံတင်ရုံးသို့လာရောက်ရန် လုံးဝမလိုတော့ဘဲ မိမိနေအိမ်၊ မိမိရုံးခန်း၊ မိမိလက်ကိုင်တယ်လီဖုန်းကနေ အလွယ်တကူ ဆောင်ရွက်နိုင်တော့မှာ ဖြစ်ပါတယ်။ မှတ်ပုံတင်သည့်လုပ်ငန်းသာမက မှတ်ပုံတင်ကြေး ပေးသွင်းခြင်း၊ အခြားဝန်ဆောင်ခများ ပေးသွင်းခြင်း၊ ဒဏ်ကြေးများပေးဆောင်ခြင်း စတာတွေကိုလည်း အီလက်ထရွန်နစ်စနစ်နဲ့ ပေးချေနိုင်မှာဖြစ်ပါတယ်။ ကုမ္ပဏီတွေက ကုမ္ပဏီမှတ်ပုံတင်ရုံးထံ နှစ်စဉ် ပုံမှန်ပို့ရတဲ့ပြန်တမ်းတွေ၊ ကုမ္ပဏီမှတ်ပုံတင်ရုံးနဲ့ စာပေးစာယူ ဆက်သွယ်ဆောင်ရွက်ရမည့် ကိစ္စတွေအားလုံးကိုလည်း အီလက်ထရွန်နစ်နည်းနဲ့

> ကုမ္ပဏီဥပဒေနဲ့ပတ်သက်ပြီး အဓိက တာဝန်ယူ ဆောင်ရွက်ရတဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြား မှုဦးစီးဌာနအနေနဲ့ လိုအပ်တဲ့ ပြင်ဆင်မှုတွေ ရှစ်လကျော်ခန့် အချိန်ယူ ဆောင်ရွက်ခဲ့ရခြင်းအပေါ် ဝေဖန်မှုတွေလည်း များစွာ ကြုံတွေ့ခဲ့ရပါတယ်။

(Online)ဆက်သွယ်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ကုမ္ပဏီများအနေနဲ့ ဥပဒေပါလိုအပ်ချက်အရ အစီရင်ခံစာပေးပို့ခြင်း အပါအဝင် အခြားလိုက်နာရန် ကိစ္စရပ်များနဲ့ပတ်သက်ပြီး ကုမ္ပဏီရုံးရဲ့ ကြိုတင်သတိပေးချက်တွေကို အီလက်ထရွန်နစ်နည်းနဲ့ ပုံမှန်ကြိုတင်ရရှိကြမှာ ဖြစ်တဲ့အတွက် သတိမေ့လျော့ပြီး ပေးပို့ရမယ့်ပြန်တမ်းတွေ၊ အစီရင်ခံစာတွေ နောက်ကျပေးပို့ခြင်း မဖြစ်ရလေအောင် Online စနစ်က သတိပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မှတ်ပုံတင်ထားတဲ့ ကုမ္ပဏီတစ်ခုချင်းစီရဲ့ အချက်အလက်ကို ကမ္ဘာတစ်ဝန်းက မည်သူမဆို အချိန်မရွေး MyCO ပလက်ဖောင်းပေါ်မှာ ဝင်ရောက်ကြည့်ရှုနိုင်မှာ ဖြစ်တဲ့အတွက် ကုမ္ပဏီများရဲ့ ပွင့်လင်းမြင်သာမှုကို အားကောင်းစေမှာဖြစ်ပါတယ်။ ကုမ္ပဏီ တစ်ခုခုက ဥပဒေစည်းမျဉ်းစည်းကမ်းလိုက်နာရန် ပျက်ကွက်ခြင်း၊ အားနည်းခြင်းဖြစ်ပေါ်ခဲ့ရင် ၎င်းကုမ္ပဏီရဲ့ အခြေအနေကို Online ပေါ်မှာ ပကတိအတိုင်းဖော်ပြမှာဖြစ်တဲ့အတွက် ကုမ္ပဏီများအနေနဲ့ မိမိကုမ္ပဏီရဲ့ ဂုဏ်သိက္ခာကို ထိခိုက်မှုမရှိစေရေး ဥပဒေကို ပိုမိုလေးစားလိုက်နာဖို့ အရေးကြီးလှပါတယ်။

## ငွေကြေးကုန်ကျမှုမရှိဘဲ ဆောင်ရွက်နိုင်

ဥပဒေသစ်စတင်အာဏာတည်သည့် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ခြောက်လတာကာလအတွင်းမှာ ယခင်မှတ်ပုံတင်ထားပြီးဖြစ်တဲ့ ကုမ္ပဏီဟောင်းများအနေနဲ့ ဥပဒေသစ်နှင့်အညီ ပြန်လည်မှတ်ပုံတင်ဖို့ လိုအပ်ပါတယ်။ ပြန်လည်မှတ်ပုံတင်ခြင်းကို Online ပေါ်မှာ အခမဲ့ဆောင်ရွက်နိုင်ပါတယ်။ ပြန်လည်မှတ်ပုံတင်တဲ့အခါ ကုမ္ပဏီမှတ်ပုံတင်အမှတ် အသစ်ထပ်မံထုတ်ပေးမှာဖြစ်ပြီး ထိုကဲ့သို့ ထုတ်ပေးမည့် ကုမ္ပဏီ မှတ်ပုံတင်နံပါတ်ဟာ ပြည်တွင်းအခွန်များဦးစီးဌာနရဲ့ အခွန်မှတ်ပုံတင်အမှတ် (Tax Identification Number-TIN)လည်းဖြစ်ပါတယ်။ သတ်မှတ်ကာလအတွင်း ပြန်လည်မှတ်ပုံတင်ခြင်း မရှိတဲ့ ကုမ္ပဏီများကိုတော့ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်သွားမှာဖြစ်ပါတယ်။ ကုမ္ပဏီဟောင်းများအနေနဲ့ ပြန်လည်မှတ်ပုံတင်ရတဲ့အတွက် အလုပ်ရှုပ်စေမယ်လို့ ယူဆရသော်လည်း တကယ်တော့ ကုမ္ပဏီဟောင်းများအတွက် ကုမ္ပဏီသစ်ပါ ပြဋ္ဌာန်းချက်များအတိုင်း မိမိတို့ရဲ့ကုမ္ပဏီကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းဖို့ ငွေကြေးကုန်ကျမှုမရှိဘဲ ဆောင်ရွက်နိုင်တဲ့ အခွင့်အရေးတစ်ရပ်ပဲဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဥပဒေဟောင်းနဲ့ မှတ်ပုံတင်ထားခဲ့တဲ့ ကုမ္ပဏီတွေကို ဥပဒေသစ်ပါ အခွင့်အရေးတွေ ပြန်လည်ပေးအပ်ခြင်းလည်းဖြစ်ပါတယ်။

ကုမ္ပဏီဥပဒေနဲ့ပတ်သက်ပြီး အဓိက တာဝန်ယူဆောင်ရွက်ရတဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနအနေနဲ့ လိုအပ်တဲ့ပြင်ဆင်မှုတွေ ရှစ်လကျော်ခန့်အချိန်ယူ ဆောင်ရွက်ခဲ့ရခြင်းအပေါ် ဝေဖန်မှုတွေလည်း များစွာ ကြုံတွေ့ခဲ့ရပါတယ်။ တကယ်တော့ မြန်မာပြည်ထက် စီးပွားရေးရာကိစ္စများ၊ ကုမ္ပဏီရေးရာကိစ္စများ ပိုမိုရှေ့ရောက်တဲ့ ဟောင်ကောင်မှာ ကုမ္ပဏီဥပဒေသစ်ကို ၂၀၁၂ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့က ပြဋ္ဌာန်းခဲ့ပြီး အာဏာတည်ဖို့ တစ်နှစ်နဲ့ ရှစ်လ၊ မလေးရှားနိုင်ငံမှာ ၂၀၁၆ ခုနှစ် ဧပြီလ ၅ ရက်နေ့က ပြဋ္ဌာန်းခဲ့ပြီး အာဏာတည်ဖို့ တစ်နှစ်ကျော်၊ စင်ကာပူနိုင်ငံမှာ ၂၀၁၄ ခုနှစ် အောက်တိုဘာလက ပြဋ္ဌာန်းခဲ့ပြီး အပြည့်အဝ အာဏာတည်ဖို့ တစ်နှစ်နဲ့ သုံးလ အချိန်ယူဆောင်ရွက်ခဲ့ရတာကြောင့် မြန်မာနိုင်ငံရဲ့ ပြင်ဆင် ဆောင်ရွက်မှုဟာ အဆိုပါနိုင်ငံတွေထက် အချိန်ကာလ ပိုမိုတိုတောင်းတာကို သုံးသပ်တွေ့ရှိနိုင်ပါတယ်။

## အပြောင်းအလဲတွေပေါ်ပေါက်စေ

မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ အာဏာတည်သည့်နေ့ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကလည်း အထူးစိတ်ဝင်စားနေကြတာကြောင့် ဥပဒေသစ်ဟာ မြန်မာပြည်ရဲ့ စီးပွားရေး လုပ်ငန်းများအတွက် သိသာတဲ့အပြောင်းအလဲတွေ ပေါ်ပေါက်စေမှာ ဖြစ်ပါတယ်။ ကုမ္ပဏီမှတ်ပုံတင်လုပ်ငန်းကို အီလက်ထရွန်နစ်နည်းနဲ့သာ လက်ခံဆောင်ရွက်တော့မှာဖြစ်သော်လည်း အကျွမ်းတဝင် မရှိသေးတဲ့ မြန်မာနိုင်ငံတစ်ဝန်းက ပြည်သူများအတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ် အသီးသီးရဲ့ မြို့တော်များမှာ ရုံးဖွင့်လှစ်ထားတဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ နိုင်ငံ့ဝန်ထမ်းများက လိုအပ်သလိုကူညီပေးရန် အဆင်သင့် ရှိနေပါကြောင်းကိုလည်း သတင်းကောင်းပါးလိုက်ပါတယ်။

♦

# နိုင်ငံခြားငွေလဲနှုန်းမြင့်တက်ခြင်းနှင့် ပို့ကုန်



|စောနိုင်|
(အသုံးချဘောဂဗေဒ)

## ငွေလဲနှုန်းဆိုသည်မှာ

'ငွေလဲနှုန်းထပ်မံမြင့်တက် ပို့ကုန်ဝင်ငွေ ပိုမိုရရှိ' ဟု ခေါင်းစဉ်တပ်ထားသော သတင်းကို ဖတ်ရှုခဲ့ရသည့် မိတ်ဆွေအချို့နှင့် စကားစမြည်ပြောမိရာမှ ဤဆောင်းပါးကို ရေးသားရန် စိတ်ကူးပေါ်လာခဲ့ခြင်းဖြစ်သည်။ ယခင်ကတည်းက တဖြည်းဖြည်းမြင့်တက် လာနေသော ကျပ်-ဒေါ်လာလဲနှုန်းသည် ဇွန်လလောက်မှစ၍ ပို၍ သိသာစွာ မြင့်တက်လာခဲ့သည့်အတွက် စီးပွားရေးအဆောက်အအုံထဲရှိ လူအားလုံးနီးပါး ယခင်ကထက် စိတ်ဝင်စားမှုများ ပိုမိုဖြစ်ပေါ်လာလျက်ရှိ၏။ တိတိကျကျပြောရလျှင် စိတ်ဝင်စားမှုထက် စိုးရိမ်စိတ်များ ဖြစ်ပေါ်နေသည်ဟုသာ ပြောရမည်။ ငွေလဲနှုန်းကွာဟမှုပေါ်မူတည်၍ အကျိုး အမြတ်ဖြစ်ထွန်းနေသည့် လူ့အချို့မှလွဲ၍ ထုတ်လုပ်သူ၊ ရောင်းချသူ၊ ဝယ်ယူစားသုံးသူ အားလုံးနီးပါး ဒေါ်လာဈေးတက်မှုကြောင့် ဆက်စပ်မြင့်တက်လာနိုင်သည့် ကုန်ဈေးနှုန်းများနှင့် ပတ်သက်၍ တွေးပူနေကြမည်၊ စိုးရိမ်နေကြလိမ့်မည်မှာ သေချာသည်။ သို့သော် အခြေအနေတစ်ရပ်သည် လောကဓမ္မတာအတိုင်း အကောင်းအဆိုးဒွန်တွဲရှိနေတတ်သောကြောင့် ဒေါ်လာလဲလှယ်နှုန်း မြင့်တက်လာနေခြင်းသည်လည်း ဆိုးသည့်အခြေအနေများနှင့်အတူ အကျိုးဖြစ်ထွန်းမှုများလည်း ရှိနေသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းသုံးငွေနှင့် နိုင်ငံခြားသုံးငွေလဲလှယ်နှုန်းဖြစ်သည်။ စီးပွားရေးအဆောက် အအုံတစ်ခုအတွင်း၌ လူအများ လိုအပ်လျက်ရှိသော နိုင်ငံတကာသုံး ငွေမာတစ်ရပ်ကို အဓိကထားလျက် ထိုငွေကြေးတစ်ယူနစ်ကို ပြည်တွင်းသုံးငွေပမာဏ မည်မျှဖြင့် လဲလှယ်၊ ဝယ်ယူရသည်ကိုပင် ငွေလဲနှုန်းဟု အလွယ်ခေါ်နေကြခြင်းဖြစ်သည်။ မြန်မာ့စီးပွားရေး အဆောက်အအုံအတွင်း၌ မြန်မာကျပ်ငွေနှင့် ထိုင်းဘတ်ငွေ၊ တရုတ်ယွမ်၊ စင်ကာပူဒေါ်လာ၊ အိန္ဒိယရူပီး၊ ဂျပန်ယန်း၊ ကိုရီးယားဝမ်၊ ယူရိုငွေနှင့် ဒေါ်လာငွေ စသည်ဖြင့် နိုင်ငံခြားငွေအမျိုးမျိုးနှင့် လဲလှယ် နှုန်းများ ရှိကြသော်လည်း အခြားလဲနှုန်းများထက် ကျပ်ငွေ နှင့် နိုင်ငံတကာသုံး ငွေမာဒေါ်လာလဲနှုန်း ကိုပို၍ မျက်စေ့ကျကြသည်။ထို့ကြောင့်ငွေလဲနှုန်းဟုဆိုလျင်အများအားဖြင့် ကျပ်နှင့် ဒေါ်လာလဲနှုန်းသို့မဟုတ် ဒေါ်လာငွေတစ်ယူနစ် အတွက် ပေးရသည့် ပြည်တွင်းသုံး ကျပ်ငွေပမာဏတစ်ရပ်ဟု သဘောပေါက်ပြီးသား ဖြစ်သည်။

## ငွေလဲနှုန်းမြင့်ခြင်း

ငွေလဲနှုန်းကျဆင်းခြင်း၊ မြင့်တက်ခြင်းအကြောင်းဟုဆိုလျှင် ဒေါ်လာငွေတစ်ယူနစ်ရရှိရန်ပေးရသော မြန်မာကျပ်ငွေပမာဏနည်းခြင်း၊ များခြင်းကို ရည်ညွှန်းသည်။ ဥပမာ နိုင်ငံခြားငွေတစ်ဒေါ်လာရရှိရန် ငွေလဲနှုန်းမှာ ကျပ်ငွေ ၁၃၀၀ ဈေးပေါက်နေရာမှ အချိန်ကာလတစ်လျှောက် တဖြည်းဖြည်းမြင့်တက်လာခဲ့ပြီး ယခုအချိန်တွင် တစ်

ဒေါ်လာ ကျပ်ငွေ ၁၄၀၀ လဲနှုန်းအထိ ဖြစ်နေသည်ဆိုပါစို့။ ငွေတစ်ဒေါ်လာရရှိရန်မှာ ယခင်ကထက် ကျပ်ငွေပမာဏ ၁၀၀ ပိုပေးမှရမည် ဖြစ်သည်။ ထိုအခြေအနေကို ဒေါ်လာလဲလှယ်နှုန်း သို့မဟုတ် ဒေါ်လာဈေးနှုန်း မြင့်တက်သွားသည်ဟု ဆိုရမည်။ အကယ်၍ တစ်ဒေါ်လာ ၁၃၀၀ ကျပ်မှ တစ်ဒေါ်လာ ၁၂၀၀ ကျပ်သို့ ကျဆင်းခဲ့ပါက ဒေါ်လာလဲလှယ်နှုန်း သို့မဟုတ် ဒေါ်လာဈေးနှုန်း ကျဆင်းခြင်းဟု ဆိုရပေမည်။ ယခု မြန်မာ့စီးပွားရေး အဆောက်အအုံထဲတွင် တစ်ဒေါ်လာရရှိရန် ပေးရမည့် ကျပ်ငွေပမာဏသည် ယခင်ကာလများကထက် ပိုမိုလာနေသဖြင့် ဒေါ်လာဈေးနှုန်းမြင့်တက်နေသည်ဟု ဆိုကြသည်။ ငွေလဲလှယ်နှုန်းမြင့်နေသည်ဟု အားလုံးက သဘောပေါက်ထားကြ၏။ ဈေးနှုန်းမြင့်တက်ပါက ငွေတန်ဖိုးကျဆင်းသည်ဟူသော ငွေကြေးတန်ဖိုး (Value of Money) သဘောတရားအရ ဒေါ်လာဈေးနှုန်းမြင့်တက်လာခြင်းကြောင့် မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းလာနေသည်ဟု သုံးသပ်နိုင်သည်။

## ငွေလဲနှုန်းမြင့်ခြင်းနှင့် ပို့ကုန်

ငွေလဲနှုန်းမြင့်တက်ခဲ့လျှင် ပြည်တွင်းသုံးငွေတန်ဖိုးကျ၏။ နိုင်ငံတကာဈေးကွက်၌ နိုင်ငံ့ပို့ကုန်ဈေးနှုန်းများလည်း ကျ၏။ ငွေလဲနှုန်း တစ်ဒေါ်လာ ၁၃၀၀ ကျပ်ဖြစ်နေချိန် ဈေးနှုန်းကျပ်ငွေ ၁၃၀၀ တန် ပြည်တွင်းထုတ်ကုန်တစ်ခုကို နိုင်ငံခြားသို့တင်ပို့ပါက နိုင်ငံခြားငွေတစ်ဒေါ်လာ ရနိုင်သော်လည်း ငွေလဲနှုန်း တစ်ဒေါ်လာ ၁၄၀၀ ကျပ်သို့ မြင့်တက်နေချိန်တွင် ဈေးနှုန်း ၁၃၀၀ ကျပ်တန် ပို့ကုန်သည် တစ်ဒေါ်လာအပြည့်မရတော့ဘဲ တစ်ဒေါ်လာအောက်သာ ရရှိပေမည်။ ထိုအခြေအနေမျိုးကို နိုင်ငံ့ပို့ကုန်ဈေးနှုန်းများ ကျဆင်းလာသည်ဟု ဆိုသည်။ ထိုသို့ နိုင်ငံ့ပို့ကုန်များ ဈေးနှုန်းကျဆင်းလာခြင်းကို နိုင်ငံတကာဈေးကွက်ထဲ၌ ပို့ကုန်ဈေးနှုန်းများ ယှဉ်ပြိုင်မှုအားကောင်းလာသည်ဟု ပြောနိုင်သကဲ့သို့ နိုင်ငံတကာဝယ်ယူသူများကလည်း သွင်းကုန်များဈေးသက်သာလာသည်ဟု ရှုမြင်ကြလိမ့်မည်။ ပို့ကုန်ဈေးနှုန်းလျော့ကျ၍ ဈေးနှုန်းယှဉ်ပြိုင်နိုင်စွမ်း မြင့်တက်လာခြင်းအကျိုးရလဒ်ကြောင့် ပို့ကုန်ဝယ်လိုအား မြင့်တက်လာမည်ဟု မျှော်လင့်နိုင်သည်။ ပို့ကုန်ပမာဏမြင့်တက်လျှင် ပို့ကုန်ဝင်ငွေပမာဏလည်း မြင့်တက်လာနိုင်ပေမည်။ ထို့ကြောင့် ငွေလဲနှုန်း (ဒေါ်လာလဲနှုန်း)မြင့်တက်ခြင်းသည် ပို့ကုန်ပမာဏ မြင့်တက်လာနိုင်ပြီး၊ ထိုမှတစ်ဆင့် ပို့ကုန်ဝင်ငွေတိုးမြင့်လာနိုင်သည်ဟု လက်ရှိအခြေအနေကို သုံးသပ်၍ အနာဂတ်အလားအလာကို မှန်းဆကြရခြင်း ဖြစ်သည်။

## ငွေလဲနှုန်းမြင့်ခြင်း၏ ဆက်စပ်ကောင်းကျိုးများ

ငွေလဲနှုန်း (ဒေါ်လာဈေးနှုန်း)မြင့်ခြင်းသည် ပြည်တွင်းသုံးကျပ်ငွေ တန်ဖိုးကျဆင်းမှု ဖြစ်ပေါ်ကာ ပို့ကုန်ဈေးနှုန်းများကိုလည်း သက်ရောက်မှုများရှိစေသည်။ ထိုသက် ရောက်မှုများသည် အခြားသော မေခရိုစီးပွားရေးဝန်းကျင် ကောင်းများ ဖြစ်ပေါ်ရေးအတွက်ပါ အထောက်အကူဖြစ်စေ သည်ကို တွေ့ရသည်။

ငွေလဲနှုန်းမြင့်တက်မှုကြောင့် နိုင်ငံ၏ပို့ကုန်ဈေးနှုန်းများ ကျဆင်းမှုများလာပြီး ဈေးနှုန်းယှဉ်ပြိုင်နိုင်စွမ်းတက်လာမည်။ ယခင်ကထက် ပို့ကုန်ဝယ်လိုအား ကောင်းလာနိုင်သဖြင့် ပို့ကုန်တင်ပို့မှုပမာဏလည်း မြင့်တက်လာနိုင်သည်။ ပို့ကုန်ပမာဏမြင့်တက်ခဲ့လျှင် ပို့ကုန်စက်မှုလက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖြစ်ပေါ်ခြင်းစသည့်အလားအလာကောင်းများ မျှော်လင့်နိုင်သည်။ သွင်းကုန်ဈေးနှုန်းများမှာမူ မြင့်တက်လာသဖြင့် သွင်းကုန်သမားများ စရိတ်မြင့်တက်မှုကို ရင်ဆိုင်ကြရပြီး၊ မြင့်တက်နေသော သွင်းကုန်ဈေးနှုန်းများကြောင့် ပြည်တွင်းထုတ်ကုန်များကို ပြောင်းလဲဝယ်ယူသုံးစွဲမှုများ ရှိလာနိုင်သဖြင့် ပြည်တွင်းလုပ်ငန်းများ၏ အရောင်းမြင့်တက်လာနိုင်သည်။ အကျိုးဆက်အားဖြင့် ပြည်တွင်းဈေးကွက်များကို ဦးတည်ထုတ်လုပ်နေသော လုပ်ငန်းများသည်လည်း ပိုမိုဖွံ့ဖြိုးလာကာ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်သည့် အခြေအနေများဖြစ်လာနိုင်သည်။ နောက်ဆုံးတွင် စီးပွားရေးအဆောက်အအုံတစ်ခုလုံး၏ ကုန်ထုတ်လုပ်မှုပမာဏ မြင့်တက်ခြင်းကို မျှော်လင့်နိုင်သည်။

ထို့ကြောင့် ငွေလဲနှုန်းမြင့်တက်ခြင်းသည် ပို့ကုန်ကဏ္ဍနှင့် သွင်းကုန်ကဏ္ဍနှစ်ခုလုံးအတွက် အကျိုးသက်ရောက်မှုများဖြစ်စေပြီး နိုင်ငံ့ကုန်ထုတ်ကဏ္ဍဖွံ့ဖြိုးမှု၊ အလုပ်

လက်မဲ့အခြေအနေကျဆင်းမှု၊ စီးပွားရေးအဆောက်အအုံ တစ်ခုလုံး၏ စုစုပေါင်းဝယ်လိုအားမြင့်တက်မှု စသည့် နိုင်ငံ၏ မေခရိုစီးပွားရေးဝန်းကျင်ကို ဖွံ့ဖြိုးမှုဖြစ်စေသည့် အခြေအနေများကိုပါ အထောက်အကူဖြစ်စေသည်ဟု ဆိုနိုင်ပေသည်။

## ပေး၏ သို့သော် မရ

ယနေ့ ကမ္ဘာ့နိုင်ငံများသည် ပို့ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဖြင့် နိုင်ငံ၏စီးပွားရေးအင်အားကို တည်ဆောက်နေကြသည်။ နိုင်ငံတိုင်းကုန်သွယ်ရေးကို အထူးအလေးထား၍ ပို့ကုန်တိုးမြှင့်နိုင်ရေးအတွက် အဆက်မပြတ် အားထုတ်နေကြ၏။ ဖြစ်ပေါ်လာသည့် ငွေလဲနှုန်းမြင့်တက်မှု၊ ပြည်တွင်းငွေကြေးတန်ဖိုး ကျဆင်းမှုအခြေအနေများကို ထိထိရောက်ရောက် အသုံးချ၍ ပို့ကုန်ဝင်ငွေပမာဏ တိုးမြှင့်ရရှိရေးအတွက် အားထုတ်ကြသည်။ ငွေလဲနှုန်းမြင့်တက်ခြင်းကပေးသော ပို့ကုန်ဝင်ငွေရရှိနိုင်သည့် အခွင့်အရေးကို မိမိရရ ဆုပ်ကိုင်အသုံးချလျက်ရှိနေကြသည်ဟု ဆိုရမည်။ သို့သော် သီအိုရီ၊ အယူအဆမှန်ကန်ချက်များအရ ငွေလဲနှုန်းမြင့်တက်လာတိုင်း နိုင်ငံ၏ ပို့ကုန်ပမာဏ အလိုအလျောက်မြင့်တက်လာနိုင်မည် မဟုတ်ပေ။ ပေးလာသည့် အခွင့်အရေးကို ယူနိုင်စွမ်းရှိမှ ရရှိမည်ဖြစ်သည်။

မြန်မာ့စီးပွားရေးအဆောက်အအုံအတွင်း ကျပ်ဒေါ်လာလဲလှယ်နှုန်း မကြာခဏ မြင့်တက်ခဲ့ဖူး၏။ ကျပ်ငွေသည်လည်း တဖြည်းဖြည်းတန်ဖိုးကျလျက် ရှိ၏။ ထို့ကြောင့် ပို့ကုန်ဈေးနှုန်းများသည် ကျဆင်းကာ ပို့ကုန်တင်ပို့မှုပမာဏ မြင့်မားနေမည်ဟု သီအိုရီအရ ထင်စရာရှိသည်။ သို့သော် မြန်မာပို့ကုန်အတွက် စဉ်ဆက်မပြတ် အားတက်သရေဝယ်လိုအားမဖြစ်ထွန်းခဲ့။ ပို့ကုန်ပမာဏလည်း သိသာစွာ မြင့်တက်ခြင်း မရှိခဲ့။ ငွေလဲနှုန်းမြင့်တက်မှုက ပေးခဲ့သော ထိုအခွင့်အလမ်းကို မြန်မာ့ပို့ကုန်ကဏ္ဍ ရယူနိုင်ခြင်းမရှိခဲ့ဟုသာ မှတ်ယူရပေမည်။

## အခွင့်အလမ်းထက်ပိုသော စိန်ခေါ်မှု

မြန်မာ့ထုတ်ကုန်ကဏ္ဍသည် ၁၉၈၈ ခုနှစ်နောက်ပိုင်းအချိန်များကတည်းက အနောက်နိုင်ငံများ၏ စီးပွားရေးပိတ်ဆို့မှုများကြောင့် နိုင်ငံတကာဈေးကွက်များနှင့် အလှမ်းဝေးခဲ့၏။ ငွေကြေးအရင်းအနှီးနှင့် နည်းပညာတို့ မပြည့်စုံခဲ့ပေ။ ရရှိထားသော ဈေးကွက်အနည်းငယ်တွင် လည်း နိုင်ငံတကာစံသတ်မှတ်ချက်များကို မမီခြင်း၊ ကုန်ပစ္စည်းနှင့်ပတ်သက်၍ မရိုးမသားလုပ်ဆောင်ခဲ့မှုများ ရှိခဲ့ခြင်းတို့ကြောင့် ဈေးကွက်ပျက်သွားခြင်းများလည်း ရှိခဲ့၏။ ၂၀၁၁ ခုနှစ်နောက်ပိုင်း ကာလများတွင်လည်း ကုန်ထုတ်လုပ်မှုကဏ္ဍနှင့်ပတ်သက်၍ လက်တွေ့ဆန်သော မဟာဗျူဟာကျကျ စနစ်တကျ ပြုပြင်ပြောင်းလဲအားထုတ်မှုများ မလုပ်နိုင်ခဲ့၊ မလုပ်နိုင်သေး။ အိမ်နီးချင်းနိုင်ငံများ၏ စက်မှုလက်မှုကဏ္ဍ တိုးတက်မှုများကြောင့် နေ့စဉ်နှင့်အမျှ တိုးတက်ထုတ်လုပ်နေကြသော ထုတ်ကုန်ပစ္စည်းအမျိုးမျိုး၊ ထိုပစ္စည်းအမျိုးမျိုးတို့၏ နယ်စပ်များမှ ပြည်တွင်းဈေးကွက်များထဲသို့ တရားမဝင်စီးဝင်ရောက်ရှိမှုကို ထိထိ ရောက်ရောက် တားဆီးနိုင်မှုများလည်း မရှိသေးပေ။ ထို့အပြင် ဒေသတွင်း လွတ်လပ်သော ကုန်သွယ်ရေးအစီအစဉ်များတွင် ပါဝင်နေ မှုကြောင့် ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများ အားမကောင်း ပါက ပို့ကုန်တင်ပို့နိုင်ခြင်းထက် ပြည်တွင်းသို့ သွင်းကုန်စီး ဝင်မှုကသာ ပိုမိုလာဖို့သာ ရှိပေသည်။ လက်ရှိအခြေအနေ များကို လေ့လာကြည့်လျှင် မြန်မာ့ ထုတ်ကုန်ကဏ္ဍသည် အခွင့်အလမ်းထက် စိန်ခေါ်မှုများကို ပိုမိုရင်ဆိုင်ရဖွယ်ရှိ နေသည်။

## စိတ်ကူးယဉ်ခြင်း

ပြည်တွင်းငွေတန်ဖိုးကျဆင်းခြင်းကြောင့် ဖြစ်ပေါ်နေသော ကောင်းကျိုးအခွင့်အလမ်းများ ရှိခဲ့၊ ရှိနေဆဲဖြစ်၏။ ပြည်တွင်းထုတ်လုပ်မှုကဏ္ဍသည်လည်း အကြောင်းအမျိုးမျိုးပေါင်းစုံကာ ချိနဲ့လျက်ရှိနေဆဲ၊ အချိန်နှင့်အမျှ ပို၍သာ အားနည်းလာနေဆဲဖြစ်သည်။ အားလုံး၏မျက်စိရှေ့တွင် အခွင့်အလမ်းတို့ကို မြင်တွေ့နေရသော်လည်း ဖမ်းဆုပ်နိုင်စွမ်းမရှိ၍ လွတ်သွားခဲ့သည်မှာ အကြိမ်ကြိမ်အခါခါ ရှိနေခဲ့ပြီ။ ထို့ကြောင့် ငွေလဲနှုန်းမြင့်တက်နေချိန်တွင် ပို့ကုန်တိုးမြှင့်ထုတ်လုပ်၊ တင်ပို့နိုင်ရေး အခွင့်အလမ်းကို မဆုပ်ကိုင်နိုင်သည်မှာ ထူးဆန်းသော အခြေအနေမဟုတ်တော့။ ပို့ကုန်ဝင်ငွေတိုးမြှင့်ရရှိမှုဆိုသည်မှာလည်း စိတ်ကူးသက်သက်သာ ဖြစ်ပေလိမ့်မည်။

# ဈေးကွက် ရှာကြစို့

ဒေါက်တာညီညီမောင်



**နိဒါန်း**

ပြည်ထောင်စုမြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကိုအခြေခံသော စက်မှုလုပ်ငန်းအသွင်သို့ ကူးပြောင်းခဲ့သည်မှာ ဆယ်စုနှစ် သုံးစုနီးပါး ကြာမြင့်ခဲ့ပေပြီ။ ထို့အတူ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက် နိုင်ငံ့စီးပွားရေးကို မြှင့်တင်နိုင်ရန် ကြိုးစားနေဆဲလည်း ဖြစ်သည်။ ပြည်ပလုပ်ငန်းရှင်များအဖို့ မြန်မာပြည်တွင် အခြေချ၍ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သည်မှတစ်ပါး အများအားဖြင့် ချိတ်ဆက်ပြီး ပြည်ပဈေးကွက်များ အဆင်သင့်ရှိနေပြီးဖြစ်သည်။ ဤသို့ဆိုလျှင် ပြည်တွင်းထုတ်လုပ်မှု ကဏ္ဍများမှ ထွက်ရှိလာသော ထုတ်ကုန်များအတွက် ပြည်တွင်းပြည်ပ ဈေးကွက်များစွာ လိုအပ်လာပေမည်။ ဈေးကွက်မရှိဘဲ၊ ဝယ်လိုအားမရှိဘဲ မည်သည့်ထုတ်ကုန်၊ ထွက်ကုန်

များကို ရောင်းချနိုင်ပါမည်နည်း။ ပြည်တွင်းလုပ်ငန်းရှင်များအဖို့ မိမိတို့ ထုတ်လုပ်လိုက်သည့် ထုတ်ကုန်များကို အဆင်မြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ရန် ကြိုးစားကြစမြဲဖြစ်ပြီး ဈေးကွက်ကိုလည်း ရှာဖွေကြရစမြဲဖြစ်သည်။

ဈေးကွက်သုတေသနလုပ်ငန်းများအနေဖြင့် မိမိတို့ လုပ်ငန်းခွင်အလိုက် သုတေသနပြုကာ ဈေးကွက်များရှာဖွေခြင်း၊ ဈေးကွက်များချဲ့ထွင်ခြင်း၊ မိမိတို့ ရောင်းလိုအား မြှင့်တင်နိုင်ရန် အရောင်းမြှင့်တင်ပွဲများကို ပုံစံအမျိုးမျိုးဖြင့် လုပ်ကိုင်နေကြသည်ကို တွေ့ရပေမည်။ သို့ရာတွင် စာရေးသူအနေဖြင့် ဤဆောင်းပါးကို ရေးသားရခြင်းမှာ နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့ နိုင်ငံမှ ထွက်ကုန်/ ထုတ်ကုန်များအတွက် စက်ရုံတစ်ခု / ကုမ္ပဏီတစ်ခုမှ ရှာဖွေရရှိနိုင်သည့် ဈေးကွက် သေးသေးလေးများထက် ပိုမိုကြီးမားကျယ်ပြန့်သော ဈေးကွက်များကို ပြည်တွင်း/ ပြည်ပတွင် ဖန်တီးပေးနိုင်ရေးအတွက် အသိပေးရေးသားလိုခြင်းဖြစ်ပါသည်။

## ဈေးကွက်တို့၏သဘော

ဈေးကွက်တို့၏ သဘောဆိုရာတွင် ဝယ်လိုအားရှိသော နေရာတစ်ခုတွင် မိမိတို့ထွက်ကုန်/ ထုတ်ကုန်များအား ပုံစံအမျိုးမျိုး ပြုပြင်ထိန်းသိမ်းလျက် အားပေးနေသည့် ဈေးဝယ်သူများကို ဆွဲဆောင်နိုင်ခြင်းသည် ဝယ်လိုအားကို မြှင့်တင်ခြင်းပင်ဖြစ်ရာ မြန်မာစကားလုံးအသုံးအရ မိမိတို့ ဖောက်သည်များအား သုံးစွဲနေသည့် ပစ္စည်းအပေါ် စဉ်ဆက်မပြတ် အားပေးနေစေမှသာ မိမိတို့၏ ကုန်စည်ဈေးကွက် တည်ငြိမ်မှုကိုလည်း ရရှိနိုင်မည်ဖြစ်သည်။ ဈေးကွက်၏ သဘောသည် ပြိုင်ဘက်မပေါ်သမျှ မိမိတို့ဖောက်သည်များမှ ငြီးငြင်မှုမရှိဘဲ အားပေးမှုများကို ရရှိနိုင်သကဲ့သို့ မိမိတို့ ဖောက်သည်များအား ကုန်ပစ္စည်းအပေါ် စိတ်ပါဝင်စားစေရန် ဆွဲဆောင်နိုင်မှုရှိရပေမည်။ ယနေ့ခေတ် ယှဉ်ပြိုင်မှုသဘောအရ ထုတ်ကုန်/ထွက်ကုန်ပစ္စည်းတူများ ပေါ်ပေါက်လာပါက ဈေးကွက်ယှဉ်ပြိုင်မှုအပေါ်တွင် ဖောက်သည်များ၏ သုံးနေကျကုန်ပစ္စည်းမှ သွေဖယ်ကာ အခြား ပိုမိုဆွဲဆောင်နိုင်သည့် ယှဉ်ပြိုင်မှုသို့ စိတ်ယိုင်သွားတတ်မြဲဖြစ်သည်။ ပြောင်းလဲလာသောဈေးကွက်နှင့် ဈေးကွက် ယှဉ်ပြိုင်မှုသဘောကိုလည်း နားလည်ထားရန် လိုအပ်ပါသည်။ ဆိုလိုရင်းမှာ ဈေးကွက်ပြန့်သွားပြီး ရောင်းလိုအားမည်သို့ပင် မြှင့်တင်စေကာမူ ဝယ်လိုအားကျဆင်းသွားနိုင်ခြင်းကို ဖြည့်ဆည်းပေးမည့် နည်းလမ်းများလည်း ရှာဖွေထားရန် လိုအပ်ပေမည်။

မြင်သာထင်သာရှိသော ဥပမာဖြင့် တင်ပြရမည်ဆိုပါက လက်ရှိဟော့သတင်းဖြစ်သည့် ဆင်းကာဒ်များနှင့် ဝန်ဆောင်မှုကဏ္ဍကိုကြည့်မည်ဆိုပါက– ယခင် မြန်မာတစ်နိုင်ငံလုံး ဈေးကွက်လွှမ်းမိုးမှုမှသည် မျှဝေပေးလိုက်ရသည့် ဈေးကွက်အနေအထားကို တွေ့မြင်နိုင်သကဲ့သို့ ဝန်ဆောင်မှု သဘောသဘာဝအပေါ်မူတည်၍ မိမိတို့၏ ဖောက်သည်များ အခြားသို့ စီးဝင်မသွားရစေအောင် နည်းလမ်းမျိုးစုံဖြင့် ဆွဲဆောင်နေခြင်းပင်။ သို့ရာတွင် သုံးစွဲနေကြဖောက်သည်တို့သည် တန်ဖိုးတူသော ထွက်ကုန်/ထုတ်ကုန်ပစ္စည်းများအတွက် ဝန်ဆောင်မှုကောင်းသော ယှဉ်ပြိုင်နိုင်စွမ်းနောက်သို့သာ ရေရှည်တွင် လိုက်ပါမြဲဖြစ်သည်။ ထို့ကြောင့် ဈေးကွက်တစ်ခုကို ခိုင်မြဲရန် မမျှော်လင့်သင့်သကဲ့သို့ ရရှိထားသည့် ဈေးကွက်ကို မဖျက်ဆီးမိစေရန်လည်း သတိပြုရပေမည်။ ထို့အတူ ထုတ်ကုန်/ထွက်ကုန်ပစ္စည်းဆိုင်ရာ အရည်အသွေးအပါအဝင် ဈေးကွက်သုတေသနများကို ပိုမိုတွင်ကျယ်စွာ လုပ်ကိုင်ရပေမည်။

## ဈေးကွက်အလားအလာ၊ ဈေးကွက်သုတေသနနှင့် ယှဉ်ပြိုင်နိုင်မှုရှိခြင်း

မိမိတို့ထွက်ကုန်/ထုတ်ကုန်များအပေါ် ဝယ်လိုအားမြှင့်တင်နိုင်ဖို့ ထုတ်ကုန်ပစ္စည်းသည် မည်သည့် အသက်အရွယ် အပိုင်းအခြားအပေါ် ဦးတည်ထိုးဖောက်မည် နည်း။ ရွေးချယ်ထားသော အသက်အရွယ် အပိုင်းအခြားပေါ် မူတည်ပြီး ဆွဲဆောင်နိုင်မှုရှိသော အရောင်၊ ထုပ်ပိုးမှုစနစ် စသည်တို့ကို သေချာပြင်ဆင်ထားသင့်သည်ကို သတိပြုကြရပေမည်။ ထို့အပြင် ပစ္စည်းများ ဈေးကွက်ထိုးဖောက်နိုင်မည့် အလားအလာများကို ကြိုတင်စူးစမ်းထားရန် လိုအပ်သကဲ့သို့ ကွင်းဆင်းလေ့လာမှုများကိုလည်း ပြုလုပ်ထားကြရမည်။ ဈေးကွက်သုတေသနလုပ်ငန်းများ ထွက်ကုန်/ထုတ်ကုန် ဖြန့်ချိမည့် ရည်းမှန်းချက်ပန်းတိုင် စသည်တို့ကိုပါ

ကြိုတင်စီမံစဉ်းစားထား ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ မိမိထွက်ကုန်/ထုတ်ကုန်အား ပြည်ပနိုင်ငံအထိ ထိုးဖောက်နိုင်ရန် ရည်ရွယ်သည်ဆိုပါက ကနဦးပြင်ဆင်ဆောင်ရွက်ကတည်းက အရည်အသွေးအာမခံမှုနှင့် မိမိ ကုန်ပစ္စည်းအပေါ် အဆင့်မီမီ ဆွဲဆောင်မှုရှိရှိ ထုပ်ပိုးပြင်ဆင်ထားရန်လည်း လိုအပ်ပေသည်။ မိမိ ဖြန့်ချိမည့် ဈေးကွက်တွင် အလားတူကုန်ပစ္စည်းများ ကြိုတင်ရောက်ရှိနေမည်ဆိုပါက မည်သို့ထိုးဖောက်မည်/ ယှဉ်ပြိုင်မည်၊ မိမိထံသို့ ဆွဲဆောင်နိုင်မည့် နည်းလမ်းကောင်းများကို ရည်ရွယ်ထားသည့် ပန်းတိုင်အလိုက် စနစ်တကျဆောင်ရွက်ထားရပေမည်။

ကနဦးလေ့လာမှုများအပါအဝင် ကုန်ပစ္စည်းအာမခံမှုများရှိရန်မှာ ဈေးကွက်သုတေသန လုပ်ငန်းသည် အင်မတန်အရေးပါသည်ကို သတိပြုသင့်ပေသည်။ အချက်အလက် မှန်မှန်ကန်ကန် ကောက်ယူတတ်ခြင်းနှင့် အချက်အလက်ရယူသည့်နေရာ မှန်ကန်စွာ ရွေးချယ်တတ်ရန်မှာလည်း အလွန်အရေးပါသည်။ တစ်နည်းဆိုရသော် ရည်မှန်းဧရိယာတွင် ရည်မှန်းပန်းတိုင် ပြည့်ဝစေရန်နှင့် မှန်ကန်သေချာသော သတင်းအချက်အလက်များ ရယူတတ်ရန်လည်း လိုသည်။ မိမိတို့ဝန်ထမ်းများ၏ လုပ်ငန်းအပေါ် တက်ကြွစွာ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ စေ့စပ်သေချာခြင်း၊ တန်ဖိုးထားမြတ်နိုးတတ်ခြင်း စသည့် အရည်အသွေးများရှိစေရန်လည်း ပျိုးထောင်ပေးထားရမည်။ ပြည်တွင်းဈေးကွက်သာမကဘဲ ပြည်ပဈေးကွက်များထိပါ ထိုးဖောက်သုတေသန ပြုထားရပေမည်။

ဥပမာပေးရလျှင် မြန်မာနိုင်ငံရှိ တောင်သူလယ်သမားများအတွက် ဈေးကွက်သုတေသနဌာန သီးသန့်ရှိနေသင့်သည်။ ဆိုလိုရင်းမှာ အရပ်အပြောအရ လူအင်အားကြီးနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံကြားတွင် နယ်စပ်ထိစပ်လျက် ကုန်သွယ်မှုပြုနိုင်သည့် အနေအထားတွင် အပတ်စဉ်၊ လစဉ်၊ နှစ်စဉ် ယင်းနိုင်ငံတို့တွင် ဖြစ်ပေါ်လျက်ရှိသော ရာသီဥတု အခြေအနေ၊ စိုက်ပျိုးသည့်သီးနှံအခြေအနေ၊ စားသုံးသူများ၏ မည်သည့်ထွက်ကုန်/ ထုတ်ကုန်အပေါ် အာရုံစိုက်မှု၊ တောင့်တမှု၊ ဝယ်လိုအားရှိနိုင်/ မရှိနိုင်စသည့် အချက်များကို မြန်မာနိုင်ငံ တောင်သူများသို့ မည်သည့်သီးနှံစိုက်ပျိုးပါက တရုတ်/အိန္ဒိယနိုင်ငံများသို့ မည့်သည့်လ၊ မည့်သည့်အချိန်တွင် တင်ပို့နိုင်ရန် မည့်သည့်သီးနှံ စိုက်သင့်သည်ဟူသော သတင်းအချက်အလက် ဈေးကွက်သုတေသန ပြုလုပ်ပေးနိုင်မည်ဆိုလျှင် အကျိုးများစွာရှိနိုင်ပေမည်။ အဓိကမှာ စိုက်ပျိုးသီးနှံ ထွက်ကုန်/ ထုတ်ကုန်များအား ဖြန့်ပေးမည့် ဈေးကွက်အလားအလာများကို သေချာစနစ်တကျ တွက်ချက်တတ်ပါမှသာ ပြည်တွင်း/ ပြည်ပဈေးကွက်ကောင်းများရရှိပြီး ဝင်ငွေတိုးပေလိမ့်မည်။

ဈေးကွက်သုတေသနလုပ်ရာတွင် မိမိတို့ ထွက်ကုန်/ ထုတ်ကုန်များ၏ အရည်အသွေး အာမခံမှုများအပြင် မိမိတို့တင်ပို့မည့် နိုင်ငံအနေအထား စံသတ်မှတ်ချက်များကိုပါ ကြိုတင်ဖြန့်ဝေထားကြရမည်။ ထို့အတူ စဉ်ဆက်မပြတ်လေ့လာမှုများလည်း လိုအပ်ပေသည်။ မိမိတို့ ဖြန့်ချိ ရောင်းဝယ်ထားသော ကုန်ပစ္စည်းအပေါ် တုံ့ပြန်မှုများ၊ အားသာချက်/အားနည်းချက်များကို စနစ်တကျ စစ်တမ်းကောက်ယူဆောင်ရွက်ရပေမည်။ ထို့အတူ မိမိဖြန့်ချိမည့် ဈေးကွက်ယခင်၊ ယခု၊ နောင်ကုန်ပစ္စည်းတူများ ဖြန့်ချိရောက်ရှိလာမှု၊ ဈေးကွက်ဝင်ရောက်မှုများကိုပါ သတင်းအချက်အလက်မှန်မှန်ကန်ကန်ဖြင့် ဈေးကွက်သုတေသန ပြုလုပ်ထားသင့်ပြီး မိမိကုန်ပစ္စည်း ရောင်းလိုအား/ ဝယ်လိုအား ကျမသွားစေမည့် နည်းလမ်းကောင်းများကို သေချာပြုစု လိုက်နာကျင့်သုံးကြရပေမည်။

မိမိယှဉ်ပြိုင်နိုင်စွမ်းအား မိမိ၏ဈေးကွက်အလားအလာကို သိထားခြင်း၊ သုတေသန စဉ်ဆက်မပြတ် ပြုလုပ်ထားခြင်း၊ သေချာကောက်ယူပြုပြင် အသုံးချခြင်းတို့ဖြင့် မြှင့်တင်ရပေမည်။ ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး အရည်အသွေးအာမခံကာ မိမိထွက်ကုန်ရောင်းလိုအား မြှင့်တင်နိုင်မှသာ ဝယ်လိုအားကို မကျဆင်းအောင် ထိန်းထားနိုင်မည် ဖြစ်သည်။ ဈေးကွက်လိုအပ်ချက်ကို အချိန်မီ ပံ့ပိုးပေးနိုင်ခြင်းသည်လည်း ယှဉ်ပြိုင်နိုင်စွမ်းရှိသော အခြေအနေသို့ ရောက်ရှိနိုင်ရန် အထူးပံ့ပိုးပေးနိုင်မည်ဖြစ်သည်။

## ဈေးကွက်ရှာရာဝယ်

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဈေးကွက်ရှာဖွေရာတွင် မိမိထွက်ကုန်ပစ္စည်း ဖြန့်ဖြူး ရောင်းချမည့်နေရာ၊ ရည်မှန်းအသက်အပိုင်းအခြားဈေးကွက်နှင့် အခြားကုမ္ပဏီ

သို့မဟုတ် နိုင်ငံများမှ ထုတ်ကုန်များ ယှဉ်ပြိုင်လျက်ရှိနေသော ဈေးကွက်ဟုတ်မဟုတ်စသည့် အခြေခံအချက်များပေါ် မူတည်၍ ကုမ္ပဏီတစ်ခုခုကဖြစ်စေ သို့မဟုတ် နိုင်ငံတော်မှဖြစ်စေ နိုင်ငံ့ထုတ်ကုန်/ ထွက်ကုန်များကို မဟာဗျူဟာချထား၍ ပြည်တွင်းပြည်ပဈေးကွက်များသို့ ဖြန့်ဖြူးမည့် ပုံစံများကို အကောင်အထည်ဖော် လုပ်ဆောင်ကြရပေမည်။

စက်မှုတော်လှန်ရေး နောက်ပိုင်းကာလများတွင် ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံများကိုကြည့်လျှင် စက်မှုအခြေခံလုပ်ငန်းများကို အကောင်အထည်ဖော် လုပ်ဆောင်နိုင်ခဲ့ရုံမျှမက စက်ရုံထုတ်ကုန်များကို ဖြန့်းပေးမည့် ဝယ်လိုအားများရှိရာ ဈေးကွက်များကို ရည်မှန်းပန်းတိုင်ထား ရှာဖွေ ဖြန့်ဖြူးခဲ့သည်ကို တွေ့ကြရမည်ဖြစ်သည်။ ထွက်ကုန်/ထုတ်ကုန် မည်မျှထုတ်လုပ်နိုင်စေဦး၊ အရည်အသွေးအာမခံမှု မည်မျှပင်ရှိစေဦး မိမိတို့ဈေးကွက်ချဲ့ထွင်နိုင်မှုသည် ပြည်တွင်းပြည်ပတွင် လက်ဦးမှု၊ စားသုံးသူတို့၏ နှစ်သက်လက်ခံမှု၊ ဈေးကွက်မရဘဲ အောင်မြင်ခဲ့သည်မရှိခဲ့ပေ။ ထို့ကြောင့် မိမိတို့ကုန်ပစ္စည်းများအတွက် ဈေးကွက်တစ်ခုရနိုင်ရန် အသေအချာသုတေသနပြု ရှာဖွေနိုင်ရန် အရေးကြီးပေသည်။

ကမ္ဘာကျော်ကုမ္ပဏီများသည် ယင်းတို့၏ထုတ်ကုန်ပစ္စည်းများကို အခြားနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်တော့မည်ဆိုလျှင် အခြေချထုတ်လုပ်မည့် ပြည်တွင်းဈေးကွက်အပါအဝင် ပြန်လည်တင်ပို့လျှင် ရရှိနိုင်မည့် အခွင့်အလမ်းနှင့် အနေအထားများကို နှစ်ချီသုတေသနပြုပြီးမှသာ လာရောက်လေ့ရှိသည်။ ဥပမာအားဖြင့် စာရေးသူ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တွင် တာဝန်ကျစဉ်အခါက ကမ္ဘာကျော် ဖို့ဒ်ကားကုမ္ပဏီ၏ တင်ပြမှုကို နားထောင်ခဲ့ရာတွင် ကုမ္ပဏီအနေဖြင့် မြန်မာပြည်တွင် လာရောက်ထုတ်လုပ်တပ်ဆင်ရန် ရည်ရွယ်ချက်ရှိကတည်းက မြန်မာနိုင်ငံတွင် နေ့စဉ် ပြည်သူများ အသုံးပြုနေသော ဓာတ်ဆီတွင်ပါဝင်နေသော သတ္တုများ၊ တင်သွင်းရောင်းချနေသော အရည်အသွေးနှင့် ရောင်းချမှုစနစ်နှင့် ယင်းတို့၏ စက်ရုံထုတ် ကားအင်ဂျင်သုံး သံမဏိတို့၏ ဓာတ်ပြုနိုင်မှု/တာရှည်အသုံးခံနိုင်မှု ရှိ/မရှိ အပါအဝင် မြန်မာနိုင်ငံနှင့် ကိုက်ညီသည့် အနေအထားတစ်ခု ထုတ်လုပ်နိုင်ရန် အချိန်များစွာ သုတေသနပြုထားသည့်အပြင် မြန်မာနိုင်ငံ၏ လမ်းမများအဆင့်အတန်းနှင့် ကိုက်ညီမည့် ကားအစိတ်အပိုင်းများ ထုတ်လုပ်တပ်ဆင်နိုင်ရန် အတွက် စနစ်တကျ တွက်ချက်တင်ပြပြီး မြန်မာ့ဈေးကွက်ကို အောင်မြင်စွာ ထိုးဖောက်နိုင်ရန် သုတေသနများစွာ ပြုလုပ်ထားကြောင်း တင်ပြခဲ့သည်ကို လေ့လာလိုက်ရသည်။ ထို့အတူ ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများ မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှု မလာရောက်ခင် ကနဦး ကြိုတင်လေ့လာမှုများစွာဖြင့် သုတေသနပြုခြင်း၊ လေ့လာစူးစမ်းခြင်းများ ပြုလုပ်ပြီးမှသာ လာရောက်သည်ကို တွေ့ကြရမည်။

အလျဉ်းသင့်၍ အိမ်နီးချင်းတရုတ်နိုင်ငံ၏ ဈေးကွက်ရှာဖွေပုံ / ဖြန့်ဖြူးပုံစနစ်ကို တင်ပြလိုပါသည်။ ယခုအခါ ဖွံ့ဖြိုးဆဲနိုင်ငံအဆင့်သာ ရှိသေးသော်လည်း ကမ္ဘာ့ဒုတိယ စီးပွားရေး အင်အားကြီး နိုင်ငံတစ်ခုဖြစ်သည့် တရုတ်နိုင်ငံသည် ယင်းတို့ထုတ်ကုန် / ထွက်ကုန်များ၏ ဖြန့်ဖြူးရာဈေးကွက်သည် ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်နေသေးသော နိုင်ငံများကို ရည်ရွယ်ရင်းဖြစ်သကဲ့သို့ အမေရိကန်ကဲ့သို့သော ကြီးမားကျယ်ပြန့်သော ဈေးကွက်များ၊ ဥရောပဈေးကွက်များကိုလည်း လက်မလွှတ်ခဲ့ပေ။ စာရေးသူငယ်စဉ်က ကြားဖူးနားဝရှိခဲ့သည့် အရပ်စကားတစ်ခုမှာ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံသားတို့၏ ဝယ်ယူနိုင်မှုအဆင့်ကို မူတည်လျက် မြန်မာအတွက် ထုတ်ကုန်ကို သီးသန့်ထုတ်လုပ်၍ ပို့သည်ဟူ၏။ ဥရောပသမဂ္ဂသို့ပို့လျှင် သတ်မှတ်စံ၊ အမေရိကန်သို့ပို့လျှင် အမေရိကန်ပြည်သူများ အသုံးပြုနိုင်သည့် စံ စသည် နိုင်ငံတစ်နိုင်ငံ၏ ဝယ်လိုအားအပေါ် သုတေသနပြုလျက် ပေါ့ပါးဈေးသက်သာ အသုံးပြုရလွယ်ကူသော ကုန်ပစ္စည်းများကို ထုတ်လုပ်သည်ကို တွေ့မြင်ရပေသည်။ မည်သို့ပင်ဆိုလျှင် တရုတ်တို့၏ ဈေးကွက်ရှာဖွေနိုင်မှု၊ ချဲ့ထွင်နိုင်မှုသည် နမူနာယူစရာများစွာအဖြစ် တည်ရှိနေသည်။ ထိုင်းထုတ်ကုန်ပစ္စည်းများသည် အရည်အသွေး အာမခံချက်ကောင်းပြီး ကြံ့ခိုင်သည်။ သို့ရာတွင် လက်ရှိမြန်မာနိုင်ငံတစ်ခုတည်းတွင်ပင် မြန်မာအခေါ် ယိုးဒယားဆိုင်ကယ် စီးနိုင်သည့်အရေအတွက်နှင့် တရုတ်နိုင်ငံထုတ်ဆိုင်ကယ် တံဆိပ်မျိုးစုံ စီးနိုင်သည့်အနေအထား အများကြီးကွာခြား နေသည်။ ပြီးခဲ့သည့်နှစ်များက မြန်မာနိုင်ငံတွင်း တရုတ် နိုင်ငံသားများ လာရောက်ဖွင့်လှစ်သည့် ၅၀၀၀ ကျပ်တန် အထည်ဆိုင်များ ဝင်ရောက်လာမှုကြောင့်

မြန်မာ့ချည်ထည် ဈေးကွက် ပျက်လုနီးပါးဖြစ်ခဲ့ရသည်ကို သတိထားရပေမည်။ စာရေးသူတရုတ်နိုင်ငံသို့ လေ့လာခွင့်သွားရောက် ခဲ့စဉ်က တရုတ်နိုင်ငံအနေဖြင့် ထုတ်လုပ်မှုကဏ္ဍကို အကြီးအကျယ်တိုးချဲ့ခဲ့ပြီး စက်ရုံများ အနေဖြင့် လည်ပတ် နေခြင်းသည် စက်ရုံရပ်နားသည်ထက် အကျိုးပိုများနေ သည့်အတွက် စက်ရုံများကို ရပ်နားနိုင်ခြင်းမရှိဘဲ စဉ်ဆက် မပြတ် ထုတ်လုပ်နေရသည်။ ထွက်ရှိလာသော ထုတ်ကုန် ပစ္စည်းများ ဖြန့်ဖြူးပေးမည့် ဈေးကွက်များလည်း များစွာ လိုအပ်နေသည့်အလျောက် နိုင်ငံတော်အစိုးရမှလည်း ဈေးကွက်အကျိုးဆောင်အဖွဲ့များ ဖွဲ့စည်းပေးထားပြီး ကမ္ဘာ့ပတ်ရှာဖွေစေသည်ကို တွေ့ရှိလေ့လာခဲ့ရသည်။ နိုင်ငံတော်မှလည်း စနစ်တကျ မိမိတို့လုပ်ငန်းများအတွက် ဈေးကွက်ရှာဖွေပေးသည်ကို သတိပြုမိစေချင်သည်။

ထိုသို့ဆိုလျှင် အရည်အသွေးမြင့် မည်သည့် ထုတ်ကုန်/ထွက်ကုန်မဆို ထုတ်လုပ်နိုင်စေကာမူ ဈေးကွက်မရှိပါက ရင်းနှီးစိုက်ထုတ်မှုသက်သက်သာ ဖြစ်သွားမည်ဖြစ်ပြီး လည်ပတ်စီးဝင်အားလည်း ရပ်တန့်သွားပေမည်။ မိမိတို့လုပ်ငန်းလည်ပတ်မှုစွမ်းအားသည် ထုတ်ကုန်အရည်အသွေးသာမကဘဲ ဈေးကွက်ပေါ်တွင် အပြန်အလှန် မှီတည်နေသည်။

## အကြံပြုချက်နှင့် နိဂုံး

ကုမ္ပဏီတစ်ခု သို့မဟုတ် လယ်ယာထွက်ကုန်ပစ္စည်းများနှင့် နိုင်ငံ့ထုတ်ကုန်/ ထွက်ကုန် ပစ္စည်းများကို ပြည်တွင်း/ပြည်ပဈေးကွက်များသို့ ဖြန့်ချိနိုင်ရေး၊ အရည်အသွေးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးနှင့် သုတေသနလုပ်ငန်းများ (အရည်အသွေးအာမခံမှု သုတေသန၊ ဈေးကွက်သုတေသနများ၊ နိုင်ငံတကာစောင့်ကြည့် သုတေသနလုပ်ငန်းများ)ကို နိုင်ငံတော်မှ စီမံချက်ထား လုပ်ဆောင်သင့်ပြီး ပြည်ပဈေးကွက်များအထိ ချဲ့ထွင်နိုင်အောင် လုပ်ဆောင်ရာတွင်လည်း နိုင်ငံတော်မှ ပေါ်လစီများ ချမှတ်အကောင်အထည်ဖော်၍ ရည်မှန်းပန်းတိုင်သို့ ရောက်ရှိအောင် လုပ်ဆောင်သင့်လှပါသည်။

အချို့သော သတိမူရမည့်အချက်များစွာ ရှိနေသည်ကိုလည်း မမေ့သင့်ပေ။ ရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ ကုမ္ပဏီဥပဒေသစ်များထွက်ပေါ်၍ အသုံးပြုလာချိန်တွင် ပြည်တွင်းဈေးကွက် အခိုင်အမာရရှိထားသော ဈေးကွက်ဝင် ကုန်အမှတ်တံဆိပ်များ၊ အရည်အသွေးအသိအမှတ်ပြုပြီးသော ဈေးကွက်ဝင်ကုန်ပစ္စည်းများအား ဖက်စပ်ပြုလျက် ကုန်အမှတ်တံဆိပ် ဝါးမြိုခံရနိုင်ချေများ၊ လက်ရှိရှိပြီးသား ပြည်တွင်းဈေးကွက်အား အသုံးချလုယူခံရခြင်းများ ရှိလာနိုင်သည်ကို သတိပြုကြရပေလိမ့်မည်။ သို့ရာတွင် မည်သည့်အရာတွင်မဆို တန်းတူညီမျှ သုံးသပ်မှုဝေကြရမည့် အခွင့်အရေးများရှိသည်ကိုလည်း မမေ့အပ်ပေ။

စာရေးသူအနေဖြင့် ယခုအခါ နိုင်ငံတွင်းရှိ ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် ယင်းတို့၏ ထုတ်ကုန်ပစ္စည်းများ ရောင်းချမည့်ဈေးကွက် ရှာဖွေရခက်ခဲနေသည်ကို သတိမူမိသည့်အပြင် ခရီးသွားလုပ်ငန်းများ တိုးမြှင့်လျက် ဒေသန္တရ ထွက်ကုန်/ရိုးရာအဝတ်အထည်များနှင့် လက်မှု ပညာသုံး ထုတ်ကုန်ပစ္စည်းများ ရောင်းချမှု ဈေးကွက်ရှာနည်းကို ကြိုးဆိုကြရမည်လည်းဖြစ်သည်။ သို့ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဈေးကွက်လိုအပ်ချက်ရှာဖွေမှုနှင့် စီးပွားရေး လုပ်ငန်းရှင်များ လှုပ်သာကိုင်သာအောင် မူများ ချမှတ် အကောင်အထည်ဖော်နေမှုများကို နမူနာယူကာ ကောင်းတာယူ မကောင်းတာပယ်လျက် ပြည်တွင်းဈေးကွက် ပိုင်ဆိုင်နိုင်မှုအပြင် ပြည်ပနိုင်ငံများသို့တိုင် ထိုးဖောက်ဈေးကွက်ရှာဖွေနိုင်ကြစေရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

# အလားအလာကောင်းသော အာဆီယံတွင် စီးပွားရေးလုပ်ငန်းများ လုပ်ငန်းတိုးချဲ့ရန် အခက်အခဲများနှင့် ရင်ဆိုင်နေရ

| သိန်းမြင့်ဝေ |

စီးပွားရေးလုပ်ငန်းများ သို့မဟုတ် ကုမ္ပဏီများသည် အရှေ့တောင်အာရှဒေသတွင်ရှိသော စီးပွားရေးတိုးတက်မှု အလားအလာကောင်းများကို ရယူအသုံးချရန် စိတ်အားထက်သန်နေကြသည်။ သို့သော်လည်း ၄င်းတို့သည် အရှေ့တောင်အာရှဒေသတွင် လုပ်ငန်းတိုးချဲ့ရန်အတွက် အဓိကအခက်အခဲ (၃) မျိုးကို ရင်ဆိုင်နေရကြောင်း စစ်တမ်းတစ်ခုတွင် ဖော်ပြထားသည်။ ပထမအချက်မှာ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်း အဟန့်အတားများ (Rules and regulatory barriers) ကို ကျော်လွှားရန် ခက်ခဲခြင်းဖြစ်သည်။ ဒုတိယအခက်အခဲမှာ သင့်လျော်သော စီးပွားရေးလုပ်ငန်းမိတ်ဖက်များ (Business partners) ရှာဖွေရန် မလွယ်ကူခြင်းဖြစ်သည်။ တတိယအချက်မှာ လုပ်ငန်းတိုးတက်မှုကို အထောက်အကူပြုမည့် ကျွမ်းကျင်ဝန်ထမ်း သို့မဟုတ် ကျွမ်းကျင်ပညာရှင် (Right talent) ငှားရမ်းရန် ခက်ခဲခြင်းဖြစ်သည်။

စင်ကာပူမီဒီယာကုမ္ပဏီတစ်ခုဖြစ်သော The Business Times နှင့် လန်ဒန်အခြေစိုက် နိုင်ငံတကာဘဏ်လုပ်ငန်းတစ်ခုဖြစ်သော Standard Chartered Bank တို့ ပူးပေါင်းပြီး စစ်တမ်းတစ်ခု ပြုလုပ်ခဲ့သည်။ ၄င်းစစ်တမ်းအရ ကုမ္ပဏီလုပ်ငန်းရှင် ၅ ဦးကို မေးမြန်းရာတွင် ၄ ဦးမှာ "ကျွန်တော်တို့ကုမ္ပဏီဟာ လာမယ့် ၃ နှစ်ကနေ ၅ နှစ်အတွင်း အာဆီယံဈေးကွက်မှာ လုပ်ငန်းတိုးချဲ့ဖို့ပြင်ဆင်နေပါတယ်" ဟူ၍ ဖြေဆိုပါသည်။



အထက်ပါလုပ်ငန်းရှင်များသည် အာဆီယံ၏ တိုးတက်မှုအလားအလာကောင်းများကို အသိအမှတ်ပြုလျက်ရှိကြောင်း တွေ့ရှိရသည်။ သို့သော်လည်း အာဆီယံဈေးကွက်အတွင်း လုပ်ငန်း ချိတ်ဆက်မှု တိုးတက်လာစေရန်အတွက် များစွာလုပ်ဆောင်ရန် လိုအပ်နေကြောင်း၊ အခက်အခဲများရှိနေကြောင်း စစ်တမ်းဖြေဆိုသူများက ပြောကြားနေသည်။ အထက်ဖော်ပြပါ မီဒီယာနှင့် ဘဏ်တို့ပူးပေါင်းပြီး အာဆီယံစီးပွားရေးလုပ်ငန်းစု အမျိုးမျိုးမှ ခေါင်းဆောင်နှင့် လုပ်ငန်းပိုင်ရှင် ၁၂၉ ဦးကို တွေ့ဆုံပြီး ၂၀၁၈ ခုနှစ်၊ မေလတွင် စစ်တမ်းကောက်ယူခဲ့ပါသည်။ စစ်တမ်း၏အမည်မှာ The Business Times-Standard Chartered Leaders' Survey 2018 ဖြစ်ပါသည်။ အွန်လိုင်းစစ်တမ်း (Online survey)ကိုလည်း ၂၀၁၈ ခုနှစ်၊ မတ်လနှင့် ဧပြီလတို့တွင် ပြုလုပ်ခဲ့ပါသည်။

စစ်တမ်းဖြေဆိုသူအများစုမှာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (Small and medium-sized companies) ဖြစ်ကြသည်။ ၄၃ ရာခိုင်နှုန်းသော အသေးစားနှင့် အလတ်စားကုမ္ပဏီများသည် ၎င်းတို့၏ နှစ်စဉ်ဝင်ငွေမှာ စင်ကာပူဒေါ်လာ ၁၀ သန်းအောက်တွင် ရှိကြောင်း၊ ၁၇ ရာခိုင်နှုန်းသော လုပ်ငန်းများသည် ယင်းတို့၏ ရောင်းရငွေမှာ စင်ကာပူဒေါ်လာ ၁၀ သန်းနှင့် သန်း ၅၀ ကြားတွင်ရှိကြောင်း၊ ၇ ရာခိုင်နှုန်းသော လုပ်ငန်းများသည် ၎င်းတို့၏ နှစ်စဉ်ဝင်ငွေမှာ စင်ကာပူဒေါ်လာသန်း ၅၀ မှ ၉၉ သန်းထိရှိကြောင်း အသီးသီး ဖြေဆိုကြသည်။

ထို့နောက် စီးပွားရေးလုပ်ငန်းကြီးများကို မေးမြန်းရာတွင် ၁၆ ရာခိုင်နှုန်းသော ကုမ္ပဏီကြီးများက ၎င်းတို့၏ လုပ်ငန်းလည်ပတ်ငွေမှာ စင်ကာပူဒေါ်လာ တစ်ဘီလီယံကျော်လွန်ကြောင်း ဖြေကြားသည်။ ၇ ရာခိုင်နှုန်းသော လုပ်ငန်းကြီးများက ယင်းတို့၏ နှစ်စဉ်ရောင်းရငွေမှာ စင်ကာပူဒေါ်လာသန်း ၅၀၀ မှ ၉၉၉ သန်းထိရှိကြောင်း၊ ၉ ရာခိုင်နှုန်းသော လုပ်ငန်းကြီးများကနှစ်စဉ်ရောင်းရငွေ စင်ကာပူဒေါ်လာသန်း ၁၀၀ မှ ၄၉၉ သန်းထိရှိကြောင်း ဖြေဆိုကြပါသည်။

စစ်တမ်းဖြေဆိုသူ လုပ်ငန်းရှင်အားလုံးနီးပါး (၉၂ ရာခိုင်နှုန်း) သည် စင်ကာပူနိုင်ငံတွင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေကြပါသည်။ နောက်ထပ်လူကြိုက်များသောဈေးကွက်မှာ မလေးရှားဖြစ်ပြီး ၅၄ ရာခိုင်နှုန်းရှိပါသည်။ စင်ကာပူနှင့် မလေးရှားပြီးနောက် လူကြိုက်များသောဈေးကွက်များမှာ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်တို့ဖြစ်သည်။

၂၀၁၈ ခုနှစ်၊ မေလ တတိယပတ်တွင် စင်ကာပူနိုင်ငံ၌ပြုလုပ်ခဲ့သော The Business Times Leaders' Forum ဆွေးနွေးပွဲ၏ တွေ့ရှိချက်မှာ 'အာဆီယံက ကမ်းလှမ်းသော စီးပွားရေးလုပ်ငန်း အဆိုပြုချက်သည် ရှင်းရှင်းလင်းလင်း ရှိသည်' ဟူ၍ဖြစ်သည်။ စစ်တမ်း ဖြေဆိုသူများ၏ ပြောကြားချက်အရ ကုမ္ပဏီ ၅၀ ရာခိုင်နှုန်းခန့်သည် စင်ကာပူမဟုတ်သော အခြားအာဆီယံဈေးကွက်များတွင် လုပ်ငန်းတိုးချဲ့ရန် စိတ်ဝင်စားကြောင်း သိရှိရသည်။ ထို့ကြောင့် လုပ်ငန်းရှင်များသည် အာဆီယံဈေးကွက်အတွင်း လုပ်ငန်းများတိုးချဲ့လိုကြောင်း ထင်ထင်ရှားရှား တွေ့ရပါသည်။

အင်ဒိုနီးရှားဈေးကွက်သည် ထိပ်တန်းဦးစားပေးဈေးကွက်ဖြစ်ကြောင်း၊ တစ်နှစ်အတွင်း အင်ဒိုနီးရှားဈေးကွက်တွင် လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်တမ်းဖြေဆိုသူ ၃၄ ရာခိုင်နှုန်းက ပြောကြားသည်။ ထို့နောက် လူကြိုက်များသော ဈေးကွက်များမှာ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်တို့ဖြစ်သည်။ အချို့ဖြေဆိုသူများကလည်း မြန်မာနှင့် ကမ္ဘောဒီးယားကဲ့သို့သော ထွန်းသစ်စဈေးကွက် (Emerging markets)ကို မျက်စိကျလျက်ရှိကြောင်း ပြောကြားပါသည်။

ထိုကဲ့သို့ အာဆီယံဈေးကွက်များအတွင်း ကုမ္ပဏီများက လုပ်ငန်းတိုးချဲ့ရန် စိတ်ဝင်စားနေရခြင်းမှာ အကြောင်းရင်း ၂ မျိုးကြောင့် ဖြစ်သည်။ ပထမအကြောင်းရင်းမှာ အဆိုပါဈေးကွက်များအတွင်း ပြည်တွင်းဝယ်လိုအား (Domestic demand) တိုးတက်နေခြင်းဖြစ်သည်။ ဒုတိယအချက်မှာ ကုန်စည်နှင့် ဝန်ဆောင်မှုတို့ကို ဝယ်ယူသော ဖောက်သည်၏ တောင်းဆိုမှုများ (Customer requests)မြင့်တက်နေခြင်းဖြစ်သည်။ ထို့ပြင် အရှေ့တောင်အာရှဒေသ၏ စီးပွားရေးတိုးနေခြင်း (Region's growing wealth)ကလည်း အာဆီယံဈေးကွက်အတွင်း ပိုမိုရင်းနှီးမြှုပ်နှံရန် အခါကလှို့ဆော်ပေးသည့် အချက်တစ်ချက်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ထို့မှ

သာမက အရှေ့မြောက်အာရှမှ ကမ္ဘာ့ဈေးကွက်သို့ တင်ပို့လျက်ရှိသော နိုင်ငံကြီးများ (Global exporters from Northeast Asia) ကလည်း အရှေ့တောင်အာရှဈေးကွက်အတွင်း လုပ်ငန်း တိုးချဲ့ရင်းနှီးမြှုပ်နှံရန် အာရုံစိုက်နေခြင်းမှာ အလွန်စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။

သို့သော်လည်း စစ်တမ်း၏ ၂၀ ရာခိုင်နှုန်းသော ဖြေကြားသူများက ၎င်းတို့ကုမ္ပဏီသည် လာမည့် ၃ နှစ်မှ ၅ နှစ်အတွင်း အာဆီယံဈေးကွက်တွင် လုပ်ငန်းချဲ့ထွင်ရန် အစီအစဉ်မရှိကြောင်း ပြောဆိုပါသည်။ ထို့အတွက် အဓိက အကျဆုံး အကြောင်းရင်း ၂ ချက်ရှိပါသည်။ ပထမအချက်မှာ အခြားဈေးကွက်များ၏ ဆွဲဆောင်မှု ကောင်းမွန်ခြင်းဖြစ်သည်။ ဒုတိယအကြောင်းရင်းမှာ အာဆီယံဈေးကွက်အတွင်းရှိ လုပ်သားအင်အားကန့်သတ်ချက်များ (Manpower constraints) ဖြစ်ပါသည်။


အာဆီယံဈေးကွက်တွင် လက်ရှိစီးပွားရေးလုပ်ငန်း လုပ်ဆောင်လျက်ရှိသော ကုမ္ပဏီများ အနေဖြင့် စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်နေရကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။ အဆိုပါ ကုမ္ပဏီများ ထိပ်ဆုံးမှ ရင်ဆိုင်နေရသော စိန်ခေါ်မှု ၂ မျိုးရှိသည်။ ပထမတစ်မျိုးမှာ သက်ဆိုင်ရာ အာဆီယံဈေးကွက်များ၏ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းအဟန့်အတားများ (Barriers on local rules and regulations) ဖြစ်သည်။ ဒုတိယစိန်ခေါ်မှုမှာ သင့်လျော်သော စီးပွားရေးလုပ်ငန်းမိတ်ဖက်များ (Suitable business partners) ရှာဖွေရန် ခက်ခဲခြင်းဖြစ်ပါသည်။

အရှေ့တောင်အာရှဒေသသည် အာဆီယံစီးပွားရေးအသိုက်အဝန်း (Asean Economic Community-AEC) ကို ပုံဖော်ရန် ကြိုးပမ်းနေသော်လည်း ပေါင်းစည်းမှု အားနည်းနေကြောင်း၊ အစိုးရဌာနများကြားတွင် လည်းကောင်း၊ လုပ်ငန်းများကြားတွင်လည်းကောင်း ပိုမိုပူးပေါင်း ဆောင်ရွက်ရန် တိုက်တွန်းနေရဆဲဖြစ်ကြောင်း စစ်တမ်းတွင် ဖြေဆိုထားကြပါသည်။ "အာဆီယံမှာ အခွင့်အလမ်းတွေအများကြီးရှိပါတယ်။ ဒါပေမဲ့ ဒေသတစ်ဝန်းမှာ ကုမ္ပဏီတွေပိုပြီး ချောချောမွေ့မွေ့လုပ်ဆောင်နိုင်ဖို့ အစိုးရတွေက ပံ့ပိုးပေးဖို့ လိုအပ်နေပါတယ်" ဟူ၍ ဖြေဆိုသူတစ်ဦးက ပြောကြားထားသည်။ "အာဆီယံမှာ အလားအလာတွေအများကြီးပါ။ ဒါပေမဲ့ လုပ်ငန်းတိုးတက်ဖို့အတွက် ရည်မှန်းချက်၊ လုပ်ငန်းစီမံချက်တွေနဲ့ပတ်သက်ပြီး ညှိနှိုင်းပေါင်းစပ်မှု မရှိပါဘူး။ ဒါကြောင့် ကျွန်တော်တို့ မတိုးတက်တာ။ လူတိုင်းက ကိုယ့်အတွက်ပဲ ကိုယ်ကြည့်ပြီး လုပ်နေကြတယ်။ ချိတ်ဆက်မှု အားနည်းတယ်။ အလားအလာရှိပြီး ရှေ့မတိုးဘူး ဖြစ်နေတယ်။ ပိုပြီးကြိုးစားဖို့လိုပါတယ်" ဟူ၍ အခြားဖြေဆိုသူတစ်ဦးက ပြောကြားပါသည်။

"အခြေခံအဆောက်အအုံနဲ့ ချိတ်ဆက်မှု (Infrastructure and connectivity) တို့ဟာ အာဆီယံနိုင်ငံအတော်များများအတွက် စီးပွားရေးတိုးတက်စေတဲ့အချက် (Enabler) ဖြစ်သလို စီးပွားရေးတိုးတက်မှုအတွက် အဟန့်အတား (Bottleneck) လည်း ဖြစ်စေနိုင်ပါတယ်" ဟူ၍ နောက်ထပ် စစ်တမ်းဖြေဆိုသူတစ်ဦးက သုံးသပ်ပြောကြားထားသည်။

ထို့ကြောင့် အာဆီယံဈေးကွက်တွင် လုပ်ငန်းတိုးချဲ့ရင်းနှီးမြှုပ်နှံကြမည့် လုပ်ငန်းရှင် သို့မဟုတ် ကုမ္ပဏီများအတွက် နည်းလမ်း ၂ သွယ်ဖြင့် ကူညီပေးနိုင်ကြောင်း တွေ့ရသည်။ ပထမ နည်းလမ်းမှာ ၎င်းတို့အား အာဆီယံဈေးကွက်ဆိုင်ရာ အသေးစိတ်ဗဟုသုတများ (In-depth market insights) ဖြည့်ဆည်းပေးပြီး အာဆီယံဈေးကွက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စီးပွားရေးလုပ်ငန်းကျင့်ထုံးများ (Local regulations and business practices) ကို နားလည်စေရန် ကူညီပေးခြင်းဖြစ်သည်။ ဒုတိယအချက်မှာ ၎င်းတို့ကြိုက်နှစ်သက်သော ဈေးကွက်သို့ ဝင်ရောက်နိုင်ရေး အထောက်အကူပြုရန်အတွက် ကြီးမားသည့် နိုင်ငံတကာ ကွန်ရက် (Extensive international network) နှင့် ချိတ်ဆက်ပေးရန် ဖြစ်ပါသည်။

Source: businesstimes.com.sg



# အိန္ဒိယနိုင်ငံ၏ အရှေ့မျှော် မူဝါဒနှင့် မြန်မာနိုင်ငံအပေါ် အကျိုးသက်ရောက်မှု

ဒေါက်တာပင်လုံအေး

မြန်မာနိုင်ငံသည် ပထဝီတည်နေရာအနေအထားအရ အာရှတိုက်၏ အဓိက အင်အားကြီး (၃) နိုင်ငံဆုံရာဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အရှေ့တောင်အာရှ နိုင်ငံစု၏ အလယ်ဗဟိုတွင် တည်ရှိသည်။ ထို့ပြင် အာရှတိုက်၏ မဟာဗျူဟာဟန်ချက် Strategic Centre of Gravity အဖြစ်တည်ရှိကာ ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းအား လွှမ်းမိုးနိုင်သည့် အခြေအနေအား ပိုင်ဆိုင်သောကြောင့် ကမ္ဘာ့အရှေ့နှင့် အနောက်ဘက်ခြမ်းသို့ ဆက်သွယ်သော ပင်လယ်ရေကြောင်းကို ထိန်းချုပ်နိုင်ပြီး စီးပွားရေးအရ မဟာဗျူဟာကျသော အနေအထားအား ပိုင်ဆိုင်ထားပါသည်။

အိမ်နီးချင်းနိုင်ငံများအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိပြီး အနောက်ဘက်ခြမ်းနယ်နိမိတ်အား အလေးထားဖော်ပြရသော် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ၁၆၉ မိုင်၊ အိန္ဒိယနိုင်ငံ၏ အရှေ့မြောက်ဖျားနှင့် ၉၀၃ မိုင် ထိစပ်လျက်ရှိသည်။ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံအတွက် ၎င်းတို့၏ အရှေ့မြောက်ဖျားဒေသဖွံ့ဖြိုး တိုးတက်ရန်နှင့် အရှေ့တောင်အာရှနိုင်ငံများမှတစ်ဆင့် အာရှနိုင်ငံများသို့ ချိတ်ဆက်နိုင်ရေးသည် အချက်အချာကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

## မြန်မာနိုင်ငံပေါ်ထားရှိသည့် အိန္ဒိယနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ

မြန်မာ– အိန္ဒိယနိုင်ငံ သံတမန်ဆက်ဆံရေးအား ၄.၁.၁၉၄၈ ခုနှစ်တွင် စတင်ခဲ့ပြီး ၁၉၈၈ ခုနှစ်၊ မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သော ဒီမိုကရေစီလှုပ်ရှားမှုတွင် ထောက်ခံအားပေးသော နိုင်ငံအဖြစ် ရပ်တည်ခဲ့ကာ နှစ်နိုင်ငံဆက်ဆံရေးသည် တပ်မတော်အစိုးရလက်ထက်တွင် ပုံမှန်ဆက်ဆံရေးမျှသာ ဖြစ်ခဲ့သည်။ သို့သော် မြန်မာနိုင်ငံသည် တရုတ်နိုင်ငံနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းမှုများကြောင့် အိန္ဒိယ နိုင်ငံသည် ၎င်းတို့၏ နိုင်ငံရေးမူဝါဒအား ပြောင်းလဲခဲ့သည်။

ထိုသို့ ပြောင်းလဲစေသည့် အဓိက အချက် (၃) ချက်မှာ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် မဟာဗျူဟာမြောက် တံတားသဖွယ် ချိတ်ဆက်ပေးနိုင်ခြင်း၊ အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းဒေသရှိ သောင်းကျန်းသူလက်နက်ကိုင်အဖွဲ့အစည်းများကြောင့် ဒေသတွင်း မတည်ငြိမ်မှုများဖြစ်ပေါ်ပြီး အဆိုပါအဖွဲ့အစည်းများသည် မြန်မာ့နယ်နိမိတ်တွင်းသို့ ဝင်ရောက်ခိုလှုံသည့်အတွက် မြန်မာစစ်အစိုးရနှင့် ပူးပေါင်း ချေမှုန်းလိုခြင်းနှင့် မြန်မာစစ်အစိုးရနှင့် တရုတ်နိုင်ငံကြား ကဏ္ဍစုံတွင် ကာလရှည်ကြာစွာ ဆက်သွယ်မှုသည် ဒေသတွင်းလုံခြုံရေးအား ခြိမ်းခြောက်လျက်ရှိသည်ဟု ယုံကြည်သည့်အတွက် ပါဝါအားထိန်းညှိရန် နှင့် မြန်မာနိုင်ငံနှင့် ပိုမိုချစ်ကြည်ရင်းနှီးမှု တည်ဆောက် ရန် ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။ ထိုကြောင့် အိန္ဒိယနိုင်ငံသည် ၎င်းတို့အကျိုးကျေးဇူးများရရှိမည့် အိန္ဒိယနိုင်ငံ၏ အရှေ့မျှော်မူဝါဒအား စတင်အကောင်အထည်ဖော်ခဲ့သည်။

## အိန္ဒိယနိုင်ငံ၏ အရှေ့မျှော်မူဝါဒ

၁၉၉၄ ခုနှစ်တွင် အိန္ဒိယဝန်ကြီးချုပ် P.V Narasimha Rao ၏စင်ကာပူခရီးစဉ်တွင် ပြောကြားခဲ့သော မိန့်ခွန်း၌ အိန္ဒိယအနေဖြင့် Asia-Pacific ဒေသတွင်း ပိုမိုပူးပေါင်းရန် ထည့်သွင်း ပြောကြားခဲ့ချိန်မှစ၍ မီဒီယာများမှ အိန္ဒိယ၏ အရှေ့မျှော်မူဝါဒ Looking East Policy-LEP ဟူသော စကားရပ်အား စတင်သုံးစွဲခဲ့ပြီး အဆိုပါဝေါဟာရကို သံတမန်များက ဆက်လက်ခေါ်ဆိုခဲ့ရာ အိန္ဒိယအစိုးရအနေဖြင့် ၂၀၀၄ မှစတင်၍ ယနေ့အထိ LEP အား တွင်ကျယ်စွာ အသုံးပြုခဲ့သည်။

## LEP ၏ ရည်ရွယ်ချက်

LEP ၏ မူလရည်မှန်းချက်မှာ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယနှင့် မြန်မာနိုင်ငံ (BCIM)အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုတိုးမြှင့်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်သွယ်ရေးကိုတိုးမြှင့်၍ တောင်အာရှ၊ အရှေ့တောင်အာရှ၊ အရှေ့အာရှနှင့် ပစိဖိတ်ဒေသသို့ တိုးချဲ့ဆောင်ရွက်သွားရန် ရည်ရွယ်သည်။ ထို့ပြင် တရုတ်နိုင်ငံနှင့် အမေရိကန်တို့၏ အားပြိုင်ရာတွင် ပါဝါဘက်ညီမှုရှိစေရန်၊ ခေတ်သစ် စစ်အေးတိုက်ပွဲ သို့မဟုတ် စစ်မက်ဖြစ်ပွားမှုကို တားဆီးနိုင်ရေးနှင့် အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် တရုတ်နိုင်ငံ၏ ဩဇာလွှမ်းမိုးမှုမှ လျှော့ချနိုင်ရေးအတွက် မြန်မာနိုင်ငံအစိုးရနှင့် ပိုမိုနီးကပ်မှုရရှိရန် ရည်ရွယ်အကောင်အထည်ဖော်လိုခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် LEP ကို အကောင်အထည်ဖော်သည့် ကာလသည် ဆယ်စုနှစ် (၃) စု ရှိခဲ့ပြီ ဖြစ်သည်။ ပထမဆယ်စုနှစ်ကို ၁၉၈၀ ခုနှစ်မှ ၁၉၉၂ ခုနှစ်ထိ သတ်မှတ်ပြီး Sectoral Dialogue များဖြင့် အိန္ဒိယအရှေ့ဖျားရှိ အိမ်နီးချင်းနိုင်ငံများနှင့် ကဏ္ဍစုံတွင် ပိုမိုနက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ ဒုတိယဆယ်စုနှစ်ဖြစ်သည့် ၁၉၉၂ ခုနှစ်မှ ၂၀၀၂ ခုနှစ်တွင် Summit-Level အဆင့် သဘောတူညီမှုများရရှိရန် ဆောင်

ရွက်ခဲ့ကြပြီး ၂၀၁၂ ခုနှစ်မှ စတင်၍ ယနေ့မျက်မှောက်ကာလ အတွင်း LEP အားကောင်းခိုင်မာရန်အတွက် အရှေ့တောင် အာရှနိုင်ငံများသာမက အာရှနိုင်ငံများဖြစ်သော တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံ တို့ကို မဟာမိတ်ပြုနိုင်ရေးအတွက် မဟာဗျူဟာကျသည့် မူဝါဒများအား ရေးဆွဲချမှတ်နိုင်ရန် အလေးထား ဆောင် ရွက်လျက်ရှိသည်။

## အိန္ဒိယနိုင်ငံ၏ စီးပွားရေးဆိုင်ရာဆွဲဆောင်မှုများ

အိန္ဒိယနိုင်ငံ၏ LEP အား အကောင်အထည်ဖော်ရာ တွင် ဆွဲဆောင်မှုတစ်ရပ်အနေဖြင့် အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ ထုတ်ကုန်များအား အမေရိကန်ဒေါ်လာ သန်း (၂၂၀) ခန့်ဝယ်ယူခဲ့ပြီး အကြီးဆုံးဝယ်လက်နိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။ ထို့ပြင် ၂၀၀၁ ခုနှစ်တွင် အိန္ဒိယ - မြန်မာ ချစ်ကြည်ရေးတံတား ဖွင့်လှစ်နိုင်ခဲ့ကာ အိန္ဒိယနိုင်ငံ၏ အရှေ့တောင်အာရှနိုင်ငံများသို့ ကုန်စည် ကူးသန်းနိုင်ရန် လမ်းဖွင့်ပေးနိုင်ခဲ့သည်။

## အိန္ဒိယနိုင်ငံ၏ ချေးငွေ၊ အကူအညီနှင့် နည်းပညာ အထောက်အပံ့

အိန္ဒိယနိုင်ငံအစိုးရသည် LEP အား အကောင် အထည်ဖော်ရန် မြန်မာနိုင်ငံသို့ ပို့ဆောင်ဆက်သွယ်ရေး၊ နိုင်ငံသားများ၏ အရည်အသွေးမြှင့်တင်ရေး၊ ကျန်းမာရေး နှင့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများတွင် ချေးငွေ၊ နည်းပညာအကူအညီ၊ အထောက်အပံ့များအား ပေးလျက် ရှိရာ ပို့ဆောင်ဆက်သွယ်ရေး စီမံကိန်းများအနေဖြင့် အိန္ဒိယ အရှေ့မြောက်ပိုင်း ကုန်းတွင်းပိတ်ဒေသအား ရေကြောင်းနှင့် ကုန်းတွင်းသယ်ယူပို့ဆောင်ရေးအတွက် အထောက်အကူပြု မည့် အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းများဖြစ်သော ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်း သယ်ယူပို့ ဆောင်ရေးစီမံကိန်း၊ စစ်တွေ၊ ပလက်ဝနှင့် ကလေးဝ ဆိပ်ကမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် ပလက်ဝ - ဇိုရမ်ပူရ် (၂) လမ်းသွား ဖောက်လုပ်ရေးစီမံကိန်းနှင့် အိန္ဒိယ - မြန်မာ- ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမ စီမံကိန်းအား အကောင် အထည်ဖော်ရာတွင် ကလေးဝ - ယာကြီး လမ်းပိုင်း အဆင့် မြှင့်တင်ရေးစီမံကိန်း၊ ရိဒ် - တီးတိန်လမ်း ဖောက်လုပ်ရေးနှင့် တမူး - ကျီကုန်း - ကလေးဝ လမ်းပေါ်ရှိ တံတား (၆၉) စင်း ကို အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိသည်။

နိုင်ငံသားများ၏ အရည်အသွေး မြှင့်တင်ရေး ကဏ္ဍတွင် မန္တလေးမြို့၌ မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ် Myanmar Institute of Information Technology (MIIT) တည်ဆောက်ခဲ့ခြင်း၊ နေပြည်တော် ရေဆင်းတက္ကသိုလ်တွင် စိုက်ပျိုးရေး သုတေသနနှင့် ပညာ ရေးဆိုင်ရာ အဆင့်မြင့်သင်တန်းကျောင်း I-M Advance Centre for Agricultural Research and Education (ACARE) နှင့် စပါးဗီဇ၊ ပခုက္ကူမြို့နှင့် မြင်းခြံမြို့တို့တွင် စက်မှုသင်တန်းကျောင်းများ ထူထောင်ခြင်း၊ မြင်းခြံ စက်မှု သင်တန်းကျောင်းဆောက်လုပ်ခြင်းတို့အား ဆောင်ရွက်ပေး ခဲ့သည်။

ကျန်းမာရေးကဏ္ဍတွင် ရန်ကုန်ကလေးဆေးရုံ ကြီးနှင့် စစ်တွေအထွေထွေရောဂါကုဆေးရုံကြီးတို့ကို အဆင့် မြှင့်တင်ခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် မုံရွာအထွေထွေ ရောဂါကုဆေးရုံကြီး အဆင့်မြှင့်တင်ခြင်းတို့အား ဆောင် ရွက်ပေးခဲ့သည်။ နယ်စပ်ဒေသဖွံ့ဖြိုးမှုကဏ္ဍတွင် ဖွံ့ဖြိုးမှု နောက်ကျသော ဒေသများ၌ စာသင်ကျောင်း၊ ကျန်းမာရေး စောင့်ရှောက်မှုစင်တာ၊ တံတားနှင့် လမ်းဖောက်လုပ်ခြင်း များတွင် အထောက်အပံ့များ ပေးအပ်လျက်ရှိသည်။

ထို့ပြင် အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက် စေရေးအတွက် ချေးငွေ အမေရိကန်ဒေါ်လာ သန်း (၅၀၀) အားပေးအပ်ခဲ့ပြီး အဆင့်မြှင့်စံပြလယ်ယာမြေဖော်ထုတ် ရေးလုပ်ငန်းနှင့် ဆည်ရေသောက်စနစ်လုပ်ငန်းများ၊ စက် ခေါင်းတွဲများနှင့် တွဲများ၊ သံလမ်းပြေးကရိန်းများ အရန် ပစ္စည်း ဝယ်ယူခြင်းနှင့် အဓိကတွဲပြင် စက်ရုံတို့အား အဆင့် မြှင့်တင်ခြင်း၊ ချင်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်း မိုက်ကရိုဝေ့ဗ် ဆက်ကြောင်း တည်ဆောက်ခြင်းလုပ်ငန်း၊ ရွှေဘို - မြစ်ကြီးနား - ပူတာအိုလမ်းနှင့် ကညင်တန်း - အလယ်သံကျော် - အင်ဂူမော်လမ်း စီမံကိန်းစသော လူထု အကျိုးပြုစီမံကိန်း လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

## LEP မှ ရရှိနိုင်သော အကျိုးသက်ရောက်မှုများ

မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ အာဆီယံသို့ ထွက်ပေါက်ဖြစ်ရာ အိန္ဒိယအစိုးရအနေဖြင့် မြန်မာနိုင်ငံနှင့် ကောင်းမွန်သော ဆက်ဆံရေးတည်ဆောက်ရန်မှာ အရေးပါသော အခန်းကဏ္ဍတွင် ရှိသည်။ ၁၉၆၀ ခုနှစ်အထိ အိန္ဒိယသည် မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်မှုမိတ်ဖက်ဖြစ်ခဲ့ရာ အိန္ဒိယအနေဖြင့် ထိုသို့ကုန်သွယ်မှုကို ပြန်လည်တည်ဆောက်လိုသည်။ ထို့ကြောင့် အိန္ဒိယအနေဖြင့် အဆိုပါ ဒေသတွင် LEP အား အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ နယ်စပ်ကုန်သွယ်မှုအား ဖြေလျှော့ခြင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး၊ ဘဏ်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ အာမခံလုပ်ငန်း၊ ကုန်စည်သိုလှောင်ရုံ အဆင့်မြှင့်တင်ခြင်း စသည်တို့ကို ဆောင်ရွက်နိုင်မည်ဆိုပါက ၎င်းတို့၏ အရှေ့မြောက်ဖျားဒေသအတွက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ အနောက်မြောက်ပိုင်းဒေသအတွက်လည်း အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာခြင်း၊ ကုန်သွယ်မှုမြှင့်တင်နိုင်ခြင်း၊ ယှဉ်ပြိုင်မှု မြင့်တက်လာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာခြင်း၊ လူ့စွမ်းအားရင်းမြစ်များ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများ မြင့်တက်လာခြင်းစသော ကောင်းကျိုးများ ရရှိမည်ဖြစ်သည်။

သို့သော် မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံနယ်စပ်အကြား နိုင်ငံရေးမတည်ငြိမ်မှုများသည် LEP အား အကောင်အထည်ဖော်ရန် ခက်ခဲလျက်ရှိသည်။ ယခင်ကာလများတွင် နယ်စပ်ရေးရာကိစ္စများ၌ ရန်ကုန်နှင့် နယူးဒေလီကြား တင်းမာမှုများ ရှိခဲ့သည်။ LEP သက်ဝင်လာပါက နယ်စပ်ဒေသတွင် မူးယစ်ဆေးဝါး၊ လက်နက်၊ သောင်းကျန်းသူများနှင့် အခြားတရားမဝင်ကုန်သွယ်မှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် ထည့်သွင်းစဉ်းစားရမည့် အခက်အခဲများဖြစ်ပါသည်။ နယ်စပ်ဖြတ်ကျော် ကူးစက်ရောဂါများ ဝင်ရောက်လာနိုင်သဖြင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးလုံခြုံစိတ်ချမှုအား ခြိမ်းခြောက်လာမည်ဖြစ်သည်။ ထို့ပြင် ခလေ့စရိုက်မတူသော လူမျိုးရေးပြဿနာများ၏ ရိုက်ခတ်မှုများ၊ တရားမဝင် ဝင်ရောက်နေထိုင်မှုများနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

## နိဂုံး

အိန္ဒိယနိုင်ငံသည် ၎င်းတို့၏နိုင်ငံရေးစနစ်ကို အခြေအနေအလိုက် ပြောင်းလဲကျင့်သုံးလျက်ရှိသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့် မိမိတို့၏နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိမ်နီးချင်းနိုင်ငံနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ထိခိုက်နစ်နာစေမည့်အကြောင်းအချက်များအား သတိကြီးစွာ ရှောင်ရှား၍ အိန္ဒိယ၏ LEP မှဖြစ်ပေါ်လာနိုင်သော အခက်အခဲများနှင့် အကျိုးကျေးဇူးများကို ကြိုတင်တွက်ဆကာ မူဝါဒများရေးဆွဲပြီး ပြင်ဆင်မှုများ ဆောင်ရွက်သင့်ပါသည်။

## မှီငြမ်း


၁။ A critical Evaluation of India's Engagement with Myanmar; Professor Baladas Ghoshal

၂။ BCIM People- People: BCIM-EC JOINT STUDY GROUP: India

၃။ Socio-Economic Impact Of Act East Policy In Northeastern Region; Partakson Romun Chiru

၄။ ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ ပထဝီနိုင်ငံရေး သင်ခန်းစာပို့ချမှု


■

# ဝန်ဆောင်မှု၊ အိုက်တိုးပဂေးစံနှင့် ပညာရေး




## | စန်းယုအောင် |

ကျွန်တော်တို့မြန်မာနိုင်ငံ အပြောင်းအလဲတွေထဲမှာ ဘဏ်စနစ် အပြောင်းအလဲနဲ့အတူ နိုင်ငံတကာက Credit Card ကုမ္ပဏီကြီးတွေ ဝင်ရောက်လာပြီး Credit System ကို တဖြည်းဖြည်း တည်ဆောက်နေတာ သတိထားမိကာ Credit Card လျှောက်မယ်ဆိုပြီး ရုံးနားက နာမည်ကြီး ဘဏ်တစ်ခုကိုသွားပြီး မေးမြန်းစုံစမ်းကြည့်မိပါတယ်။ စပြီးမေးကတည်းက ဘဏ်အကောင့်ရှိလား၊ အကောင့်ထဲပိုက်ဆံဘယ်လောက်ရှိလဲနဲ့ စတော့တာပဲ၊ Credit Card လုပ်တာ ဘာတွေလိုလဲမေးတော့မှ ထောက်ခံသူလိုတယ်၊ လစာစလစ်လိုတယ် စသည်ဖြင့် ပြောပါတယ်။ ဘယ်လို ကဒ်အမျိုးအစားတွေရှိလည်း၊ Limit ဘယ်လောက်က ဘယ်လိုပေးတာလဲမေးတော့ ခုနဘဏ်ထဲ ပိုက်ဆံဘယ်လောက်ရှိလဲ၊ ထောက်ခံသူကရော အကောင့်ထဲဘယ်လောက်ရှိလဲဆိုတာ ပြန်ရောက်လာပြန်ပါတယ်။

ကိုယ်တွေကလည်းရှင်းပါတယ် ဘဏ်ထဲတော့ ၁၀၀၀၀ လောက်ပဲရှိမယ်ထင်တယ်လို့လည်းဆိုရော ပိုက်ဆံသိန်း ၅၀ ထည့်ရမှာတွေ ဘာတွေဖြစ်လာတယ်။ ကိုယ်ကလည်း မေးကြည့်တယ် CreditCardလုပ်ရမယ့် လိုအပ်ချက်တွေထဲ အဲ့ သိန်း ၅၀ ရှိရမယ် ဆိုတာပါလားဆိုတော့ မပါဘူးဖြစ်ပြန်ရော။ ပိုက်ဆံရှိမှဆို Debit Card ဖြစ်နေမှာပေါ့ ဆိုတော့လည်း သေချာပြန်ရှင်းမပြတတ်ပြန်ပါဘူး။ ထားပါတော့လေ။ လိုရင်းချုပ်ရရင်ဖြင့် သူတို့ကိုယ်တိုင်က ဝန်ထမ်းဖြစ်နေပါရဲ့ မိမိ Customer ကို အထင်သေးသော အကြည့်ဖြင့် ကြည့်ခြင်းနဲ့ လိုအပ်တဲ့ အချက်အလက်တွေကို သေချာရှင်းမပြနိုင်တာ တွေ့ရပါတယ်။ နောက်တစ်ခါ ကိုယ့်ပိုက်ဆံ ကိုယ့်အကောင့်ထဲထည့်တာလည်း ဘဏ်မတူရင် အွန်လိုင်းခ ၅၀၀ ကျပ် ပေးရပါသေးတယ်။ အဲဒီတော့ စဉ်းစားမိတာ ဘဏ်တွေက ကျွန်တော်တို့ကို ဝန်ဆောင်မှုပေးနေတာလား၊ စိတ်ညစ်အောင် လုပ်နေတာလား မသဲကွဲဘူးရယ်။

အဲဒီလိုဝန်ဆောင်မှုပေးတာနဲ့ ပတ်သက်ရင် ဂျပန်တွေက ထူးခြားပြီး အလွန်ကောင်းတာ သတိရမိတယ်။ ကျွန်တော်ဂျပန်စားသောက်ဆိုင်မှာ လုပ်ခဲ့စဉ်ကဆို ကျွန်တော်က ဘဏ်မှာသွားပြီး ပိုက်ဆံအကြွေလဲရလေ့ရှိပါတယ် (ဆိုင်တွေမှာ စားသုံးသူကို ပြန်အမ်းငွေ အမြဲအဆင်သင့်ဖြစ်နေစေဖို့ ဘဏ်တွေမှာ အကြွေလဲပေးတဲ့ ဝန်ဆောင်မှုရှိပါတယ်)။ ကျွန်တော်သွားလဲတိုင်း အလုပ်ကနေ အလုပ်လုပ်ရင်း သွားလဲရတာမို့ ညစ်ပတ်ပေရေအနံ့ထွက်တတ်တဲ့ အဝတ်အစားနဲ့ပဲ သွားရလေ့ရှိတယ်။ အဝတ်လဲနေဖို့လည်း အချိန်မရှိဘူးလေ။ မျက်နှာမှာလည်း ချွေးတလုံးလုံးပေါ့။ ဘဏ်ထဲဝင်သွားတာနဲ့ ပြုံးရွှင်ပြီး ခါးညွတ်နှုတ်ဆက်ကာ ဘာအကူအညီပေးရမလဲ အမြဲအသင့်အနေအထားပါ။ ဘဏ်ကစက်ကနေ အကြွေလဲတဲ့အခါ ကိုယ်လုပ်တာမှားလို့ပဲဖြစ်ဖြစ် ဂျပန်လိုတွေ မဖတ်တတ်ရင်ပဲဖြစ်ဖြစ် ဘဏ်က ဝန်ထမ်းကောင်မလေးတွေကို အကူအညီ တောင်းရတယ် (အားလုံးလိုလို အမျိုးသမီးဝန်ထမ်းတွေသာ တွေ့ရတတ်ပါသည်) အဲဒီအခါ သူတို့အလုပ်ကိုထားပြီး ဖော်ရွေပြုံးရွှင်စွာပဲ အဆင်ပြေအောင် လုပ်ပေးကြတယ်။ မသိတာရှိရင်လည်း အသေအချာ ရှင်းပြပေးပါတယ်။ သူတို့ရဲ့ စားသုံးသူအပေါ် ဆက်ဆံတဲ့ ဝန်ဆောင်မှုဟာ အနောက်တိုင်းဝတ်စုံ သပ်သပ်ရပ်ရပ်ဝတ်ထားသူနဲ့ ကျွန်တော်တို့လို ပေကျံတူးကောင်နဲ့ တန်းတူပါပဲ။

ဒီနေရာမှာကြုံလို့ ဘဏ်မှာအကြွေလဲတဲ့စနစ်ကို တင်ပြချင်ပါတယ်။ ကျွန်တော်တို့ မြန်မာပြည်မှာလို နီးစပ်သူ ပိုက်ဆံပေးထားသူကိုသာ လိုအပ်သလောက် အကြွေလဲပေးတဲ့စနစ်မဟုတ်ဘဲ သတ်မှတ်ထားတဲ့ ATM စက်မှာ သတ်မှတ်ထားသော ဝန်ဆောင်ခပေးပြီး Cash card နဲ့ လိုသလောက် လဲလှယ်နိုင်ပါတယ် (မြန်မာနိုင်ငံအနေနဲ့ ဘဏ်စနစ် ယခုထက် ဖွံ့ဖြိုးလာလျှင်လည်း ထိုသို့ဖြစ်လာမည်ဟု ယုံကြည်ပါသည်)။

တစ်ဆက်တည်း ဂျပန်မှာ အိုက်တိုးပဂေးစံတွေအကြောင်း တင်ပြချင်ပါတယ်။ အချို့ကတော့ ဂျပန်မှာ အိုက်တိုးပဂေးစံလုပ်ရတာ ရှက်လို့မပြောကြပါဘူး။ ဒါပေမဲ့ အဲဒီအိုက်တိုးပဂေးစံတွေ တစ်လကို သိန်း၂၀ လောက်

---

**ပညာရေးဟာ ငြိမ်းချမ်းရေးဖြစ်စဉ် မှာပဲဖြစ်ဖြစ်၊ နိုင်ငံတိုးတက်အောင်လုပ်တဲ့နေရာမှာပဲဖြစ်ဖြစ် အရေးပါနေဆဲပဲဆိုတာ ထပ်မံ မီးမောင်းထိုးပြလိုပါတယ်။ မြန်မာတွေ ဒီထက်ပိုပြီး ဝန်ဆောင်မှုကောင်း အလုပ်အပေါ်လည်း ...**

---

ကျန်တဲ့အခါကျတော့ အများစုက အားကျကြပါတယ်။ မြန်မာတွေက ပြောရမှာရှက်နေတဲ့ အိုက်တိုးပင်္ဂေးစံကို ကျွန်တော်တို့ဂျပန်သူဌေးရော သူ့သားတွေရော ပီပီပြင်ပြင် လုပ်ကြတယ်။ နေ့လယ်ပိုင်းဆို ဂျပန်မှာက နေ့လယ်စာကို ဆိုင်တွေမှာ အလုအယက် စားကြတာကလား။ အရမ်း အလုပ်ရှုပ်တဲ့အချိန်ပေါ့။ အဲဒီအချိန်တွေဆို သူဌေး ဒါမှ မဟုတ် သူ့သားတွေကလာပြီး ပန်းကန်ဆေး သန့်ရှင်းရေးကို ပီပီပြင်ပြင်လုပ်ကြပါတယ်။ ကျွန်တော်တို့က နည်းနည်း အားလို့ ဗမာစိတ်နဲ့ သူတို့ကိုသွားကူညီရင် မကြိုက်ကြဘူး ကိုယ့်အလုပ် ကိုယ်လုပ်ဖို့ပဲ ပြန်ပြောကြပါတယ်။ စကားကြုံ လို့ပြောရရင် အဲဒီအိုက်တိုးပင်္ဂေးစံက ပြောသလောက် မလွယ်ကူပါဘူး Speed, System, and Skill လိုပါတယ်။ ဒီလိုပြောလို့ အိုးတိုက်၊ ပန်းကန်ဆေးကို တစ်သက်လုံး ခုံခုံမင်မင်လုပ်နေရမယ်လို့မဆိုလိုပါ။ အလုပ်အပေါ်ထားတဲ့ သဘောထားကို တင်ပြလိုရင်းဖြစ်ပါသည်။

စားသောက်ဆိုင်က အလုပ်သမားကိုလည်း ဂျပန် တွေက ယဉ်ယဉ်ကျေးကျေးပဲ အသိအမှတ်ပြု ဆက်ဆံကြပါ တယ်။ ဂျပန်လူငယ်လေးတွေကြည့်လိုက်ရင် ဟော့ရှော့လန် ပြန်တိုနဲ့နေပေမယ့် အလုပ်လုပ်တဲ့အခါ အလုပ်နဲ့တူအောင် ကြိုးကြိုးစားစား ပီပီပြင်ပြင် လုပ်ကြတာ ကိုယ်တွေ့ပါ။ ကျွန်တော် IUJ မှာ ကျောင်းတက်စဉ်အခါကလည်း ကျောင်း က ဘယ်ဝန်ထမ်းမဆို အလုပ်ကို အသေအချာလုပ်ကြပြီး ဝန်ဆောင်မှုကောင်းကောင်းပေးတာ သတိထားမိပါတယ်။

တချို့က လုပ်အားခများရင် အဲဒီလိုလုပ်ကြမှာပဲလို့ ဆင်ခြေပေးချင် ပေးကြမယ်။ ကျွန်တော်ကတော့ အဲဒီ လုပ်အားခထက် အလုပ်အပေါ်ထားတဲ့ သဘောထားက ပိုအရေးပါတယ်လို့ ထင်ပါတယ်။ ဘာလို့လဲဆိုတော့ မြန်မာပြည်မှာ လုပ်အားခတက်လာပေမယ့် အလုပ်စွမ်း ဆောင်ရည်တွေ တက်မလာတာ တစ်ပုံကြီးပါ။

နောက်တစ်ခုက ဂျပန်ပြည်က လမ်းမတွေ လမ်း ကြားတွေ တိုက်ခန်းလှေခါးထောင့်တွေ မြောင်းထဲတွေမှာ တစ်ခါမှ အမှိုက်တွေမတွေ့ဖူးပါ။ (အမှိုက်မပစ်ရလို့ ရေး ထားတာလည်း မမြင်ဖူးပါ)။ ရထားပေါ်မှာ တစ်ယောက် ယောက်က မတော်တဆ အမှိုက်ကျမိသွားရင်လည်း နောက် တစ်ယောက်က သူ့ဘာသာကောက်သွားတာ မြင်ဖူးပါ တယ်။ ကားတွေဆိုလည်း လူတွေကို ဦးစားပေးပြီး ဂရု တစိုက်မောင်းကြပါတယ်။ လမ်းကြားမှာလမ်းကူးရင်လည်း လမ်းကူးသူနဲ့ ကားမောင်းသူ အပြန်အလှန်လေးစားမှုပြပြီး လမ်းကူးကြ၊ မောင်းကြပါတယ်။ လူအချင်းချင်း မတော် တဆတိုက်မိလည်း ဦးရာလူကတောင်းပန်ကြသလိုဟော့ရှော့ လူငယ်လေးတွေကလည်း လူကြီးတွေကို လေးစားကြတာ ကိုယ်တွေ့မြင်ဖူးပါတယ်။ မသန်မစွမ်းတွေကိုဆိုရင်လည်း ဦးစားပေးပြီး ဂရုတစိုက် ကြင်နာကြပါတယ်။ ပိုက်ဆံအိတ် ပျောက်လည်း မူလအတိုင်းပြန်ရကြတာ များတယ်။ ဒါတောင် သူတို့မှာ ဘာသာတရားမရှိကြပါဘူး။ ဒါပေမဲ့ လူတွေကို လူအဖြစ် တန်းဖိုးထားကြပါတယ်။

အဲဒါအရင်းကိုစစ်ရင် သူတို့ရဲ့ကောင်းမွန်တဲ့ ပညာရေးစနစ်ကြောင့်လို့ ယုံကြည်ပါတယ်။ မူလတန်း ကလေးဘဝကတည်းက စည်းကမ်းရှိအောင်၊ သူတစ်ပါး ပစ္စည်းမယူရလေအောင်၊ လူလူချင်း စာနာနားလည်တတ် အောင် သင်ပေးကြတာ တွေ့ရပါတယ်။ သူတို့တွေထဲက ၅၀ ရာခိုင်နှုန်းလောက်ကပဲ University သွားတက်နိုင်ကြ တယ်လို့ဆိုပေမယ့် အားလုံးလိုလိုက အထက်တန်းတော့ အောင်ကြပါတယ်။ ဒါဟာ Secondary education system ကိုမြှင့်ဖို့လိုတယ်ဆိုတဲ့အချက်က မှန်ကန်ကြောင်း သက်သေ ပြသလိုဖြစ်နေပါတယ်။ ပညာရေးဟာ ငြိမ်းချမ်းရေးဖြစ်စဉ် မှာပဲဖြစ်ဖြစ်၊ နိုင်ငံတိုးတက်အောင်လုပ်တဲ့နေရာမှာပဲဖြစ် ဖြစ် အရေးပါနေဆဲပဲဆိုတာ ထပ်မံ မီးမောင်းထိုးပြလိုပါ တယ်။ မြန်မာတွေ ဒီထက်ပိုပြီး ဝန်ဆောင်မှုကောင်း အလုပ် အပေါ်လည်း သဘောထားပြောင်းစေကြောင်း ရည်သန် လျက် ပညာရေးဟာအရေးပါကြောင်း တိုက်တွန်းလျက် မနေနိုင်မထိုင်နိုင် ကျွန်တော်ဝေမျှခြင်း ဖြစ်ပါတယ်။

(စာကြွင်း။

ဆိုးတဲ့ဂျပန်တွေလည်းရှိမှာအမှန်ပါပဲ။ အကျင့်ဆိုးရှိ တဲ့ ဂျပန်တွေလည်း ရှိနေမှာ အသေအချာပါပဲ။ ဒါပေမယ့် အများစုကကောင်းမည်ဟု ယုံကြည် ပါသည်။ ဝန် ဆောင်မှုမှာလည်း ဂျပန်တွေထက် ကောင်းတဲ့နိုင်ငံ ရှိချင်ရှိနိုင်ပါသည်။ အဓိကလိုရင်းမှာ ကောင်းသော အလေ့အထများ အတုယူနိုင်ရန်သာ ဖြစ်ပါသည်။)

■



# E ဝန်ဆောင်မှုဆီသို့

|ဒေါက်တာညီ|

နိဒါန်း

E ဟူသော အီလက်ထရောနစ် (Electronic)နည်းပညာကို အသုံးချ၍ ပုဂ္ဂလိက / အစိုးရဌာန / အဖွဲ့အစည်းများအနေဖြင့် မိမိတို့ဝန်ဆောင်မှုကို အများပြည်သူများအား ဌာန / အဖွဲ့အစည်းများသို့ တကူးတကလာရောက်ရန် မလိုအပ်တော့ဘဲ အချိန်နှင့်တပြေးညီ ဆောင်ရွက်ရန်ကိစ္စများကို လုပ်ဆောင်နိုင်ပြီး နေ့ညမဆိုင်း ချက်ချင်းအကောင်အထည် ဖော်ဆောင်နိုင်သော အခွင့်အလမ်းများ ဖန်တီးပေးနိုင်သောစနစ်ကို ဆိုလိုသည်။ ထိုသို့ အလွယ်တကူ ဝန်ဆောင်မှုပေးနိုင်ရန်မှာ ဝန်ဆောင်မှုပေးမည့် ဌာန / အဖွဲ့အစည်းများတွင် သုတနည်းပညာနှင့် ကွန်ပျူတာကျွမ်းကျင်မှု အပါအဝင် ဘဏ်စနစ်ထွန်းကားခေတ်မီမှု၊ အင်တာနက် / ကွန်ယက်ချိတ်ဆက်မှုများ ကျွမ်းကျွမ်းကျင်ကျင် လေ့ကျင့်ထားသည့် ဝန်ထမ်းများအစုအဖွဲ့ ထားရှိရန်လည်း လိုအပ်ပေသည်။ အသုံးပြုသူများအတွက် အသုံးပြုရလွယ်ကူသည်ဆိုသော်လည်း သုတနည်းပညာအပါအဝင် ကွန်ပျူတာ ကျွမ်းကျင်မှုနှင့် On Line ဝန်ဆောင်မှုအကြောင်းကို နားလည် အသုံးပြုတတ်ရန် လိုအပ်ပေလိမ့်မည်။

E ဝန်ဆောင်မှုတစ်ခု ဖန်တီးတည်ဆောက်ရန် ဌာနအဖွဲ့အစည်းမှ အဆင်သင့်ဖြစ်စေဦး ဘဏ်ဝန်ဆောင်မှုရှိ Electronic Payment System ၏အခန်းကဏ္ဍသည် မရှိမဖြစ် အရေးပါလာသည်။ ထိုနည်းတူစွာ မြန်မာပြည်သူများ လတ်တလော အသုံးပြုနေသည့် Internet Connection အထူးကောင်းမွန်ရန်လည်း မရှိမဖြစ် လိုအပ်လာသည်။ ဘဏ်

အများ ကျင့်သုံးသည့် ဝန်ဆောင်မှုစနစ် အောင်မြင်ခြင်းသည် ဝန်ထမ်းများ၏ သုတနည်းပညာကျွမ်းကျင်မှုပေါ်တွင် မူတည်နေသည့်အပြင် ခေတ်မီသည့် အီလက်ထရောနစ်သုံး ပစ္စည်းများ ပိုင်နိုင်ကျွမ်းကျင်စွာ အသုံးပြုနိုင်မှု၊ မြန်မာပြည်သူအများစု အီလက်ထရောနစ်စနစ်နှင့် ယဉ်ပါးလာအောင် ပြုပြင် လေ့ကျင့်ပေးနိုင်မှုနှင့် စည်းကမ်းတကျ အသုံးပြုတတ်မှုများပေါ်တွင် များစွာ မူတည်နေသည်။

စာရေးသူအနေဖြင့် ဤဆောင်းပါးကို ရေးသားရခြင်းသည် မြန်မာနိုင်ငံအနေဖြင့် E ဝန်ဆောင်မှုစနစ်ဆီသို့ ခရီးဆက်ရန်မှာ မလုပ်မဖြစ် လုပ်ကိုင်ရမည့် ကိစ္စတစ်ရပ်ဖြစ်သည့်အပြင် နိုင်ငံ/ပုဂ္ဂလိကဝန်ထမ်းများအတွင်း အတတ်နိုင်ဆုံး အဂတိလိုက်စားမှု လျော့ပါးသွားနိုင်စေရေးနှင့် နိုင်ငံတကာ စီးပွားရေးအသိုက်အဝန်းနှင့်အတူ ခရီးဆက်နိုင်ရန်မှာ အလွန်တရာအရေးကြီးသည့် ကဏ္ဍတစ်ရပ်ဖြစ်သည့်အတွက် အမြန်ဆုံးအကောင်အထည်ဖော်သင့်ပြီဖြစ်၍ တင်ပြလိုက်ရခြင်းဖြစ်သည်။

## လက်ရှိ ဘဏ်ဝန်ဆောင်မှုအနေအထား

ဤအပိုင်းတွင် စာရေးသူအနေဖြင့် ဘဏ်ဝန်ဆောင်မှုကို အသုံးပြုသူတစ်ဦးအနေဖြင့် ကြုံတွေ့နေရသည့် ပြဿနာအချို့နှင့် လုပ်ငန်းရှင်များ လုပ်ဆောင်ပေးသင့်သော ဝန်ဆောင်မှုများ၊ အစိုးရဌာနအဖွဲ့အစည်းများတွင် အီလက်ထရောနစ်ဝန်ဆောင်မှုအဖြစ် ပြုပြင်ပြောင်းလဲရာတွင် မိမိတို့ဝန်ဆောင်မှုကို အသုံးပြုသူများ၏ အခက်အခဲများကို ကြိုတင်မျှဝေပေးနိုင်ရန် ရည်ရွယ်ပါသည်။

ပုဂ္ဂလိကဘဏ်များအနေဖြင့် ယခုအခါ ဝန်ထမ်းများနှင့် ကျောင်းသားများအား ပစ်မှတ်ထား၍ MPU/Credit Card System/Debit Card System စသည့် Online ဝန်ဆောင်မှုစနစ်များကို တိုးချဲ့လုပ်ကိုင်လာပြီး အများပြည်သူဆိုင်ရာနေရာများတွင် ငွေသွင်း/ငွေထုတ်စက်များ ထားရှိလျက် လျင်မြန်သော ဝန်ဆောင်မှုများ ပေးလျက်ရှိနေပေသည်။ ထို့အတူ အထင်ကရ ဈေးဝယ်စင်တာများတွင်ပါ ငွေသားပေးချေမှုစနစ်အပြင် ကတ်စနစ် အသုံးပြုပေးချေခြင်းများ အကျယ်တဝံ့ ပြုလုပ်နေကြပြီဖြစ်သည်။ ထို့နည်းတူစွာ ဖုန်းဘေလ်ဖြည့်သွင်းခြင်းများကိုလည်း ပုဂ္ဂလိကဘဏ်များဖြင့် ချိတ်ဆက်လျက် ကျယ်ပြန့်သောဝန်ဆောင်မှုများကို E Loading Billထည့်သွင်း အသုံးပြုသူများအတွက် အပိုဆုများပေး၍ ဆွဲဆောင်လျက်ရှိနေပြီလည်းဖြစ်သည်။

နိုင်ငံတကာတွင် ဥပမာ - ဂျပန်၊ ဥရောပသမဂ္ဂနိုင်ငံများတွင် ငွေစက္ကူအစားထိုး Electronic Bit Coinအသုံးပြု၍ ငွေစုဆောင်းသူများနှင့် ဈေးကွက်များတိုးချဲ့ ရောင်းဝယ်ဖောက်ကားနေချိန်လည်းဖြစ်သည်။ နောင်တစ်ချိန်၌ ကမ္ဘာ့ငွေကြေးဈေးကွက်တွင် လည်ပတ်ရောက်ရှိ အစားထိုးလာနိုင်ခြေအများဆုံးဖြစ်နေသည်။

လက်ရှိမြန်မာနိုင်ငံအနေဖြင့် ပုဂ္ဂလိကကဏ္ဍတွင် တိုးချဲ့အသုံးပြုလျက်ရှိသော ဘဏ်ဝန်ဆောင်မှု ကွန်ယက်ချိတ်ဆက် ရောင်းဝယ်ဖောက်ကားမှုများအတွက် တွင်တွင်ကျယ်ကျယ် ဖြစ်ထွန်းလာရန် စိန်ခေါ်မှု အကြီးမားဆုံးပြဿနာသည် အင်တာနက်လိုင်း ကောင်းခြင်း/မကောင်းခြင်းပေါ်တွင် တည်မှီနေသည်။ ဥပမာပြရလျှင် စာရေးသူအနေဖြင့် နေပြည်တော် Junction Center ရှိ Ocean တွင် လိုအပ်သောပစ္စည်းများ ဝယ်ယူသည့်ပမာဏ များပြားလာသည့်အခါ ငွေသားပမာဏကိုင်၍ ကျသင့်ငွေရှင်းသည်ထက် ဘဏ်အပ်ငွေ ထုတ်စရာမလိုအပ်သော Credit Card/Debit Card တစ်ခုခုဖြင့် ဖြေရှင်းပေးလိုက်ခြင်းသည် မလိုအပ်သော ငွေသားဟောင်းနွမ်းမှု ပြဿနာများ၊ အခြားမသမာမှု ပြဿနာများစွာကို ရှောင်ရှားပြီးဖြစ်သကဲ့သို့ ဘဏ်စနစ်တွင် ငွေသားလည်ပတ်စီးဆင်းမှုကို များစွာ ထိရောက်စေသည်။ သို့ရာတွင် လက်ရှိအနေအထားတွင်မူ ငွေရှင်းကောင်တာ ဝန်ထမ်းအများစုအနေဖြင့် ငွေသားကိုသာ လက်ခံရှင်းစေလိုကြပြီး ကတ်စနစ်ဖြင့် ဖြေရှင်းလိုသည့် ဈေးဝယ်သူကို နှစ်လိုဟန် မပြကြခြင်းက ဈေးဝယ်သူများကို စိတ်အနှောင့်အယှက်ဖြစ်စေသည်။ အလွယ်တကူ ငွေရှင်းကောင်တာ ဝန်ထမ်းများမှ Online ကျနေလို့ မရပါ စသည့် မဆီလျော်သော ဖြေရှင်းချက်များစွာကို ပေးတတ်ကြမြဲဖြစ်သည်။ ငွေသားစီးဆင်းမှုတွင် အကြွေအနုတ်ပြဿနာ၊ ငွေသားဟောင်းနွမ်းမှု၊ ရှားပါးမှုပြဿနာများ သံသရာလည်ပတ်စေပြီး စိတ်ချလုံခြုံမှု အားနည်းစေကာ ငွေလည်ပတ်စီးဆင်းမှုတွင်လည်း ထိရောက်မှု မရှိခြင်းစသည့် ကိစ္စရပ်များစွာ ပေါ်ပေါက်လာပေသည်။

ဘဏ်တွင်းငွေသားစီးဆင်းမှုစနစ်သည် လွန်စွာ အရေးပါပြီး လျင်မြန်လွယ်ကူသည့် စနစ်မျိုးလည်းဖြစ်သင့် သည်။ အများပြည်သူတို့အား ဝန်ဆောင်မှုပေးခြင်းသည် လုပ်ငန်းမြန်ဆန်စေရေးနှင့် အကျိုးထိရောက်မှု များပြား စေရေးအတွက် အဓိကဖြစ်သည်။ လက်ရှိကျင့်သုံးလျက်ရှိ သော ပုဂ္ဂလိကဘဏ်များတွင်ပင် တစ်ခုနှင့်တစ်ခု ချိတ် ဆက်မှု အားနည်းချက်များလည်း ရှိနေဆဲဖြစ်သည်။ ဝန်ဆောင် မှုအပေါ် အဆုံးသတ်သုံးစွဲသူမှ တင်ပြလာသော အခက်အခဲ များအပေါ် ဖြေရှင်းချက်ပေးရာတွင်လည်း ကျေနပ်သည့် အဖြေကို မပေးနိုင်မှုများသည် လုပ်ငန်း၏ဝန်ဆောင်မှု အပေါ် ယုတ်လျော့စေသည်။ များသောအားဖြင့် ဝန်ဆောင်မှု အပေါ် သုံးစွဲသူများအနေဖြင့် လွယ်ကူလျင်မြန် သက်သာစေ သော ဝန်ဆောင်မှုဖြစ်စေရန် မျှော်မှန်းအသုံးပြုကြသည် ဖြစ်ရာ ပိုမို အဆင်ပြေစေမည့် နည်းပညာသစ်များကိုလည်း ကြိုဆိုကြရပေမည်။ ဝန်ဆောင်မှု ကောင်းကောင်း ပေးနိုင် ခြင်းက သုံးစွဲသူများ၏ စိတ်နှလုံးကို ဆွဲဆောင်နိုင်စွမ်းရှိပြီး ဈေးကွက်ယှဉ်ပြိုင်မှုတွင် ကုန်ပစ္စည်းအမျိုးအစားတူသော်လည်း တစ်ပန်းသာပေလိမ့်မည်။ ယုံကြည်စိတ်ချရမှုနှင့် ပေါင်းစပ်ညှိနှိုင်းရန် အချိန်တိုအတွင်းပေးအပ်နိုင်မည့် လုပ်ငန်းအဆင်ပြေ အောင်မြင်စေနိုင်သော ဝန်ဆောင်မှုမျိုး ကိုသာ သုံးစွဲသူများအနေဖြင့် ကျေနပ်တတ်ကြသည် မဟုတ် ပါလား။

## မျက်မှောက်ခေတ် စိန်ခေါ်မှုအချို့

နည်းပညာတိုးတက်လာသည်နှင့်အမျှ ပိုမိုထိ ရောက် စွမ်းဆောင်နိုင်သော ကွန်ပျူတာ ကွန်ရက်စနစ်များ ဖြစ်ထွန်းအသုံးပြုလာသည်နှင့်အမျှ သုတနည်းပညာ၊ ကွန် ပျူတာနည်းပညာ စသည်တို့အပေါ် နားလည်အသုံးချနိုင်စွမ်း သော အသိပညာများလည်း လိုအပ်လာပေမည်။ ဝန်ဆောင်မှု ပေးသော ဌာန /အဖွဲ့အစည်းများအနေဖြင့်လည်း အစုအဖွဲ့ လိုက် တတ်ကျွမ်းနားလည်သည့် ပညာရှင်များလိုအပ်ချက် ကြီးမားလာပေသည်။ ထို့အတူနည်းပညာတိုးတက်သုံးစွဲလာ သည်နှင့်အမျှ အထက်ဖော်ပြပါ နည်းပညာမတတ်ကျွမ်း သော၊ မကျွမ်းကျင်သော သာမန် ဝန်ထမ်းများအဖို့ ပုဂ္ဂလိက ကဏ္ဍတွင် လူလျှော့ခြင်း၊ လုပ်ငန်းလိုအပ်ချက်အရ တတ် ကျွမ်းသူများနှင့် အစားထိုးခန့်ထားခြင်းများဖြင့် အလုပ် အကိုင် ဆုံးရှုံးစေနိုင်သော ပြဿနာများလည်း ပေါ်ပေါက် လာမည် ဖြစ်သည်။ နည်းပညာအသုံးပြုရန် မလိုအပ်သော နေရာများတွင် ပြန်လည်ခန့်ထားသည့် ကုစားစနစ်တစ်ခု ကိုလည်း စီးပွားရေးလုပ်ငန်းရှင်များ ကြံဆထားသင့်ပေ သည်။

ဝန်ဆောင်မှု အစုအဖွဲ့အနေဖြင့်လည်း နည်းပညာ နားလည်ပြီး အဆုံးသတ်သုံးစွဲသူ ကျေနပ်လောက်သည့် အဖြေများ၊ ဖြေရှင်းချက်များကို ပေးနိုင်သည့်အနေအထား တစ်ခုထိ လေ့ကျင့်သင်ကြားပေးထားရမည်ဖြစ်သည်။ နည်း ပညာအဆင်မြင့်မြင့်သုံးနိုင်လေ လုပ်သားခန့်ထားမှု ကုန်ကျ စရိတ် နည်းပါးသက်သာလာသည့်အတွက် လုပ်ငန်းရှင်များ အနေဖြင့် အချိန်တိုတိုအတွင်း ကုန်ကျစရိတ်အနည်းဆုံးဖြင့် ရည်မှန်းချက်တစ်ခု ပေါက်မြောက်နိုင်ပေသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများအပြင် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဘဏ်စနစ်များ ပျက်ယွင်းစေလျက် ရည်ရွယ်ချက်မျိုးစုံဖြင့် ဆိုက်ဘာတိုက်ခိုက်မှုများ ပြုလုပ်လျက် ငွေကြေးလိမ်လည် ထုတ်ယူခြင်း၊ ငွေကြေးလွှဲပြောင်းရယူခြင်း အကောင့်ချိန်း ထုတ်ယူခြင်းနှင့် စကားဝှက် ခိုးယူအသုံးပြုခြင်းအပါအဝင် ငွေထုတ်ကတ်အတုများဖြင့် လိမ်လည်ထုတ်ယူမှုများ ပြု လုပ်နေကြသည်ကို တွေ့မြင်နိုင်သည်။

တိုးတက်လာသော နည်းပညာခေတ်တွင် မိမိတို့ ဝန်ဆောင်မှုကဏ္ဍကို အီလက်ထရောနစ် နည်းပညာများကို အသုံးပြု၍ တိုးချဲ့သကဲ့သို့ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ် များကိုလည်း ကုစားပေးနိုင်မည့် ပိုမိုစိတ်ချ လုံခြုံနိုင်မည့် နည်းလမ်းကောင်းများကိုလည်း ရှာဖွေထားသင့်သည်။ ယနေ့နည်းပညာကျွမ်းကျင်သူအများစုသည် နိုင်ငံတစ်နိုင်ငံ ၏ ကွန်ရက်ထိန်းချုပ်မှုစနစ်အထိ လုံခြုံမှုစည်းအတွင်းသို့ ဝင်ရောက်မွှေနှောက်လျက် နည်းမျိုးစုံ အကဲစမ်းနေသည့် အချိန်လည်း ဖြစ်သည်။ သို့ရာတွင် နည်းပညာတိုးတက်မှုကို အသုံးမချနိုင်သည့် ကာလတစ်လျှောက်လုံးတွင်လည်း နိုင်ငံတကာအဆင့်မီ စီးပွားရေးလည်ပတ်နိုင်မှုနှုန်းသို့ ရောက်ရှိနိုင်မည်မဟုတ်ဘဲ အမြဲ နောက်ကောက်ကျနေမည် လည်း ဖြစ်သည်။

စာရေးသူအနေဖြင့် တိုက်တွန်းလိုသည်မှာ

မည်သည့် ပြောင်းလဲမှုတိုင်းတွင်မဆိုနည်းပညာနှင့် ငွေကြေး အခက်အခဲများစွာ စသည့် စိန်ခေါ်မှု ပြဿနာကြုံတွေ့ရမည် ဖြစ်သော်လည်း ရေရှည်ရင်းနှီးမြှုပ်နှံမှုကိုသာ တွက်ချက် အသုံးချရမည်ဖြစ်သည်။

## အစိုးရဌာန/အဖွဲ့အစည်းများ၏ လက်ရှိဝန်ဆောင်မှု စနစ်များ ပြောင်းသင့်ပြီလား?

ဤအပိုင်းကို ရေးသားရခြင်း ရည်ရွယ်ချက်မှာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရုံဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်လာမည်ဟု မဆိုသာပေ။ အစိုးရဌာန/ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများ ဟန်ချက်ညီ ရုန်းကန်နိုင်ပါမှသာ နိုင်ငံစီးပွားရေး ဦးမော့ရှင်သန်လာနိုင်မည်ဖြစ်သည့်အတွက် ရေးသားရခြင်းဖြစ်သည်။

အစိုးရဌာန/အဖွဲ့အစည်းများသည် အမှန်တကယ် ပြည်သူများ အဆင်ပြေချောမွေ့စွာ အလိုရှိရာများကို ကူညီ လုပ်ဆောင်ပေးရမည့် ပြည်သူ့ဝန်ဆောင်မှု ဌာန/အဖွဲ့အစည်းများ ဖြစ်သည်နှင့်အညီ လျင်မြန်လွယ်ကူသော ဝန်ဆောင်မှုစနစ်များကို ပေးအပ်ကြရမည် ဖြစ်သည်။ ဥပမာပြရလျှင် အီလက်ထရောနစ်ဝန်ဆောင်မှု အသုံးပြုနေသော ပုဂ္ဂလိက ဘဏ်စနစ်ကို အသုံးပြုသူ ပြည်သူများအနေဖြင့် မသုံးစွဲတတ်စေကာမူ ပုဂ္ဂလိက ဝန်ဆောင်မှုပေးခြင်း၏ လျင်မြန်မှု၊ ကူညီရိုင်းပင်းမှု၊ သုံးစွဲသူများအား စိတ်ရှည်လက်ရှည် ရှင်းလင်းပြတတ်အောင် လေ့ကျင့်ပေးထားမှုများကြောင့် ယနေ့မြန်မာ့လူ့အဖွဲ့အစည်းတွင် အရပ်အခေါ် အစိုးရဘဏ်တွင် သွားရောက်၍ ငွေသွင်း ငွေထုတ် လုပ်ဆောင်ခြင်းထက် ပုဂ္ဂလိကဘဏ်ကို သွားရောက် ဝန်ဆောင်မှု ရယူမည်ဟုသာ ပြောကြမည်ဖြစ်သည်။ မလွဲမရှောင်သာသော ကိစ္စရပ်များကိုသာ သွားရောက်ကြသည်ကို တွေ့ရှိရပေသည်။ အဖြေမှာလည်း ရှင်းလင်းစွာ ထွက်ပေါ်လာပေသည်။ အကြောင်းမှာ ဝန်ဆောင်မှုအပေါ် နှစ်သက်၍ပင် ဖြစ်သည်။ အကယ်၍သာ မြန်မာနိုင်ငံတွင် အီလက်ထရောနစ် ဝန်ဆောင်မှု ကျယ်ပြန့်လာချိန်တွင် သုံးစွဲသူများအနေဖြင့် တကူးတက ဘဏ်သွားခြင်းနှင့် ငွေသားထုတ်ယူ ကိုင်ဆောင်ရခြင်း ဒုက္ခများကင်းဝေးစေသကဲ့သို့ အခြား ကြားခံနှောင့်ယှက်မှုများလည်း လျော့ပါးလာနိုင်သည်။ ထိုသို့သော အကျိုးများစွာကို သုံးစွဲသူများ ခံစားလာနိုင်ပေသည်။ သို့ရာတွင် အထက်ဖော်ပြပါ စိန်ခေါ်မှုများစွာ ဖြစ်လာနိုင်သည်ကိုလည်း သတိပြုကြရမည်။ ဘဏ်ကို ထင်သာမြင်သာအောင် ဥပမာပြဆိုသော်လည်း ပြည်သူအများစုအနေဖြင့် အစိုးရဌာန/အဖွဲ့အစည်းများသို့ သွားရောက်ရမည်ကို လက်တွန့်နေတတ်ကြသည်။

လုံခြုံစိတ်ချရမှုသည် ဌာန/အဖွဲ့အစည်းများရှိ ဝန်ထမ်းများနှင့် သုံးစွဲသူ၏ စောင့်စည်းသော ကျင့်ဝတ်အပေါ်တွင်လည်း တည်မှီပါသည်။ သို့ရာတွင် အန္တရာယ် အနည်းအများ ဆန်းစစ်ကြည့်လျှင်မှ နည်းပညာမြင့် အသုံးပြုမှုသည်သာ အဆုံးသတ်သုံးစွဲသူများ ပိုမိုနှစ်သက်မည်မှာ အသေအချာပင်ဖြစ်သည်။

အီလက်ထရောနစ် ဝန်ဆောင်မှုများကို ကျင့်သုံးခြင်းဖြင့် အစိုးရဌာန/အဖွဲ့အစည်းများအတွင်း အများပြည်သူနှင့် တိုက်ရိုက်ထိတွေ့မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အဂတိလိုက်စားခြင်းများနှင့် မလိုလားအပ်သော လူမှုရေးပြဿနာများကို အထူးလျှော့ချလာနိုင်သကဲ့သို့ Online ဝန်ဆောင်မှု အခက်အခဲရှိသူများအဖို့ တစ်ဆင့်ခံ ဝန်ဆောင်မှုဌာနများသို့ သွားရောက်လုပ်ကိုင်နိုင်သကဲ့သို့ ဌာန/အဖွဲ့အစည်းများသို့ ကိုယ်တိုင်လာရောက်သူများအဖို့ နိုင်ငံတော်သို့ ဝန်ဆောင်ခ ပေးသွင်းခြင်းဖြင့် နိုင်ငံဝင်ငွေကို တစ်ဖက်တစ်လမ်းမှ တိုးတက်စေမည်ဖြစ်သည်။ ဥပမာပြရလျှင် စင်ကာပူနိုင်ငံတွင် အီလက်ထရောနစ်ဝန်ဆောင်မှုဖြင့် မည်မျှပင် ကုမ္ပဏီဝန်ဆောင်မှု ပေးသော်လည်း အများပြည်သူအနေဖြင့် ဌာန/အဖွဲ့အစည်း၏ ဝန်ဆောင်မှုကို ရယူနေဆဲဖြစ်ခြင်းအတွက် နိုင်ငံတော်တွင် ဝန်ဆောင်ခကို တိုးတက်ရရှိစေသည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် ကြားခံ ဝန်ဆောင်မှု အဖွဲ့အစည်းများတွင် ပေးရမည့်ဝင်ငွေထက် ဌာန/အဖွဲ့အစည်းများသို့ နိုင်ငံအတွက် ပေးလိုက်ရသည့် ဝန်ဆောင်ခအခွန်သည် သင့်တင့်မျှတမှုကို ရရှိစေပြီး စိတ်ကျေနပ်မှုကိုပါ ပေးစွမ်းနိုင်ပေသည်။

အီလက်ထရောနစ် ဝန်ဆောင်မှုခရီးကို မလွဲမသွေ အစိုးရဌာန/အဖွဲ့အစည်းများအနေဖြင့် လုပ်ဆောင်စေခြင်းသည် ပြည်သူ့ဝန်ဆောင်မှုတွင် အများပြည်သူ လိုအပ်

ချက်အား အပြည့်အဝ ပံ့ပိုးပေးနိုင်သည့် စနစ်တစ်ခုဖြစ်သကဲ့သို့ ကြားခံအနှောင့်အယှက်များနှင့် မသမာမှုများအပါအဝင် ဝန်ထမ်းကျင့်ဝတ်ဖောက်ဖျက်မှု စသည်တို့ကို လျော့ပါးစေသည်။ လုပ်ငန်းခွင် လျင်မြန်မှု၊ သက်သာမှုများစွာကိုလည်း ခံစားကြရပေမည်။ ထိုသို့ဆိုလျှင် အစိုးရဌာန/အဖွဲ့အစည်းများအနေဖြင့် အီလက်ထရောနစ် ဝန်ဆောင်မှုခရီးကို အမြန်ဆုံးခရီးဆက်နိုင်ရန် ပြင်ဆင်သင့်သည်။

ယခုအခါ မြန်မာနိုင်ငံတွင် ကွန်ပျူတာ ကျွမ်းကျင်မှုသည် ဝန်ထမ်းခန့်ထားမှုတွင် မပါမဖြစ် အနေအထားသို့ ရောက်ရှိနေပြီဖြစ်သည်။ ဝန်ထမ်းခန့်ထားရာတွင် ဝန်ထမ်းများကို ပင်စင်ခံစားခွင့်အပါအဝင် အခြားသော ခံစားခွင့်များကို ပေးအပ်ရသည့်အတွက် နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်းမှ ကုန်ကျခံရသည့်အတွက် များစွာသော အခက်အခဲကို ဖြစ်ပေါ်စေခဲ့သည်။ အကယ်၍သာ နည်းပညာတတ်ကျွမ်းပြီးသော ပုဂ္ဂိုလ်များကိုသာ ပိုမိုအဆင့်မြင့်မြင့် သင်ကြားပေးပြီး အီလက်ထရောနစ် ဝန်ဆောင်မှုစနစ်ကိုသာ အကောင်အထည်ဖော်နိုင်ခဲ့လျှင် များစွာထိရောက်မှုရှိပြီး လူနည်းနည်းနှင့် ကြဲကြဲဝိုင်းသည့် အနေအထားဖြင့် လုပ်ဆောင်နိုင်မည်ဖြစ်သည်။

စာရေးသူအနေဖြင့် တိုက်တွန်းလိုသည်မှာ အီလက်ထရောနစ် ဝန်ဆောင်မှုစနစ်ကို အစိုးရဌာန/အဖွဲ့အစည်းများအနေဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်သင့်နေပြီဖြစ်သည်။ သို့မှသာ နိုင်ငံတော်၏ စီးပွားရေးလည်ပတ်မှုအား တိုးတက်ကောင်းမွန်လာပြီး နိုင်ငံတကာနည်းတူ လျင်မြန်လွယ်ကူစွာ ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ်သို့ ပေါ်ပေါက်လာပေမည်။

## တွန်းအားပေးမှု

ပိုမိုထိရောက်သော ပြည်သူ့ဝန်ဆောင်မှုဌာနများအဖြစ် အသွင်ကူးပြောင်းရာတွင် အီလက်ထရောနစ် ဝန်ဆောင်မှုသည်သာ အကောင်းဆုံးနည်းလမ်းဖြစ်ပေသည်။ နိုင်ငံတိုင်းတွင် ဖြစ်ပေါ်နေသော စိန်ခေါ်မှုများစွာရှိနေသော်လည်း အဖြေမရှိသည့်ပြဿနာများ မရှိခဲ့သည့်အတွက် အကျိုးအပြစ်တို့ကို စိစစ်လျက် အမြန်ဆုံး အကောင်အထည်ဖော်သင့်လှပေသည်။

စာရေးသူကျောင်းသားဘဝကပင် E,Government System အသုံးပြုရေး သင်တန်းများနှင့် စနစ်များကို စတင်ခဲ့ပြီး ယနေ့အချိန်ထိ ကြိုးစားဆဲ အနေအထားတွင်ပင် ရှိနေဆဲဖြစ်သည်။ ရုံးတစ်ရုံး၏ ဝင်စာ၊ ထွက်စာစနစ်ကို အီလက်ထရောနစ်စနစ်ဖြင့် ထိန်းချုပ်ထားခြင်းသည် ခေတ်အဆက်ဆက် အလွယ်တကူ ရေရှည်ထိန်းသိမ်းထားနိုင်ပြီး အကျိုးများစေမည်ဖြစ်သည်။ အခြားသော အဖျက်အမှောက်စနစ်များလည်း ရှိနိုင်သည့် အတွက် ဌာန/အဖွဲ့အစည်းများတွင် အသုံးပြုသော ကွန်ရက်စနစ်သည် နိုင်ငံတော်ပိုင်စနစ်တစ်ခုမှ ဖြန့်ဖြူး ပေးသော စနစ်တစ်ခု ဖြစ်သင့်ပေသည်။ အီလက်ထရောနစ် ရုံးလုပ်ငန်းစနစ်သည် စာရွက်စာတမ်းများ ကုန်ကျစရိတ် လျော့ကျလာစေနိုင်သည့်အပြင် အခြားသော အန္တရာယ်များအတွက် စောင့်ကြည့်ကြပ်မတ်သည့် စနစ်ကိုလည်း လိုအပ်ပေမည်။ ထို့အတူ ဝန်ဆောင်မှု ကွပ်ကဲအဖွဲ့နှင့် အများပြည်သူအား ရှင်းလင်းပေးမည့် ဝန်ဆောင်မှုများလည်း လိုအပ်မည်ဖြစ်သည်။

စာရေးသူအနေဖြင့် အကျိုးများမည့် အီလက်ထရောနစ် ဝန်ဆောင်မှုခရီးကို ဆက်ရန် တိုက်တွန်းလိုပြီး ရုံးလုပ်ငန်းလုပ်ဆောင်မှုများကိုလည်း အီလက်ထရောနစ်စနစ်ကို အခြေခံလျက် တိုးတက်အသုံးချရမည်ဖြစ်သည်။

## နိဂုံး

ပုဂ္ဂလိက ကဏ္ဍများတွင် E ဝန်ဆောင်မှုစနစ်ကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာချိန်တွင် အစိုးရဌာန/အဖွဲ့အစည်းများအနေဖြင့်လည်း ဟန်ချက်ညီ အရောက်သွားသင့်သည့် ကာလဖြစ်သည်။ အထက်ဖော်ပြခဲ့သည့် အကျိုးအပြစ်များကို ချင့်ချိန်လျက် နိုင်ငံနှင့် ပြည်သူတို့၏ အကျိုးစီးပွား ရှေ့ရှုလုပ်ဆောင်သင့်လှပေသည်။ ထိုသို့ဆိုလျှင် နိုင်ငံတကာတွင် ဝင်ဆံ့နိုင်မည့် ရှေ့ခရီးအတွက် မဖြစ်မနေ ခရီးဆက်သင့်သည်မှာ အီလက်ထရောနစ်နည်းပညာ တိုးတက်မှုကို ကောင်းစွာ အသုံးချတတ်ခြင်းပင် ဖြစ်ပေတော့သည်။




# လုပ်ငန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှု
# ( Feasibility Study )

ဒေါက်တာမျိုးငြိမ်းအေး (ပို့ဆောင်ရေး)

စီမံကိန်းလုပ်ငန်းတစ်ခု ဆောင်ရွက်ရန်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းတစ်ခု စတင်ရန်ဖြစ်စေ ဆောင်ရွက်ရန် သင့် / မသင့် ချင့်ချိန်စဉ်းစားနိုင်ရန်အတွက် တွက်ချက်မှုအမျိုးမျိုး၊ မှန်းဆမှုအမျိုးမျိုး ဆောင်ရွက်လေ့ရှိကြပါသည်။ ထိုသို့ ဆောင်ရွက်ကြရာတွင် လုပ်ငန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Feasibility Study) ဟုခေါ်ဆိုသည့် ဆောင်ရွက်ရန် ရည်ရွယ်သည့် လုပ်ငန်းအနေဖြင့် ဖြစ်နိုင်ချေ ရှိ/ မရှိ၊ အောင်မြင်နိုင်မှု ရှိ/ မရှိစသည်တို့ကို စနစ်တကျ တွက်ချက်လေ့လာဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များကို လုပ်ငန်းစီမံကိန်းများ မစတင်မီတွင် မဖြစ်မနေ ပြုလုပ်လာကြပါသည်။

အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့်လည်း ဌာနအသီးသီး၏ ကာလရှည် ရည်မှန်းချက် လုပ်ငန်းစဉ်များ ချမှတ်ထားရမည်ဖြစ်ပြီး Project အလိုက် လုပ်ငန်းဖြစ်မြောက်နိုင်စွမ်း လေ့လာမှု (Feasibility Study) ကို ကြိုတင်စဉ်းစား ဆောင်ရွက်ပြီးမှသာ အဆိုပါစီမံကိန်းနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆက်လက်ဆောင်ရွက်ကြရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ညွှန်ကြားချက် ထုတ်ပြန်ထားသည်ကို တွေ့ရပါသည်။ နိုင်ငံတော်၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြသည့် ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးအနေဖြင့် အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်သည်ဖြစ်စေ၊ နိုင်ငံတကာချေးငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြသည်ဖြစ်စေ၊ နိုင်ငံတကာ ငွေကြေးအထောက်အပံ့ဖြင့် ဆောင်ရွက်ကြသည်ဖြစ်စေ ဖြစ်နိုင်ချေရှိသော၊ အောင်မြင်နိုင်ချေရှိသော၊ အကျိုးအမြတ် တွက်ချက်မျှော်လင့်ဖွယ်ရှိသော အခြေအနေတစ်ရပ်ဖြစ်/မဖြစ်အတွက် လုပ်ငန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Feasibility Study) တွက်ချက် ဆောင်ရွက်ရန်ကိစ္စသည် အလွန်အရေးကြီးသည့် ကိစ္စတစ်ရပ်ဖြစ်ပါသည်။

နိုင်ငံတော်အဆင့် စီမံကိန်းလုပ်ငန်းများတွင်ဖြစ်စေ၊ ဒေသဆိုင်ရာအဆင့် စီမံကိန်းလုပ်ငန်းများတွင်ဖြစ်စေ သက်ဆိုင်ရာ လုပ်ငန်းပမာဏနှင့် လျော်ညီသည့် လုပ်ငန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Feasibility Study) များကို စီမံကိန်းလုပ်ငန်းများစတင်ရန် မဆုံးဖြတ်မီအချိန်တွင်




ဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့အပြင် စီမံကိန်းလုပ်ငန်းအလိုက်ဆောင်ရွက်မည့် လုပ်ငန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Feasibility Study) များသည်လည်း မှန်ကန်သည့် ချဉ်းကပ်လေ့လာမှုဖြစ်ရန်၊ အချက်အလက်ကောက်ယူမှုမှာ မှန်ကန်မှုရှိရန်နှင့် ကဏ္ဍအလိုက် ကိုယ်စားပြုနိုင်မှုရှိစေရန်၊ စနစ်ကျသော လေ့လာဆောင်ရွက်မှုဖြစ်ရန်၊ မှန်ကန်သော ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ရန်၊ ပြည့်စုံသော ဘက်ပေါင်းစုံမှ ရှုမြင်သုံးသပ်မှုဖြစ်ရန်နှင့် အဂတိကင်းသော ကောက်ချက်ချမှုများ ဖြစ်ရန်လည်း လိုအပ်လှပေသည်။

## လုပ်ငန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှု **(Feasibility Study)**ဆိုသည်မှာ

လုပ်ငန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Feasibility Study) ကို ဆောင်ရွက်မည့် စီမံကိန်း လုပ်ငန်းအပေါ် မူတည်ပြီး အမျိုးမျိုးအဓိပ္ပာယ် ဖွင့်ဆိုလေ့ရှိကြပါသည်။ ဥပမာအနေဖြင့် **'လုပ်ငန်းဖြစ်မြောက်နိုင်စွမ်း လေ့လာမှု (Feasibility Study) ဆိုသည်မှာ ရည်ရွယ်ထားသည့် စီမံကိန်းလုပ်ငန်း အပေါ် သက်ဆိုင်ရာနည်းပညာပိုင်းအရ ဖြစ်နိုင်ချေ၊ ခန့်မှန်း ကုန်ကျ စရိတ်ဘောင်အတွင်း ဖြစ်နိုင်ချေနှင့် အကျိုးအမြတ် ရရှိနိုင်မှုဖြစ်နိုင်ချေ ရှိ/ မရှိတို့ကို လေ့လာပိုင်းခြား ဆန်းစစ် တွက်ချက် ခြင်းဖြစ်သည်'** ဟု Business Dictionary မှလည်း ကောင်း၊ **'လုပ်ငန်းဖြစ်မြောက်နိုင်စွမ်း လေ့လာမှု (Feasibility Study) ဆိုသည်မှာ စီမံကိန်း လုပ်ငန်းတစ်ခုအပေါ် အောင်မြင်စွာပြီးဆုံးအောင် လုပ်ဆောင်နိုင်စွမ်း ရှိ/မရှိအတွက် ဆက်စပ်ပတ်သက်သော အကြောင်းရင်း များအပေါ် မူတည် ပြီး ပိုင်းခြားစိတ်ဖြာ သုံးသပ်မှု ဆောင်ရွက်ခြင်းဖြစ်သည်။ အဆိုပါအကြောင်းရင်းများတွင် စီးပွားရေးဆိုင်ရာ၊ နည်း ပညာဆိုင်ရာ၊ ဥပဒေဆိုင်ရာနှင့် အချိန်ကာလအပိုင်းအခြား သတ်မှတ်ချက်အတိုင်း ဆောင်ရွက်နိုင်မှု စသည်တို့ပါဝင် လေ့ရှိသည်'** ဟု Investopedia မှလည်းကောင်း အသီးသီး အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို လေ့လာတွေ့ရှိရပါသည်။

စီးပွားရေးလုပ်ငန်းဖြစ်စေ၊ စီမံကိန်းလုပ်ငန်းဖြစ်စေ အောင်မြင်မှုရရှိစေရန်အတွက် မသေချာမှုမှာ အစဉ်အမြဲ ရင်ဆိုင်ရမည့် အကြောင်းရင်းတစ်ရပ် ဖြစ်ပါသည်။

အကောင်အထည်ဖော်ရန် ရည်ရွယ်ထားသည့် စီမံကိန်း လုပ်ငန်းများအပေါ် အားနည်းချက်/ အားသာချက်များ ရှာဖွေဖော်ထုတ် ချဉ်းကပ်ရာတွင်လည်းကောင်း၊ စီမံကိန်း/ လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် ဆက်စပ်ပတ်သက်သည့် အခြေခံအကြောင်းတရားများအလိုက် အောင်မြင်အောင် ဆောင်ရွက်နိုင်မှုရှိ/ မရှိကို ကြိုတင်သုံးသပ်အကဲဖြတ်ရာတွင်လည်းကောင်း လုပ်ငန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Feasibility Study) လုပ်ငန်းစဉ်များကို ဆောင်ရွက်လေ့ရှိပါသည်။

## လုပ်ငန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Feasibility Study) အမျိုးအစားများ

**လုပ်ငန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Feasibility Study) ဆောင်ရွက်ရာတွင် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်း (သို့မဟုတ်) ပြောင်းလဲဆောင်ရွက်မည့်စနစ်၏ သဘော သဘာဝ၊ အခြေအနေများပေါ်တွင် မူတည်ပြီး လေ့လာမှုပုံစံ အမျိုးအစားအမျိုးမျိုး တွေ့ရှိနိုင်မည် ဖြစ်ပါသည်။ အများအားဖြင့် တွေ့ရလေ့ရှိသည့် လုပ်ငန်းဖြစ်မြောက်နိုင်စွမ်း အမျိုးအစားများမှာ -**

(က) နည်းပညာပိုင်းအရ ဖြစ်နိုင်ချေ (Technical Feasibility)
(ခ) စီးပွားရေးအရဖြစ်နိုင်ချေ (Economic Feasibility)
(ဂ) အချိန်အတိုင်းအတာအရ ဖြစ်နိုင်ချေ (Schedule Feasibility)
(ဃ) လုပ်ငန်းဆောင်ရွက်နိုင်မှုအရ ဖြစ်နိုင်ချေ (Operational Feasibility)
(င) ဈေးကွက်အခြေအနေအရ ဖြစ်နိုင်ချေ (Marketing Feasibility)
(စ) ငွေကြေးတွက်ချက်မှုအရဖြစ်နိုင်ချေ (Financial Feasibility)
(ဆ) ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နိုင်ချေ တွက်ချက်ဆောင်ရွက်မှု (Comprehensive Feasibility)
(ဇ) ထုံးတမ်းဓလေ့ယဉ်ကျေးမှုအရဖြစ်နိုင်ချေ (Cultural Feasibility)
(ဈ) ဥပဒေကြောင်းနှင့် ကျင့်ဝတ်အရဖြစ်နိုင်ချေ (Legal and Ethical Feasibility)
(ည) အရင်းအမြစ်အပေါ်အခြေခံသည့်ဖြစ်နိုင်ချေ (Resource Feasibility)

ဖော်ပြပါတွေ့ရတတ်သည့် အမျိုးအစားများအပြင် ထူးခြားသည့်စီမံကိန်း လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် မတူညီသည့် သီးသန့်ဖြစ်နိုင်ချေ လေ့လာမှုများလည်း ရှိနိုင်ပါသည်။

အဆိုပါခေါင်းစဉ်အလိုက် ဖြစ်နိုင်ချေလေ့လာမှုများတွင် မတူညီသည့် ခေါင်းစဉ်အလိုက် အသေးစိတ်ထပ်မံဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ဆင့်ကာဆင့်ကာ ရှိနေဦးမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် လုပ်ငန်းဆောင်ရွက်နိုင်မှုအပေါ် အခြေခံသည့် ဖြစ်နိုင်ချေလေ့လာမှု (Operational Feasibility) တစ်ခုတည်းအပေါ် ကြည့်မည်ဆိုလျှင်ပင် လက်ရှိလုပ်ငန်းဆောင်ရွက်မှု ပတ်ဝန်းကျင် အခြေအနေအပေါ်မူတည်ပြီး တွက်ချက်လေ့လာဆန်းစစ်ခြင်း ဆောင်ရွက်ရမည့် အောက်ပါလုပ်ငန်းစဉ်များ ပါဝင်နိုင်မည်ဖြစ်ပါသည် -

- ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်း၏ အရေးကြီးမှု အခြေအနေကို သုံးသပ်ခြင်း (မလုပ်လို့မဖြစ်သည့် အခြေအနေလား၊ မလုပ်လည်းဖြစ် သေးသလား၊ လုပ်ကိုလုပ်ရတော့မှာလား စသည်ဖြင့်)၊
- အကယ်၍ စီမံကိန်းအသစ်/ စနစ်အသစ်ကို အကောင်အထည်ဖော်ပါက မည်သည့်အောင်မြင်မှု ရနိုင်မည်နည်း၊
- အုပ်ချုပ်မှုအဖွဲ့အနေနှင့် စီမံကိန်းအသစ်/ စနစ်အသစ် အပေါ် ထောက်ခံပံ့ပိုးမှုရှိ/ မရှိ၊
- စီမံကိန်းအသစ် (သို့မဟုတ်) စနစ်အသစ်ကို ပြောင်းလဲ အသုံးပြုရမည့်အပေါ် သုံးစွဲသူ၏ အမြင်နှင့်ခံစားမှု၊
- အဖွဲ့အစည်းအတွင်း/ အပြင် (ဝန်ထမ်း/ ပြင်ပပုဂ္ဂိုလ်) များမှ ပြောင်းလဲမှုအပေါ် လိုက်ပါဆောင်ရွက်မှု မရှိခြင်း၊ အဟန့်အတားပြုခြင်းနှင့် အဆိုပါပြဿနာကို မည်သို့ကျော်လွှားရမည်ဆိုသည့် နည်းလမ်း၊
- အုပ်ချုပ်မှုအဖွဲ့နှင့် လုပ်ငန်း/ စနစ်အသစ် သုံးစွဲသူများ အနေဖြင့် အပြောင်းအလဲအပေါ် လက်ခံဆောင်ရွက်နိုင်မှု အခြေအနေ

ဖော်ပြပါအချက်များအပြင် ဆောင်ရွက်မည့် စီမံ

ကိန်း (သို့မဟုတ်) စနစ်အသစ်သည် လက်ရှိအဖွဲ့အစည်း၏ စည်းမျဉ်းစည်းကမ်း၊ အစိုးရ၏ဥပဒေ / နည်းဥပဒေများနှင့် သဟဇာတဖြစ် / မဖြစ်ကိုလည်း ထည့်သွင်းလေ့လာဆန်းစစ်ရန် လိုအပ်ပါသည်။

## လုပ်ငန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Feasibility Study) တွင် ပါဝင်သည့်ကဏ္ဍများ

လုပ်ငန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Feasibility Study) တွင် ထည့်သွင်းဆောင်ရွက်ရမည့် ကဏ္ဍများအများအပြား ပါရှိပါသည်။ ဥပမာအားဖြင့် ရည်ရွယ်သည့် စီမံကိန်း မစတင်မီ လက်ရှိဆောင်ရွက်နေသည့် အခြေအနေ အသေးစိတ်၊ လုပ်ငန်းစဉ်များနှင့် ၎င်းတို့၏ ရည်ရွယ်ချက်များ၊ စီမံကိန်းတွင် တိုက်ရိုက်ဖြစ်စေ / သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ပတ်သက်သည့် လူပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်းများ၊ လက်ရှိအနေအထားမှ ပြောင်းလဲခြင်း (သို့မဟုတ်) ပိုမိုကောင်းမွန်အောင် ဆောင်ရွက်လိုခြင်းအတွက် အကျိုးအကြောင်း ဖော်ပြချက် (တစ်နည်းအားဖြင့် စီမံကိန်းလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်လိုသည့် ရည်ရွယ်ချက်)၊ အခြားရွေးချယ် ဆောင်ရွက်နိုင်သည့် ဖြစ်နိုင်ချေများနှင့် နှိုင်းယှဉ်ဖော်ပြနိုင်သည့် အားသာချက် / အားနည်းချက်များ စသည်ဖြင့် အကြောင်းအရာကဏ္ဍများစွာ ပါရှိနိုင်ပါသည်။

ကောင်းမွန်သော လုပ်ငန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Feasibility Study) တွင် ပါဝင်သင့်သည့် အခြေခံအချက်များကို ယေဘုယျအားဖြင့် အောက်ပါအတိုင်း သတ်မှတ်နိုင်ပါသည် -

**(က) စီမံကိန်းလုပ်ငန်းနယ်ပယ်ပမာဏ (Project Scope)။ ။** လုပ်ငန်းဖြစ်မြောက်နိုင်စွမ်း လေ့လာတွက်ချက်မည့် စီမံကိန်းလုပ်ငန်းတွင် ပါဝင်မည့် အကြောင်းအရာ၊ အချက်အလက်၊ တွေ့ကြုံနိုင်သည့် ပြဿနာများ၊ အခွင့်အလမ်းများ စသည်တို့ကို တိကျစွာ အဓိပ္ပာယ်ဖွင့်ဆို ဆောင်ရွက်ရန် လိုအပ်ပါသည်။ 'ပြဿနာကို ကောင်းမွန်စွာ သိရှိခြင်းသည် တစ်ဝက်ဖြေရှင်းပြီးဖြစ်သည်' ဆိုသည့် ဆိုရိုးစကားအတိုင်း ဆောင်ရွက်လိုသည့် စီမံကိန်းလုပ်ငန်းအကြောင်း ပြည့်စုံစွာသိရှိခြင်းသည် လုပ်ငန်းဖြစ်မြောက်နိုင်စွမ်း ရှိ / မရှိကို တစ်ဝက် သိရှိပြီးသကဲ့သို့ ဖြစ်ပါသည်။

**(ခ) လက်ရှိအခြေအနေအပေါ် သုံးသပ်ချက် (Current Analysis)။ ။** လက်ရှိဆောင်ရွက်နေသည့် စနစ် သို့မဟုတ် ထုတ်ကုန်စသည်တို့အား ပြောင်းလဲပြင်ဆင် ဆောင်ရွက်ရမည့် အစီအစဉ်အား လုပ်ငန်းဖြစ်မြောက်နိုင်စွမ်း လေ့လာရာတွင် တွေ့ရလေ့ရှိပါသည်။ လက်ရှိအခြေအနေအပေါ် မှန်ကန်စွာသုံးသပ်နိုင်မှသာ ပြင်ဆင်ပြောင်းလဲလိုသည့် စနစ် သို့မဟုတ် ထုတ်ကုန်ကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**(ဂ) လိုအပ်ချက်များ (Requirements)။ ။** လုပ်ငန်း စီမံကိန်းအသစ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သောအချက်များနှင့် ထိုလိုအပ်ချက်များကို စီမံကိန်း ရည်ရွယ်ချက်နှင့်အညီ မည်သို့ဆောင်ရွက်ရမည်ကို အတည်ပြုသတ်မှတ်ထားရန် လိုအပ်ပါသည်။

**(ဃ) ချဉ်းကပ်ဆောင်ရွက်မှု (Approach)။ ။** အမှတ်စဉ် (ဂ) တွင် အတည်ပြု သတ်မှတ်ခဲ့သည့် လိုအပ်ချက်များကို ပြေလည်အောင် ဖြည့်ဆည်းနိုင်ရန်အတွက် မည်သည့်နည်းလမ်းဖြင့် ချဉ်းကပ်ဆောင်ရွက်ရမည်ကိုလည်း ရွေးချယ်ဆောင်ရွက်ထားရန် လိုအပ်ပါသည်။

**(င) ချင့်တွက်ခြင်း (Evaluation)။ ။** အခက်အခဲ လိုအပ်ချက်များကို ပြေလည်နိုင်ရန် ရွေးချယ်ဆောင်ရွက်မည့် ချဉ်းကပ်မှုအပေါ် ကုန်ကျစရိတ်နှင့်ပတ်သက်ပြီး ထိရောက်မှု ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော ချင့်တွက်မှုကိုလည်း ထည့်သွင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများတွင် အလုပ်သမားလိုအပ်ချက်၊ ငွေရေးကြေးရေး လိုအပ်ချက်၊ စီမံကိန်းအစိတ်အပိုင်းအလိုက် အချိန်ဇယားနှင့်အညီ ဆောင်ရွက်နိုင်မှုလိုအပ်ချက် စသည်တို့ကိုလည်း ထည့်သွင်းချင့်တွက်ရန် လိုအပ်မည် ဖြစ်ပါသည်။

**(စ) သုံးသပ်အစီရင်ခံခြင်း (Review)။ ။** ဖြစ်နိုင်ချေလေ့လာမှုတွင် လေ့လာတွက်ချက် သုံးသပ်အကဲဖြတ်ခဲ့သည့် အချက်အလက်များကို ပေါင်းစည်းကာ သုံးသပ်အစီရင်ခံမှု ပါဝင်ရန်လိုအပ်ပါသည်။ သို့မှသာ အဆိုပါ စီမံကိန်းအား ဖော်ပြပါအချက်များအရ ဆက်လက်ဆောင် ရွက်သင့်သည် (သို့မဟုတ်) မဆောင်ရွက်သင့်ပါ စသည်ဖြင့်

လေ့လာတွေ့ရှိခဲ့သည့် အကျိုးအကြောင်း အချက်အလက်တို့ အားသိရှိကာ စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်နိုင်မည် ဖြစ်ပါသည်။

ဖော်ပြပါအချက်များမှာ အခြေခံအားဖြင့် ဖော်ပြချက်သာဖြစ်ပြီး မတူညီသော စီမံကိန်း / လုပ်ငန်းများအတွက် မတူညီသောလုပ်ငန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Feasibility Study) များရှိမည်ဖြစ်ပြီး၊ သက်ဆိုင်ရာ လုပ်ငန်းဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာများတွင်လည်း မတူညီသော မာတိကာအစီအစဉ်များ ပါဝင်သည်ကို တွေ့ရှိရပါသည်။

ဥပမာအနေဖြင့် နှိုင်းယှဉ်လေ့လာနိုင်ရန်အတွက် *Poland-Russia Cross-Border Cooperation Programme (2014-2020)*အတွက် ရေးဆွဲထားသည့် လုပ်ငန်းဖြစ်မြောက်နိုင်စွမ်းနှင့် ***Prefeasibility Study of the Develo-pment of a Dry Port***အတွက် ရေးဆွဲထားသည့် လုပ်ငန်း ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Feasibility Study) အစီရင် ခံစာတို့တွင် ပါဝင်ကြသည့် မာတိကာအစီအစဉ် (၂) ခုအား နှိုင်းယှဉ်တင်ပြထားပါသည်။


| POLAND-RUSSIA CROSS-BORDER COOPERATION PROGRAMME (2014-2020) | PREFEASIBILITY STUDY OF THE DEVELOPMENT OF A DRY PORT |
|---|---|
| **Executive Summary** | **Executive Summary** |
| **1. Project Overview**<br>- Basic Data; Background and purpose of the project; Scope of the project; | **1. Introduction**<br>- Background; Approaches and Structure of the feasibility study report |
| **2. Economic analysis**<br>- Feasibility analysis; Demand analysis; Option analysis; Recommendation of preferred option; | **2. Socio-economic and inter-national trade**<br>- Overview; Trade and transport; Merchandize centers and related activities; Industrial zones and special economic; Potential projects; |
| **3. Institutional analysis** | **3. Policy and institutional issues**<br>- Policy issues; Institutional and regulatory issues; |
| **4. Contribution of the project** to sustainable development<br>- Environmental impact assessment; Accessibility of projects and non-discrimination; | **4. Development of transport and logistics** |
| **5. Project implementation**<br>- Readiness of infrastructure component(s) for implementation; Plan of project implementation and operation; | **5. Freight demand forecast of dry port** |
| **6. Financial analysis**<br>- Project financing; Financial analysis and durability analysis; | 6. Physical development plan<br>- Proposed site; Overall layout; Freight handling equipment and utility; |
| **7. Socio-economic costs and benefits analysis** | **7. Cost estimates**<br>- Land acquisition; Civil work; Building work; Access road; Railways facility; Cargo handling equipment; Total cost estimate; |
| **8. Risk analysis** | **8. Economic and financial analysis** |
| **9. Independent quality review** | **9. Financial analysis; Econo-mic analysis** |
| | **10. Environmental and social impact assessment** |
| | **11. Conclusions and recom-mendations** |

## လုပ်ငန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှု **(Feasibility Study)** ၏ အရေးပါမှု

စီမံကိန်းတစ်ခု အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်း ရှိ/ မရှိ ကြိုတင် တွက်ချက် ခန့်မှန်းဆောင်ရွက်ခြင်းသာမက အဆိုပါစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်မည်ဆိုပါက ရင်ဆိုင်တွေ့ကြုံနိုင်မည့် ဆုံးရှုံးနိုင်ချေတို့ကို လျှော့ချပေးနိုင်ရန်အတွက်လည်း လုပ်ငန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Feasibility Study) ကို ဆောင်ရွက်လေ့ရှိကြပါသည်။ ထိုသို့ လုပ်ငန်းဖြစ်မြောက်နိုင်စွမ်း လေ့လာမှု (Feasibility Study) ကို ဆောင်ရွက်ထားခြင်းဖြင့် စီမံကိန်း

လုပ်ငန်းအနေဖြင့် အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်နိုင်ခြင်း၊ စီမံကိန်း အကောင်အထည်ဖော်ရာတွင် အထောက်အပံ့များစွာ ရရှိနိုင်ခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် လုပ်ငန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Feasibility Study) မှာ စီမံကိန်းအကောင်အထည်မဖော်မီ အသုံးပြုသည့် သုတေသန အစီရင်ခံစာ သက်သက်သာမဟုတ်ဘဲ အဆိုပါ လုပ်ငန်း ရေရှည်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး အတွက် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။

စီးပွားရေးလုပ်ငန်းအသစ်တစ်ခု စွန့်ဦးလုပ်ဆောင်ရန်အတွက် ဖြစ်ပေါ်လာသည့် အကြံအစည်ကို လက်တွေ့အကောင်အထည်ဖော်ရန်အတွက် လုပ်ငန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Feasibility Study) မှာ အလွန်အရေးကြီးသည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။ လုပ်ငန်းစဉ်အစီအစဉ်ကို အောက်ဖော်ပြပါပုံတွင် တွေ့ရှိနိုင်ပါသည်။




## လုပ်ငန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Feasibility Study) ဆောင်ရွက်ရာတွင် မှားတတ်သော အချက်များ

လုပ်ငန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Feasibility Study) အား မည်သည့်စီမံကိန်း လုပ်ငန်းအတွက်မဆို စတင်အကောင်အထည်ဖော်ခြင်း မပြုမီ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုအနေဖြင့် ထည့်သွင်းဆောင်ရွက်ရမည် ဖြစ်သော်လည်း ဆောင်ရွက်ကြသည့် လုပ်ငန်းအဖွဲ့အစည်းများ၊ လုပ်ငန်းဌာနများ၊ စီးပွားရေးလုပ်ငန်း ပိုင်ရှင်များအနေဖြင့် မှားယွင်းသည့်အမြင်၊ မှားယွင်းသည့် ချဉ်းကပ်မှုများဖြင့် လုပ်ငန်းဖြစ်မြောက်နိုင်စွမ်း လေ့လာဆောင်ရွက်မှုများ မကြာခဏ ပြုလုပ်ကြသည့် သာဓကများကိုလည်း လေ့လာတွေ့ရှိရပါသည်။

လုပ်ငန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Feasibility Study) ဆောင်ရွက်ရာတွင် မကြာခဏ မှားယွင်းသည့်ပုံစံဖြင့် ဆောင်ရွက်လေ့ရှိသည့် အချက်များအား စုစည်းဖော်ပြလိုက်ပါသည်။

**(က) မဖြစ်မနေလုပ်မည်ဟု ဆုံးဖြတ်ခြင်း။ ။** အချို့ စီမံကိန်းလုပ်ငန်းများ၊ စီးပွားရေး လုပ်ငန်းအသစ်များ ဆောင်ရွက်ရာတွင် လုပ်ငန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Feasibility Study) ဆောင်ရွက်သည်ဖြစ်စေ၊ မဆောင်ရွက်သည်ဖြစ်စေ အဆိုပါလုပ်ငန်းကို မဖြစ်မနေလုပ်မည်ဟု ဆုံးဖြတ်တတ်လေ့ရှိပါသည်။ Feasibility Study ဆောင်ရွက်မှုအား အပိုလုပ်ငန်းစဉ်တစ်ခုအဖြစ် ရှုမြင်သုံးသပ်မှုမျိုးကိုလည်း တွေ့ရတတ်ပါသည်။ လုပ်ငန်းအောင်မြင်နိုင်ချေအပေါ် သံသယရှိသည်ဆိုပါက Feasibility Study ကို မဖြစ်မနေ ဆောင်ရွက်သင့်ပြီး၊ ထိုသို့ဆောင်ရွက်ခြင်းကြောင့် အသုံးပြုရမည့် ကုန်ကျစရိတ်သည် Feasibility Study မဆောင်ရွက်သဖြင့် လုပ်ငန်းတစ်ခုလုံးနောက်တွင် ဆုံးရှုံးရမည့်ပမာဏထက် လွန်စွာနည်းပါးမည် ဖြစ်ပါသည်။

**(ခ) ကိုယ်တိုင် Feasibility Study ဆောင်ရွက်ခြင်း။ ။** အများအားဖြင့် ကိုယ်တိုင်ဒီဇိုင်နာများ၊ အင်ဂျင်နီယာများ၊ တီထွင်သူများနှင့် လုပ်ငန်း၏အမှုဆောင်အရာရှိချုပ်များအနေဖြင့် သူတို့၏ ကိုယ်ပိုင်အတွေးအခေါ် စဉ်းစားမှုကို ရှေ့တန်းတင်လေ့ရှိကြပါသည်။ ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းနှင့်ပတ်သက်ပြီး ကုန်ကျစရိတ် သက်သာရန်ဖြစ်စေ၊ မိမိလုပ်ချင်သည့် လုပ်ငန်းကို ဖြစ်မြောက်နိုင်စွမ်း

**များသောအားဖြင့် အတိုင်ပင်ခံ အဖွဲ့အစည်းများသည် နယ်ပယ်တစ်ရပ်တွင် ကျွမ်းကျင်သော်လည်း၊ ကဏ္ဍအစုံတွင် နားလည်တတ်ကျွမ်းရန် မဖြစ်နိုင်ပါ။**

အပြည့်အဝရှိသည်ဟု ယူဆသောကြောင့်ဖြစ်စေ အဆိုပါ Feasibility Studyကို ကိုယ်တိုင် ဆောင်ရွက်လေ့ရှိပြီး၊ ရရှိသည့်အဖြေမှာ အမှန်တကယ် အသုံးဝင်လေ့မရှိသည်ကို တွေ့ရတတ်ပါသည်။ ဘေးပယောဂကင်းကင်းဖြင့် လွတ်လပ်စွာ တွေးခေါ်စဉ်းစားလေ့လာမှု ဆောင်ရွက်နိုင်မည့် ပညာရှင်/ အဖွဲ့ကို ငှားရမ်းဆောင်ရွက်စေသင့်ပါသည်။

**(ဂ) စီမံကိန်းအဓိပ္ပာယ်ဖွင့်ဆိုမှု။** ။ Feasibility Study လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်ပြီး တိကျသည့် အဓိပ္ပာယ်ဖွင့်ဆိုချဉ်းကပ်မှုသည် အရေးကြီးသည့် ကိစ္စတစ်ရပ် ဖြစ်ပါသည်။ **''ကျွန်တော်တို့ဒီနေရာမှာ အပန်းဖြေစခန်းတစ်ခု တည်ဆောက်ဖို့ဖြစ်နိုင်သလား''** ဆိုသည့် မေးခွန်းမျိုးအတွက် ဖြစ်နိုင်ချေလေ့လာမှု ဆောင်ရွက်ရမည်ဆိုပါက ရင်းနှီးမြှုပ်နှံမှုအတွက် လုံလောက်သည့် ဖြစ်မြောက်နိုင်စွမ်း အဖြေထုတ်ရန် ခက်ခဲနိုင်ပါသည်။ **''ကျွန်တော်တို့ ဒီနေရာမှာ အသက် ၂၅ ကနေ ၅၀ အကြား အသင့်အတင့် ငွေသုံးစွဲနိုင်တဲ့ စုံတွဲတွေအတွက် သဘာဝပတ်ဝန်းကျင်နဲ့ သဟဇာတလည်းဖြစ်စေမယ့် စတုရန်းပေ ၃၀,၀၀၀ ကနေ ၅၀,၀၀၀ လောက်အထိ ကျယ်ဝန်းတဲ့ အပန်းဖြေစခန်းတစ်ခုတည်ဆောက်ဖို့ ဖြစ်နိုင်သလား''** ဆိုသည့် မေးခွန်းမျိုးက လုပ်ငန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှု ဆောင်ရွက်ရန်အတွက် ပိုပြီးနီးစပ်နိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် Feasibility Studyဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းအတွက် ရှင်းလင်းသည့် အသေးစိတ် အဓိပ္ပာယ်ဖွင့်ဆိုဖော်ပြရန် လိုအပ်ပါသည်။

**(ဃ) Feasibility Studyဆောင်ရွက်မည့်နယ်ပယ်။** ။ Feasibility Study ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်မည့် လုပ်ငန်းနယ်ပယ် အတိုင်းအတာ (scope)အား ကြိုတင်သတ်မှတ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ နည်းပညာပိုင်းဆိုင်ရာ/ အင်ဂျင်နီယာပိုင်းဆိုင်ရာ ချဉ်းကပ်မှု သီးသန့်ဆောင်ရွက်မည် သို့မဟုတ် စီးပွားရေး/ ဈေးကွက်ဆိုင်ရာ ချဉ်းကပ်မှု သီးသန့်ဆောင်ရွက်မည် စသည်ဖြင့် ရှင်းလင်းစွာ သတ်မှတ်ပေးထားရန် လိုအပ်ပါသည်။ ထိုသို့ သတ်မှတ်ဆောင်ရွက်ပြီးပါကလည်း သတ်မှတ်ဆောင်ရွက်ထားသည့် နယ်ပယ်အလိုက်သာ သုံးသပ်အစီအရင်ခံတင်ပြရန် လိုအပ်ပါသည်။




**(င) အချိန်ကာလ တိုတောင်းလွန်းခြင်း။** ။ တစ်ခါတစ်ရံ စီမံကိန်း လုပ်ငန်းစတင်ရန် အချိန်အတိုင်းအတာအရ အလွန်နီးကပ်နေသည့်ကာလတွင် Feasibility Studyမဖြစ်မနေ ဆောင်ရွက်ရမည့် အခြေအနေမျိုး ကြုံကြိုက်လေ့ရှိပါသည်။ အဆိုပါ အခြေအနေတွင် Feasibility Study အား အလျင်စလို ဆောင်ရွက်ပါက လေ့လာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ကျန်ခဲ့ခြင်းများ ဖြစ်ပေါ်လေ့ရှိပါသည်။ အလျင်စလို ဆောင်ရွက်ထားသည့် မပြည့်စုံသည့် Feasi-bility Study Report အပေါ်အခြေခံပြီး အကောင်အထည်ဖော်သဖြင့် အောင်မြင်မှုမရှိပဲ ဆုံးရှုံးသွားသည့် စီမံကိန်းများ များစွာတွေ့ရှိရပါသည်။ အလျင်စလို မဆောင်ရွက်သင့်ပါ။

**(စ) မှားယွင်းသည့် အဖွဲ့အစည်းငှားရမ်း ဆောင်ရွက်မှု။** ။ များသောအားဖြင့် အတိုင်ပင်ခံ အဖွဲ့အစည်းများသည် နယ်ပယ်တစ်ရပ်တွင် ကျွမ်းကျင်သော်လည်း၊ ကဏ္ဍအစုံတွင် နားလည်တတ်ကျွမ်းရန် မဖြစ်နိုင်ပါ။ သို့ဖြစ်၍ မိမိစီမံကိန်းလုပ်ငန်းနှင့် ကိုက်ညီသည့် ပြင်ပအတိုင်ပင်ခံ အဖွဲ့အစည်းကို ငှားရမ်းပြီး Feasibility Study ဆောင်ရွက်နိုင်ရန် အရေးကြီးပါသည်။ အင်ဂျင်နီယာအတိုင်ပင်ခံ အဖွဲ့ကို ဈေးကွက်အဖြေရှာသုံးသပ်မှု ဆောင်ရွက်ရန် လုပ်ငန်းအပ်နှံ၍ မအောင်မြင်နိုင်ပေ။ ကောင်းမွန်သည့် ချဉ်းကပ်မှုမှာ လိုအပ်သော အရည်အသွေးရှိသည့် ကျွမ်းကျင်အဖွဲ့အစည်းအဖြစ် ပူးပေါင်းဖွဲ့စည်း ဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်ရာနယ်ပယ်အလိုက် ကျွမ်းကျင်သူများဖြင့် ကောင်းမွန်စွာ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**(ဆ) ကြီးတိုင်းလည်း အမြဲမကောင်းနိုင်ပါ။** ။ အချို့စီးပွားရေးလုပ်ငန်း စီမံကိန်းကြီးများတွင် ကမ္ဘာကျော်

အတိုင်ပင်ခံကုမ္ပဏီကြီးများ၊ အမှတ်တံဆိပ် အမည်သတင်း ကျော်ကြားသည့် ကုမ္ပဏီကြီးများကို Feasibility Study ဆောင်ရွက်ရန်အတွက် ဈေးနှုန်းများစွာ အကုန်အကျခံကာ ငှားရမ်းဆောင်ရွက်စေလေ့ရှိပါသည်။ တစ်ခါတစ်ရံ အဆိုပါ နာမည်ကြီး အဖွဲ့အစည်းများသည် အတွေ့အကြုံနုနယ်သည့် ဝန်ထမ်းများကိုသာ ဖြစ်နိုင်ချေလေ့လာမှု ဆောင်ရွက်စေသဖြင့် အမှားများနှင့် ကြုံတွေ့ရသည့် အခြေအနေမျိုး မကြာခဏ ကြုံတွေ့ရလေ့ရှိပါသည်။

**(ဇ) Feasibility Study အတွက်ကုန်ကျစရိတ်။** Feasibility Study ဆောင်ရွက်ရန်အတွက် ကုန်ကျစရိတ် အတိုင်းအတာမှာ အကြောင်းအရာ များစွာပေါ်တွင် မူတည်နိုင်ပါသည်။ ဆောင်ရွက်ရမည့် လုပ်ငန်းနယ်ပယ် ကျယ်ဝန်း ရှုပ်ထွေးမှု၊ ဥပဒေရေးရာကိစ္စများ ထည့်သွင်းစဉ်းစား ဆောင်ရွက်ရမှု၊ ပြိုင်ဆိုင်မှုပြင်းထန်သည့် ဈေးကွက်အခြေအနေနှင့် ဆက်စပ်မှု စသည့်အချက်များ ထည့်သွင်းတွက်ချက်ရမှု အတိုင်းအတာပေါ်တွင် မူတည်ပါသည်။ Feasibility Study ဆောင်ရွက်ရန် လုပ်ငန်းမအပ်နှံမီ လုပ်ငန်းအရွယ်အစား၊ လေ့လာမှုတွင်ပါဝင်သည့် နယ်ပယ် / ကဏ္ဍ စသည်တို့နှင့် နှိုင်းယှဉ်ချိန်ထိုးပြီး ဆောင်ရွက်ရန် လိုအပ်ပါသည်။

**(ဈ) လုပ်သင့် / မလုပ်သင့်ဆုံးဖြတ်ချက်။** အများအားဖြင့် စီမံကိန်းလုပ်ငန်းများကို ဖြစ်နိုင်ချေလေ့လာရာတွင် ဆောင်ရွက်သင့်သည်ဆိုသည့် သုံးသပ်ချက်ကို တွေ့ရလေ့ရှိပါသည်။ သို့သော်လည်း ဆက်လက် ဆောင်ရွက်ပါက လေ့လာတွေ့ရှိထားသည့် သတိပြုရန်အချက်များကို သိသာထင်ရှားစွာ ထည့်သွင်းရေးသားရန် လိုအပ်ပါသည်။ တစ်ခါတစ်ရံတွင် ရည်ရွယ်သည့်လုပ်ငန်းမှာ ဆောင်ရွက်ရန်မသင့်ကြောင်း လေ့လာတွေ့ရှိသည့် အခြေအနေမျိုးလည်း ရှိတတ်ပါသည်။ လေ့လာမှုဆောင်ရွက်နေစဉ်အတွင်း တွေ့ကြုံရမည့် အခက်အခဲများ၊ ပြဿနာများကို ရှာဖွေတွေ့ရှိပါက လုပ်ငန်းအပ်နှံသူထံ အမြန်ဆုံးအသိပေး ဆွေးနွေးဆောင်ရွက်သင့်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အမှန်တကယ် လုပ်ငန်း ဆောင်ရွက်နိုင်စွမ်းမရှိသည့် စီမံကိန်းများအတွက် Feasibility Study ကုန်ကျစရိတ် ထက်ဝက်ခန့် သက်သာခဲ့သည့် သာဓကများ ရှိခဲ့ဖူးပါသည်။

**(ည) အမြဲထောက်ခံသူ။** မိမိခိုင်းသည့်အတိုင်း၊ မိမိလိုချင်သည့်အဖြေကို ရရှိအောင် ဆောင်ရွက်ပေးမည့် အဖွဲ့အစည်းကို ငှားရမ်းပြီး Feasibility Study ဆောင်ရွက်ရန် စေခိုင်းခြင်းမပြုရန် အရေးကြီးပါသည်။ အချို့လုပ်ငန်း အဖွဲ့အစည်းများအနေဖြင့် Feasibility Study ဆောင်ရွက်သော်လည်း ထိုသို့ဆောင်ရွက်ခြင်းမှာ အမှန်တကယ် လုပ်ငန်းဖြစ်မြောက်နိုင်စွမ်း ရှိ/ မရှိ လေ့လာဖော်ထုတ်ရန် ရည်ရွယ်ချက်မဟုတ်ဘဲ၊ အထက်အဖွဲ့အစည်းတစ်ခုခု၏ လိုအပ်ချက်အရ ဆောင်ရွက်ခြင်းသာ ဖြစ်သည်ကို တွေ့ရတတ်ပါသည်။ လေ့လာမှုဆောင်ရွက်သည့် အတိုင်ပင်ခံအဖွဲ့အစည်းအနေဖြင့် မည်ကာမတ္တသာ လုပ်ဆောင်ရပြီး စီမံကိန်း လုပ်ငန်းရှင်၏ လိုလားချက်အတိုင်း အဖြေထုတ် ဆောင်ရွက်ရသည့် Feasibility Study များသာ ဖြစ်ပါသည်။ လွန်စွာ မှားယွင်းပြီး ကျင့်ဝတ်နှင့်မညီသော လုပ်ရပ်များ ဖြစ်ပါသည်။

## အကြံပြုချက်


လုပ်ငန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Feasibility Study) သည် စီမံကိန်းလုပ်ငန်းတစ်ခု အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ဗျူရိုကရက်ဆန်ဆန် အမိန့်အာဏာနှင့် ဆောင်ရွက်စေခြင်း၏ ဆန့်ကျင်ဘက် လုပ်ငန်းစဉ် ဖြစ်ပါသည်။ ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းပမာဏ ကြီးမားကျယ်ပြန့်လေလေ Feasibility Study ၏ အရေးပါမှု ပိုမိုပါဝင်လေ ဖြစ်ပါသည်။

လုပ်ငန်းဖြစ်မြောက်နိုင်စွမ်း လေ့လာမှုများသည် လုပ်ငန်းစီမံကိန်းအသစ်များ ရေးဆွဲ အကောင်အထည်ဖော်နိုင်ရန်အတွက် ကနဦးပုံမှန်ချဉ်းကပ်မှုတစ်ရပ်အဖြစ် ကိုယ်စားပြုပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရ၏ စီမံကိန်း လုပ်ငန်းကြီးများတွင်လည်းကောင်း၊ ဒေသအလိုက် ဆောင်ရွက်ကြမည့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်း အရပ်ရပ်တွင်လည်းကောင်း၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကုမ္ပဏီများ၏ အကောင်အထည်ဖော်ရန် ရည်ရွယ်သည့် လုပ်ငန်းအကြံအစည် အသီးသီးတွင်လည်းကောင်း ကောင်းမွန်မှန်ကန်သော ချဉ်းကပ်မှုဖြင့် ထိရောက်အကျိုးရှိသော လုပ်ငန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Feasibility Study) များ ဆောင်ရွက်နိုင်ကြပါစေကြောင်း ရေးသားတင်ပြအပ်ပါသည်။

# ခိုတကျူရှုမြို့၏

# အမှိုက်စီမံခန့်ခွဲမှုစနစ်အား လေ့လာခြင်း

| ဒေါ်အိအိခိုင် |



ခိုတကျူရှုမြို့သည် လူဦးရေတစ်သန်းခန့်နေထိုင်၍ ဂျပန်နိုင်ငံ၊ အနောက်တောင်ပိုင်းတွင် စီးပွားရေးအရ အချက်အချာကျသည့် မြို့တစ်မြို့ဖြစ်ပါသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ကျော်က ဂျပန်နိုင်ငံသည် စက်မှုဖွံ့ဖြိုးမှုနှင့် လူဦးရေတိုးတက်လာခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးသည့်ဒဏ်ကို ခံစားခဲ့ရပါသည်။ အထူးသဖြင့် အမှိုက်များ များပြားလာခြင်းသည် မြို့ပြလူနေမှုစနစ်အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ခဲ့ပါသည်။ အဆိုပါစိန်ခေါ်မှုကို အခွင့်အရေးအဖြစ် ပြောင်းလဲအသုံးပြုနိုင်ခဲ့သည့် ခိုတကျူရှုမြို့၏ အမှိုက်စီမံခန့်ခွဲမှုစနစ်အား ယခုဆောင်းပါးတွင် လေ့လာနိုင်ရန် ဖော်ပြအပ်ပါသည်။

## ခီတကျူးရှူးမြို့၏ အမှိုက်စီမံခန့်ခွဲမှုစနစ်

ခီတကျူးရှူးမြို့တွင် ၁၉၉၃ ခုနှစ်မတိုင်ခင်အထိ အမှိုက်စွန့်ပစ်သည့်စနစ်သည် ပြည်သူများမှ အမှိုက်ကို အကုန်စွန့်ပစ်၍ ခီတကျူးရှူးမြို့အုပ်ချုပ်ရေးအဖွဲ့မှ အဆိုပါ အမှိုက်များအားလုံးကို စုစည်းစွန့်ပစ်သည့်စနစ်ကို ကျင့်သုံးခဲ့ပါသည်။ အဆိုပါစနစ် ကျင့်သုံးခဲ့ခြင်းကြောင့် အမှိုက်စွန့်ပစ်မှုပမာဏ တဖြည်းဖြည်းပိုမိုများလာခြင်း၊ အမှိုက်ထဲတွင် ပလတ်စတစ်အမှိုက်များ ပိုမိုများ ပြားလာခြင်း၊ မြို့အုပ်ချုပ်ရေးအဖွဲ့တွင် အမှိုက်အတွက် ကုန်ကျစရိတ် များပြားလာခြင်း စသည်တို့ကို ရင်ဆိုင်ခဲ့ရပါသည်။ ၁၉၉၃ ခုနှစ်တွင် အမှိုက်တန်ချိန် စုစုပေါင်း ၃ ဒသမ ၀၄ သိန်းအထိ ရောက်ရှိခဲ့ပါသည်။

သို့ပါ၍ မြို့အုပ်ချုပ်ရေးအဖွဲ့မှ ၁၉၉၃ ခုနှစ်တွင် အမှိုက်များမှ ပြန်လည်အသုံးပြုနိုင်သည့် ပစ္စည်းများ ခွဲထုတ်သည့်စနစ်ကို အသုံးပြုခဲ့ပါသည်။ ကနဦးအနေဖြင့် ပုလင်းခွံများ၊ စည်သွပ်ဘူးခွံများကို သီးခြားစွန့်ပစ်စေသည့်စနစ်ကို စတင်ကျင့်သုံးခဲ့ပါသည်။ ထို့နောက် ပလတ်စတစ်ဘူးများ၊ ကတ်ထူစက္ကူများ၊ ဖော့ပစ္စည်းများကိုလည်း ထပ်မံခွဲခြား စွန့်ပစ်စေသည့် စနစ်ကို ကျင့်သုံးခဲ့ပါသည်။ သို့သော် အမှိုက်စွန့်ပစ်မှု ကျဆင်းလာခြင်းမရှိဘဲ ၁၉၉၇ ခုနှစ်တွင် အမှိုက်တန်ချိန် ၃ ဒသမ ၂၅ သိန်းအထိ ရောက်ရှိခဲ့ပါသည်။

၁၉၉၅ ခုနှစ်၊ ဇွန်လတွင် ဂျပန်နိုင်ငံ၌ Act on the Promotion of Sorted Collection and Recycling of Containers and Packaging ကို ပြဋ္ဌာန်းခဲ့ပြီး၊ ၁၉၉၇ ခုနှစ် ဧပြီလတွင် စတင်အာဏာသက်ရောက်ခဲ့ပါသည်။ အဆိုပါ ဥပဒေအရ ခီတကျူးရှူးမြို့တွင် ၁၉၉၈ ခုနှစ်မှစတင်၍ အမှိုက်အိတ်များဖြင့် စွန့်ပစ်သည့်နည်းလမ်းများကို စတင်ကျင့်သုံးခဲ့ပါသည်။ ထိုအချိန်မှစတင်၍ အမှိုက်စွန့်ပစ်မှုများ တိုးတက်လာခြင်း မရှိတော့ဘဲ ပုံမှန်အခြေအနေသို့ ရောက်ရှိခဲ့ပါသည်။

၂၀၀၀ ပြည့်နှစ်မှစတင်၍ အမှိုက်စွန့်ပစ်မှု စီမံခန့်ခွဲမှုစနစ်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် 3R (Reducing, Reusing, Recycling) နှင့် Green Purchasing (စွန့်ပစ်ပစ္စည်းများ ပြန်လည်ဝယ်ယူအသုံးပြုခြင်း) နည်းလမ်းများကို အသုံးပြုခဲ့ပါသည်။ ပြည်သူများအမှိုက်စွန့်ပစ်မှုနည်းစေရန်၊ ပြန်လည် အသုံးပြုနိုင်သည့် ပစ္စည်းများကို အသုံးပြုရန်နှင့် စွန့်ပစ်ပစ္စည်းများမှ ကုန်ကြမ်းပစ္စည်း ထုတ်လုပ်နိုင်ရန်အတွက် အမှိုက်အမျိုးအစားအလိုက် အမှိုက်အိတ်ကိုအရောင်ခွဲ၍ စွန့်ပစ်ရန် ဆောင်ရွက်ခဲ့ပါသည်။

အမှိုက်အိတ်အမျိုးအစားအလိုက် စွန့်ပစ်ရသည့်အတွက် စွန့်ပစ်မှုပမာဏ လျော့နည်းလာပြီး၊ အမှိုက်တန်ချိန် ၂၆ ရာခိုင်နှုန်းလျော့ကျလာခဲ့ပါသည်။ အမှိုက်အိတ်များဖြင့် စွန့်ပစ်ရသည့်အတွက် ကုန်ကျစရိတ်အနေဖြင့် အိမ်ထောင်စုတစ်စုမှ တစ်ကြိမ်တွင် အမှိုက်နှစ်အိတ် စွန့်ပစ်ပါက တစ်နှစ်လျှင် ယန်း ၃၈,၄၈၀ (ကျပ် ၄၆၂,၀၀၀ ခန့်) ကုန်ကျပါသည်။ အကယ်၍ တစ်ကြိမ်တွင် အမှိုက်တစ်အိတ်သာ စွန့်ပစ်ပါက တစ်နှစ်လျှင် ယန်း ၁၉,၂၄၀ (ကျပ် ၂၃၀,၀၀၀ ခန့်) ကုန်ကျ၍ ယန်း ၂၀,၀၀၀ (ကျပ် ၂၃၂,၀၀၀ ခန့်) ကုန်ကျစရိတ်သက်သာပါသည်။ ထို့ကြောင့် အိမ်ထောင်စုများသည် ကုန်ကျစရိတ် သက်သာရန်အတွက် အမှိုက်စွန့်ပစ်မှုများ လျှော့ချပြီး၊ အသုံးဝင်သည့် ပစ္စည်းများ ပြန်လည် အသုံးပြု လာခဲ့ပါသည်။

ထို့ပြင် စွန့်ပစ်ပစ္စည်းများဖြင့် ထုတ်လုပ်သည့် ကုန်ပစ္စည်းများကိုလည်း ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချနိုင်ရန် ကုန်ကြမ်းများအား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခြင်းနှင့် စွန့်ပစ်ကုန်ကြမ်းများမှ ကုန်ပစ္စည်းများ တီထွင်ထုတ်လုပ်မှုများကို အားပေးခြင်းများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

၂၀၀၅ ခုနှစ် ဒီဇင်ဘာလတွင် အမှိုက်စွန့်ပစ်သည့်နည်းစနစ်သစ်ကို စတင်ခဲ့ပါသည်။ အဆိုပါစနစ်တွင် အမှိုက်အမျိုးအစားအလိုက် အမှိုက်အိတ်များကို ဈေးနှုန်းပြောင်းလဲခြင်း၊ အမှိုက်စွန့်ရမည့် နည်းစနစ်များချမှတ်ခြင်းနှင့် ပြန်လည်အသုံးပြုနိုင်သည့် အမှိုက်များအား သီးခြားခွဲထုတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ အမှိုက်စွန့်ပစ်မှုကို ၂၀ ရာခိုင်နှုန်း ဆက်လက်ကျဆင်းရန်နှင့် အသုံးပြုနိုင်သည့် ပစ္စည်းများကို ပြန်လည်အသုံးပြုမှုအား ၂၅ ရာခိုင်နှုန်း တိုးတက်စေရန် ရည်မှန်းချက်ထား၍ ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အမှိုက်များခွဲခြားရသည့် ကုန်ကျစရိတ် သက်သာစေရန်၊ မလိုအပ်ဘဲအမှိုက်

အဖြစ် စွန့်ပစ်ခြင်းကို လျှော့ချစေရန်၊ မိမိစွန့်ပစ်သည့် အမှိုက်အတွက် တာဝန်ယူမှုရှိစေရန်နှင့် အသုံးပြုနိုင်သည့် ပစ္စည်းများကို ပြန်လည်အသုံးပြုသည့် အလေ့အကျင့်ရှိစေရန် ဆောင်ရွက်ခဲ့ပါသည်။

အမှိုက်အိတ်များကို ဈေးနှုန်းပြောင်းလဲခြင်းတွင် ဥပမာအားဖြင့် မီးဖိုချောင်မှ စွန့်ပစ်သည့် အမှိုက်ထည့်သော ၄၅ လီတာ အမှိုက်အိတ် တစ်အိတ်ကို ယန်း ၅၀ ဖြင့် ရောင်းချသော်လည်း ပြန်လည် အသုံးပြုနိုင်သည့် ပလတ်စတစ်ဘူးများ၊ cans နှင့် ပုလင်းများကို သီးခြားစီထည့်သည့် ၄၅ လီတာ အမှိုက်အိတ် တစ်အိတ်ကို ယန်း ၂၀ ဖြင့် ရောင်းချပေးပါသည်။ ပမာဏတူသော်လည်း ပြန်လည်အသုံးပြုသည့် အမှိုက်များထည့်သောအိတ်များကို ဈေးနှုန်းထက်ဝက်ကျော် သက်သာအောင် ဆောင်ရွက်ထားခဲ့ပါသည်။ ထို့ကြောင့် ပြည်သူများမှ ကုန်ကျစရိတ် သက်သာစေရန်အတွက် ဈေးနှုန်းသက်သာသည့် အိတ်များဖြင့် ပြန်လည်အသုံးပြုသောအမှိုက်များကို သီးခြားခွဲ စွန့်ခြင်းကြောင့် အမှိုက်စွန့်ပစ်မှုကို လျှော့ချနိုင်ခြင်းနှင့် အသုံးဝင်သည့် ပစ္စည်းများ လွယ်ကူစွာ စုဆောင်းနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

အဆိုပါ စနစ်သစ်အားအကောင်အထည်မဖော်မီ ၂၀၀၅ ခုနှစ် မေလမှ နိုဝင်ဘာလအထိ (၆) လအတွင်း ဆွေးနွေးပွဲပေါင်း (၅၁၅) ကြိမ်နှင့် စနစ်သစ် စတင်အကောင်အထည်ဖော်ပြီး ၂၀၀၅ ခုနှစ် ဒီဇင်ဘာလမှ ၂၀၀၆ ခုနှစ် ဇွန်လအထိ (၆)လအတွင်း ဆွေးနွေးပွဲပေါင်း (၈၆၁) ကြိမ်၊ ဆွေးနွေးပွဲ စုစုပေါင်း (၁,၃၇၆) ကြိမ် ပြုလုပ်၍ ပြည်သူများအား ရှင်းလင်းခဲ့ပါသည်။ ရှင်းလင်းပြောကြားခြင်းကို စာသင်ကျောင်းများ၊ တက္ကသိုလ်များ၊ အသင်းအဖွဲ့များ၏ ဆွေးနွေးပွဲများ၊ သက်ဆိုင်ရာရပ်ကွက်အလိုက် စုဝေးသည့် နေရာများတွင် အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။

ပြည်သူများသည် အမှိုက်များခွဲခြား စွန့်ပစ်ခြင်းဆိုင်ရာ စနစ်ကို သိရှိနားလည်၍ ပူးပေါင်းပါဝင်မှုကြောင့် အမှိုက်စွန့်ပစ်ခြင်း စီမံခန့်ခွဲမှုသည် များစွာအောင်မြင်ခဲ့ပါသည်။ မူလက ၂၀၀၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း အမှိုက်စွန့်ပစ်မှုနှုန်း ၂၀ ရာခိုင်နှုန်းအထိသာ လျှော့ကျနိုင်ရန် ခန့်မှန်းထားသော်လည်း ရည်မှန်းချက်ထက် ပိုမိုအောင်မြင်၍ ၃၃ ရာခိုင်နှုန်းအထိ လျော့ကျခဲ့ပါသည်။ ၂၀၀၃ ခုနှစ်တွင် အမှိုက် စုစုပေါင်း ၂၅၃,၂၁၅ တန် (လူတစ်ဦးလျှင် ၂၅၂ ဒသမ ၄ ကီလိုဂရမ်) စွန့်ပစ်ခဲ့သော်လည်း ၂၀၁၆ ခုနှစ်တွင် အမှိုက်စုစုပေါင်း ၁၆၀,၈၀၁ တန် (လူတစ်ဦးလျှင် ၁၆၈ ဒသမ ၂ ကီလိုဂရမ်)အထိ လျော့ကျခဲ့ပါသည်။ ထို့အပြင် အသုံးဝင်သည့်ပစ္စည်းများပြန်လည် အသုံးပြုမှုသည် ၂၀၀၇ ခုနှစ်မှ စတင်၍ ၁၀ နှစ်ဆက်တိုက် နှစ်စဉ် ၂၅ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ပါသည်။




## အမှိုက်သိမ်းသည့် စနစ်

ခိတကျူးရှူမြို့၏ အမှိုက်သိမ်းရာတွင် ကဏ္ဍ (၂) ရပ် ပါဝင်ပါသည်။ မြို့အုပ်ချုပ်ရေးအဖွဲ့မှ သိမ်းခြင်းနှင့် အမှိုက်သိမ်းဝန်ဆောင်မှု (သို့မဟုတ်) ကိုယ်တိုင်သိမ်းယူခြင်း ဖြစ်ပါသည်။ မြို့အုပ်ချုပ်ရေးအဖွဲ့မှ အမှိုက်အိတ်များဖြင့် ထည့်ထားသည့် အိမ်ထောင်စုများမှ ထွက်ရှိသည့် အမှိုက်များကို သတ်မှတ်ထားသည့် နေရာ ၁၅၀၀ ကျော်မှ အမှိုက်ထိန်းသိမ်းသည့် စင်တာများသို့ ပို့ဆောင်ပါသည်။

မီးဖိုချောင် အမှိုက်များကိုတစ်ပတ်လျှင် (၂) ကြိမ် သတ်မှတ်ထားသည့် အမှိုက်အိတ်ဖြင့်လည်းကောင်း၊ ကျန် သတ်မှတ်ထားသည့် အမှိုက်အိတ်များကိုတစ်ပတ်လျှင် (၁) ကြိမ်လည်းကောင်း၊ ထုထည်ကြီးမားသည့် အမှိုက်များ ဥပမာ အိမ်ထောင်ပရိဘောဂများ၊ မွေ့ရာများကို တစ်လ

လျှင် တစ်ကြိမ် ပစ္စည်းအလိုက် သတ်မှတ်ဈေးနှုန်း (ယန်း ၃၀၀ မှ ယန်း ၁၀၀၀) ဖြင့်လည်းကောင်း၊ သတ်မှတ်ထားသည့် နေရာများမှ သိမ်းယူပေးပါသည်။ မီးချောင်းနှင့် သတ္တုပစ္စည်းများအား ဈေးဝယ်စင်တာများရှိ သတ်မှတ် သေတ္တာများမှ သိမ်းယူပေးပါသည်။

မြို့အုပ်ချုပ်ရေးမှ သိမ်းယူခြင်းမရှိသည့် အမှိုက်များကို အမှိုက်သိမ်းဝန်ဆောင်မှုများ (သို့မဟုတ်)ကိုယ်တိုင်သိမ်းယူ၍ အမှိုက်ထိန်းသိမ်းသည့် စင်တာများသို့ ပို့ဆောင် ပါသည်။ အမှိုက်များကိုကိုယ်တိုင်ပို့ဆောင်ပါက ကုန်ကျ စရိတ်သည် ၁၀ ကီလိုဂရမ်ကို ယန်း ၁၀၀ (ကျပ် ၁၂၀၀ ခန့်) ကုန်ကျပြီး၊ အမှိုက်သိမ်းသည့် ဝန်ဆောင်မှုများ အသုံး ပြုပါက ကုန်ကျစရိတ်သည် ၁၀ ကီလိုဂရမ်ကို ယန်း ၇၀ (ကျပ် ၈၄၀ ခန့်) ကုန်ကျကြောင်း သိရှိရပါသည်။

ခိတကျူးရှူးမြို့တွင် အမှိုက်ထိန်းသိမ်းသည့် စင်တာ ၃ ခုရှိပြီး၊ စင်တာများကို မြို့အုပ်ချုပ်ရေးမှ စီမံခန့်ခွဲမှုများကို ဆောင်ရွက်ပါသည်။ စင်တာများသို့ တစ်နေ့လျှင် အမှိုက် ၂,၁၃၀ တန်ခန့် ရောက်ရှိပါသည်။ ရောက်ရှိလာသည့် အမှိုက်များကို သီးခြားခွဲခြားထားပါသည်။ အဆိုပါစင်တာများတွင် အောက်ပါ လုပ်ငန်းစဉ် ၂ ခုကို အဓိက ဆောင်ရွက်ပါသည်-

(က) အမှိုက်များကိုမီးရှို့၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း

(ခ) စွန့်ပစ်ပစ္စည်းမှ ကုန်ကြမ်းများထုတ်လုပ်ခြင်း

အမှိုက်ထိန်းသိမ်းသည့် စင်တာတွင် မီးရှို့စွန့်ပစ်ရမည့် အမှိုက်များကို အမှိုက်ကန်များတွင် စုဆောင်းထားပါသည်။ ထို့နောက် လျှပ်စစ်မီးထုတ်လုပ်သည့် ဘွိုင်လာ လည်ပတ်နိုင်ရန်အတွက် လိုအပ်သည့် လောင်စာအနေဖြင့် အသုံးပြုပါသည်။ စင်တာ ၃ ခုမှ ၂၀၁၀ ခုနှစ်တွင် လျှပ်စစ်ဓာတ်အား တစ်နာရီလျှင် ၁၈၄,၀၀၀ မဂ္ဂါဝပ် ထုတ်လုပ်ပေးပြီး၊ ဝင်ငွေယန်း ၈၄၈ သန်းရရှိခဲ့ပါသည်။ အမှိုက်များကို မီးရှို့၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းကို စက်ယန္တရားများဖြင့် ဆောင်ရွက်ပါသည်။

စွန့်ပစ်ပစ္စည်းမှ ကုန်ကြမ်းများထုတ်လုပ်ခြင်း ကဏ္ဍတွင် လူအင်အားအများဆုံး အသုံးပြု၍ ဆောင်ရွက်ပါသည်။ အမှိုက်များ ရွေးချယ်ခြင်းနှင့် အမှိုက်သန့်စင်ခြင်း လုပ်ငန်းများတွင် လုပ်သားအင်အား အများဆုံး အသုံးပြုပါသည်။ မသန်စွမ်းသူများ ဥပမာအားဖြင့် နားမကြားသူများအတွက် အဆိုပါလုပ်ငန်းများတွင် အလုပ်အကိုင် ဖန်တီးပေးထားပါသည်။ အမှိုက်များမှ ထွက်ရှိလာသည့် စတီးကုန်ကြမ်းများကို ဆောက်လုပ်ရေး လုပ်ငန်းများ၊ အလူမီနီယံများကို အလူမီနီယံဘူးများ ပြုလုပ်သည့် လုပ်ငန်းများ၊ ဖန်ပုလင်းမှုန်များကို ပုလင်းပြုလုပ်သည့် လုပ်ငန်းများ၊ ပလတ်စတစ်ပုလင်းများကို ပလတ်စတစ်လုပ်ငန်းများ၊ ကတ္တူများနှင့် စက္ကူများကိုအိမ်သာသုံးစက္ကူထုတ်လုပ်သည့် လုပ်ငန်းများသို့ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးပါသည်။

ခိတကျူးရှူးမြို့ အုပ်ချုပ်ရေးအဖွဲ့၏ အမှိုက်စီမံခန့်ခွဲမှုလုပ်ငန်းမှ ၂၀၁၇ ခုနှစ်တွင် အမြတ်ငွေ ယန်း ၇၂၀၀ သန်းခန့်ရရှိ၍ မြို့၏ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ခဲ့ပြီး၊ သန့်ရှင်းသပ်ရပ်သည့် မြို့အဖြစ် ဆောင်ရွက်နိုင်ခဲ့ပါသည်။


ခိတကျူးရှူးမြို့၏ အမှိုက်စီမံခန့်ခွဲမှုသည် ပြည်သူများ၏ နေထိုင်မှုအခြေအနေကို အခြေခံ၍ ရည်မှန်းချက်နှင့် ကိုက်ညီသည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ အုပ်ချုပ်ရေးအဖွဲ့၏ အမှိုက်စီမံခန့်ခွဲမှုစနစ်များ ပြုပြင်ပြောင်းလဲမှုများကို ပြည်သူများနားလည်လက်ခံနိုင်ရန် အချိန်ယူ၍ ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခြင်း၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ခိတကျူးရှူးမြို့၏ အမှိုက်စီမံခန့်ခွဲမှုစနစ်သည် ပြည်သူများနှင့် အုပ်ချုပ်မှုအဖွဲ့အစည်းများအကြား နားလည်မှုကို ခိုင်မာစွာ တည်ဆောက်နိုင်ခဲ့သည့် အောင်မြင်သည့် နည်းစနစ်တစ်ခုအဖြစ် တင်ပြလိုက်ရပါသည်။

# မျှော်မှန်းသက်တမ်း (Life Expectancy)

## ရှည်စေချင်

ညောင်တိုင် (ဗဟိုစာရင်းအင်းအဖွဲ့)

မြန်မာနိုင်ငံတွင် နှစ်ပေါင်း (၃၀) ကျော်ကြာ မကောက်ယူနိုင်ခဲ့သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ် မတ်လနှင့် ဧပြီလအတွင်းတွင် ကောက်ယူနိုင် ခဲ့ပါသည်။ ယင်းစစ်တမ်းမှ မြန်မာနိုင်ငံ၏ ဒေသအတွင်း နေထိုင်သူအားလုံး၏ လူဦးရေဆိုင်ရာ သတင်းအချက်အလက်များနှင့် ကျန်းမာရေးဆိုင်ရာ သတင်းအချက် အလက်များကို လေ့လာသိရှိရပါသည်။ ယင်းအချက်အလက်များအနက် မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်း (Life Expectancy) အကြောင်းကို အဓိကထား၍ လေ့လာရေးသား ဖော်ပြသွားမည်ဖြစ်ပါသည်။



**မြန်မာလူမျိုးများအနေ ဖြင့် အဘယ့်ကြောင့် ပျမ်းမျှသက်တမ်း တိုကြသနည်းဆို သည်ကို လေ့လာ သုံးသပ်ရမည် ဖြစ်ပါသည်။**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၁၆ ခုနှစ် မေလ စာရင်းများအရ ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၈၃ နိုင်ငံတွင် ဂျပန်နိုင်ငံသားများသည် ပျမ်းမျှအသက်ရှည်နှုန်း (သို့မဟုတ်) မျှော်မှန်းသက်တမ်းမှာ ကျား/မ ပျမ်းမျှ သက်တမ်း ၈၃ ဒသမ ၇ နှစ်ဖြင့် အမြင့်ဆုံးဖြစ်ပါသည်။ တခြားတစ်ဖက်တွင် ဆီရာယွန် နိုင်ငံသားများသည် ကျား/မ ပျမ်းမျှသက်တမ်း ၅၀ ဒသမ ၁ နှစ်ဖြင့် ပျမ်းမျှ အသက် အတိုဆုံးလူမျိုးဖြစ်ပါသည်။ ထို့ပြင် ကမ္ဘာပေါ်ရှိ အသက်ရှည်ဆုံးလူမျိုးများရှိရာ ၁၀ နိုင်ငံမှာ ဂျပန်၊ ဆွစ်ဇာလန်၊ စင်ကာပူ၊ သြစတြေးလျ၊ စပိန်၊ အိုက်စလန်၊ အီတလီ၊ အစ္စရေး၊ ဆွီဒင်နှင့် ပြင်သစ်နိုင်ငံတို့ ဖြစ်ကြပါသည်။ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံ၏ မျှော်မှန်း သက်တမ်းများကို ကမ္ဘာ့အဆင့်အလိုက် ဇယား(၁) ဖြင့် ဖော်ပြထားပါသည်။

**ဇယား- ၁ အာဆီယံ (၁၀) နိုင်ငံ၏ ကမ္ဘာ့အဆင့်အလိုက် မျှော်မှန်းသက်တမ်းအခြေအနေ**

| စဉ် | နိုင်ငံအမည် | ကမ္ဘာ့အဆင့် | မျှော်မှန်းသက်တမ်း | | |
|---|---|---|---|---|---|
| | | | ပျမ်းမျှ | ကျား | မ |
| ၁။ | စင်ကာပူ | ၃ | ၈၃. ၁ | ၈၀.၀ | ၈၆. ၁ |
| ၂။ | ဘရူနိုင်း | ၃၉ | ၇၇.၇ | ၇၆.၃ | ၇၉.၂ |
| ၃။ | ဗီယက်နမ် | ၅၆ | ၇၆.၀ | ၇၁.၃ | ၈၀.၇ |
| ၄။ | မလေးရှား | ၆၇ | ၇၅.၀ | ၇၂.၇ | ၇၇.၃ |
| ၅။ | ထိုင်း | ၇၀ | ၇၄.၉ | ၇၁. ၉ | ၇၈.၀ |
| ၆။ | အင်ဒိုနီးရှား | ၁၂၀ | ၆၉. ၁ | ၆၇. ၁ | ၇၁.၂ |
| ၇။ | ကမ္ဘောဒီးယား | ၁၂၃ | ၆၈.၇ | ၇၀.၇ | ၆၆.၆ |
| ၈။ | ဖိလစ်ပိုင် | ၁၂၄ | ၆၈.၅ | ၆၅.၃ | ၇၂.၀ |
| ၉။ | မြန်မာ | ၁၂၉ | ၆၆.၆ | ၆၄.၆ | ၆၈.၅ |
| ၁၀။ | လာအို | ၁၃၇ | ၆၅.၇ | ၆၄. ၁ | ၆၇.၂ |

**ဇာစ်မြစ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (၂၀၁၆ ခုနှစ်၊ မေလ)**

အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံ၏ မျှော်မှန်းသက်တမ်းများကို နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် စင်ကာပူနိုင်ငံသည် ကမ္ဘာ့အဆင့် ၃ ဖြင့် အမြင့်ဆုံးဖြစ်ပြီး လာအိုနိုင်ငံသည် ကမ္ဘာ့အဆင့် ၁၃၇ ဖြင့် အနိမ့်ဆုံးဖြစ်ပါသည်။ မြန်မာနိုင်ငံအား လေ့လာမည်ဆိုပါက အာဆီယံ ၁၀ နိုင်ငံအနက် နောက်မှရေတွက်လျှင် ကမ္ဘာ့အဆင့် ၁၂၉ ဖြင့် ဒုတိယ အသက်အတိုဆုံး နိုင်ငံဖြစ်ပါသည်။ မြန်မာလူမျိုးများအနေဖြင့် အဘယ့်ကြောင့် ပျမ်းမျှသက်တမ်းတိုကြသနည်းဆိုသည်ကို လေ့လာသုံးသပ်ရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်းအခြေအနေများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဇယား (၂) တွင် ဖော်ပြထားပါသည်။

**ဇယား- ၂ မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မျှော်မှန်းသက်တမ်းအခြေအနေ**


| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မျှော်မှန်းသက်တမ်း | | |
|---|---|---|---|---|
| | | ပျမ်းမျှ | ကျား | မ |
| ပြည်ထောင်စု | | ၆၄ . ၇ | ၆၀ . ၂ | ၆၉၃ |
| ၁။ | ကချင်ပြည်နယ် | ၆၄ . ၂ | ၅၉.၄ | ၆၉.၃ |
| ၂။ | ကယားပြည်နယ် | ၆၄ . ၃ | ၅၉.၁ | ၇၀.၂ |
| ၃။ | ကရင်ပြည်နယ် | ၆၂ . ၁ | ၅၇.၇ | ၆၆.၇ |
| ၄။ | ချင်းပြည်နယ် | ၆၀. ၅ | ၅၇.၄ | ၆၃.၅ |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ၆၅ . ၈ | ၆၁.၀ | ၇၀.၄ |
| ၆။ | တနင်္သာရီတိုင်းဒေသကြီး | ၆၅. ၅ | ၆၂.၂ | ၆၈.၉ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၆၅ . ၂ | ၆၀.၇ | ၆၉.၈ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၆၂. ၃ | ၅၇.၁ | ၆၇.၅ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၆၄. ၉ | ၅၉.၇ | ၇၀.၂ |
| ၁၀။ | မွန်ပြည်နယ် | ၆၃ . ၅ | ၅၈.၂ | ၆၉.၁ |
| ၁၁။ | ရခိုင်ပြည်နယ် | ၆၅ . ၅ | ၆၁.၆ | ၆၉.၃ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၆၅. ၅ | ၆၀.၅ | ၇၀.၈ |
| ၁၃။ | ရှမ်းပြည်နယ် | ၆၄. ၈ | ၆၀.၅ | ၆၉. ၄ |

| | | | | |
|---|---|---|---|---|
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၆၃.၆ | ၆၀.၂ | ၆၇.၂ |
| ၁၅။ | နေပြည်တော် | ၆၇.၇ | ၆၃.၇ | ၇၁.၆ |

**ဇာစ်မြစ်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း**

မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်းကို လေ့လာမည်ဆိုလျှင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ ပြည်ထောင်စု ပျမ်းမျှမှာ ၆၄ ဒသမ ၇ နှစ်ရှိရာမှ ၂၀၁၆ ခုနှစ် မေလတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စာရင်းများအရ ပြည်ထောင်စုပျမ်းမျှမှာ ၆၆ ဒသမ ၆ နှစ်ရှိသဖြင့် ပို၍ သက်တမ်းရှည်လာသည်ကို လေ့လာတွေ့ရှိရပါသည်။

**ပုံ- ၁ မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မျှော်မှန်းသက်တမ်းအခြေအနေ**




**ဇာစ်မြစ်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း**

ပုံ(၁) တွင် ဖော်ပြထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ မျှော်မှန်းသက်တမ်းများကို နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် နေပြည်တော်၏ မျှော်မှန်းသက်တမ်းမှာ ၆၇ ဒသမ ၇ နှစ်ဖြင့် အမြင့်ဆုံးဖြစ်ပြီး ချင်းပြည်နယ်၏ မျှော်မှန်းသက်တမ်းမှာ ၆၀ ဒသမ ၅ နှစ်ဖြင့် အနိမ့်ဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ ယေဘုယျအားဖြင့် လေ့လာသုံးသပ်မည်ဆိုလျှင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် အမျိုးသားများ၏ မျှော်မှန်းသက်တမ်းသည် အမျိုးသမီးများ၏ မျှော်မှန်းသက်တမ်းထက် နိမ့်ပါးကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံ၌ စုစုပေါင်းလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြပါသည်။ ထိုသို့ဆိုလျှင် မြန်မာနိုင်ငံသားများ၏ သက်တမ်း အရှည်/အတိုကို လေ့လာပါက ကျေးလက်နေပြည်သူများနှင့် ပို၍ ဆက်စပ်နိုင်ခြေများမည် ဖြစ်ပါသည်။ မြန်မာ့ကျေးလက်ဒေသနေ ပြည်သူများသည် နေရာထိုင်ခင်း ကျယ်ကျယ်ဝန်းဝန်း၊ ချောင်ချောင်ချိချိဖြင့် နေထိုင်ကြပြီး လေကောင်းလေသန့်များ ရရှိသည့်အပြင် မြို့နေပြည်သူများကဲ့သို့ ရှုပ်ရှုပ်ထွေးထွေးနှင့် ကျပ်ကျပ်တည်းတည်း နေထိုင်ရသည်မျိုး မရှိပါဟု မေးမြန်းမှုများ၊ စောဒကတက်မှုများလည်း ရှိနိုင်ပါသည်။ အချို့က ကျေးလက်နေပြည်သူအများစုမှာ အသက်ရှည်ကြပြီး အနည်းစုသာလျှင် အသက်တိုခြင်းမှာ အာဟာရမပြည့်ဝမှု၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် ဆေးရုံနှင့်ဆရာဝန်များ / ကျွမ်းကျင်သော ကျန်းမာရေးစောင့်ရှောက်သူများ နည်းပါးခြင်း စသည်တို့ကြောင့် အသက်တိုရခြင်းဖြစ်သည်ဟု ဆိုကြပါသည်။ ထို့ပြင် မြို့နေပြည်သူများသည်လည်း ခက်ခဲကြမ်းတမ်းသော လူနေမှုဘဝများတွင် ရုန်းကန်နေရပြီး ဆင်းရဲဒုက္ခများကြောင့် အသက်တိုရခြင်းဖြစ်သည်ဟုလည်း စောဒကတက်နိုင်ပါသည်။

**မြန်မာတို့၏ လူနေမှု စရိုက်အရ စားသုံးမှုဝလေ့ကို သုံးသပ်ပါက အကြော် (ဆီကြော်) စာများကို အလွန်ကြိုက်နှစ်သက်ကြပါသည်။ ထိုအကြော်များကို ကြော်သည့်ဆီမှာ ဈေးပေါသည့် စားအုန်းဆီ၊ ပြန်ကြော်ဆီများနှင့် မခမ်းသည့်ဆီများဖြစ်၍ လူနှင့်မတည့်သော ဘေးဥပဒ်ဖြစ်စေသော ဆီများကို စားသုံးမိကြပါသည်။**

မည်သို့ဆိုစေကာမူ ကျေးလက်နေ / မြို့ပြနေဟု မသက်ဆိုင်ဘဲ လူနေမှုစရိုက် (Life Style) နှင့် နေထိုင်မှုဓလေ့ထုံးတမ်းများအပေါ်တွင် များစွာမူတည်ကြောင်း အဓိကထည့်သွင်း စဉ်းစားရမည်ဖြစ်ပါသည်။ မြန်မာတို့၏ လူနေမှုစရိုက်အရ စားသုံးမှုဓလေ့ကိုသုံးသပ်ပါက အကြော်(ဆီကြော်) စာများကို အလွန်ကြိုက်နှစ်သက်ကြပါသည်။ ထိုအကြော်များကို ကြော်သည့်ဆီမှာ ဈေးပေါသည့် စားအုန်းဆီ၊ ပြန်ကြော်ဆီများနှင့် မခမ်းသည့်ဆီများဖြစ်၍ လူနှင့်မတည့်သော ဘေးဥပဒ်ဖြစ်စေသော ဆီများကိုစားသုံးမိကြပါသည်။ ထို့ပြင် မြန်မာ့ထမင်း (ဆန်)နှင့် ဆီပြန်ဟင်းကိုလည်း အလွန်ခုံမင်ကြပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာတွင် ဆန်အများဆုံးစားသော နိုင်ငံတစ်နိုင်ငံအဖြစ်လည်း စာရင်းဝင်ခဲ့ပါသည်။ နှစ်ပေါင်းများစွာ ဆန်ကိုစားသုံးသည့်အတွက် လူကောင်ကြီးထွားမှု အားနည်းခြင်းနှင့် သက်လုံအားကောင်းမှု နည်းပါးခြင်းများ ကြုံတွေ့ရပြီး ကျန်းမာရေးအားဖြင့် ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါ၊ ကူးစက်မြန်သော အဆုတ်ရောဂါ၊ ဝမ်းလျှောဝမ်းပျက်ရောဂါ၊ ငှက်ဖျားရောဂါနှင့် အူယောင်ငန်းဖျားရောဂါများ အဖြစ်များကြပါသည်။ ထို့ပြင် ပြန်ကြော်ဆီများနှင့် စားအုန်းဆီများကို ဆီပြန်ဟင်းများတွင် ပြန်၍ အသုံးပြုလေ့ရှိသဖြင့် အရပ်ပုပြီး အလေးချိန်တက်ကာ ဝဖိုင့်သည့်အတွက် Body Mass Index-BMI ၁၆ နှင့် ၂၀ ကြားထက် ကျော်လွန်ကြောင်း၊ ၂၅ မှ ၃၀ အထိရှိသူများသည် အဝလွန်ရောဂါကြောင့် အသက်တိုစေသည့် ရောဂါဖိစီးခြင်းကိုခံရပြီး အသက်တိုကြရခြင်းဖြစ်ပါကြောင်း ဒီမိုကရေစီဂျာနယ်မှ ဆရာအောင်ချိန်ဘွားက ရေးသားဖော်ပြထားပါသည်။ ထို့အပြင် အချို့မှာ အခြားသော ကျန်းမာရေး ထိခိုက်စေသည့် အရက်အလွန်အကျွံသောက်ခြင်း၊ ဆေးလိပ် သောက်ခြင်းနှင့် ကွမ်းစားခြင်း ဓလေ့များကြောင့်လည်း ကင်ဆာရောဂါများဖြစ်ပွားကာ အသက်တိုရခြင်းဖြစ်ပါကြောင်း၊ ထို့အပြင် ကျား များသည် မ များ ထက် ဆေးလိပ်၊ အရက်သေစာနှင့် ကွမ်းများကို ပို၍ မှီဝဲသုံးစွဲကြသည့်အတွက် မ များသည် ကျား များထက် ပို၍ အသက်ရှည်ပါကြောင်း လေ့လာသုံးသပ်နိုင်ပါသည်။

**ဇယား- ၃ ပြည်ထောင်စုအဆင့် ကျား/မ မွေးဖွားစဉ် အသက်မျှော်မှန်းကိန်း (၂၀၁၅- ၂၀၅၀)**

| ခုနှစ် | အသက်မျှော်မှန်းကိန်း (ကျား) | | | အသက်မျှော်မှန်းကိန်း (မ) | | |
|---|---|---|---|---|---|---|
| | အနိမ့် | အလယ်အလတ် | အမြင့် | အနိမ့် | အလယ်အလတ် | အမြင့် |
| ၂၀၁၄-၂၀၁၅ | ၆၀.၁၇ | ၆၀.၁၇ | ၆၀.၁၇ | ၆၉.၃၃ | ၆၉.၃၃ | ၆၉.၃၃ |
| ၂၀၁၉-၂၀၂၀ | ၆၂.၁၇ | ၆၂.၁၇ | ၆၂.၆၇ | ၇၀.၈၃ | ၇၁.၃၃ | ၇၁.၆၃ |
| ၂၀၂၄-၂၀၂၅ | ၆၄.၁၇ | ၆၄.၁၇ | ၆၄.၉၇ | ၇၂.၀၃ | ၇၂.၈၃ | ၇၃.၆၃ |
| ၂၀၂၉-၂၀၃၀ | ၆၆.၁၇ | ၆၆.၁၇ | ၆၇.၂၇ | ၇၃.၂၃ | ၇၄.၀၃ | ၇၅.၁၃ |
| ၂၀၃၄-၂၀၃၅ | ၆၇.၆၇ | ၆၇.၆၇ | ၆၉.၂၇ | ၇၄.၂၃ | ၇၅.၂၃ | ၇၆.၃၃ |
| ၂၀၃၉-၂၀၄၀ | ၆၈.၆၇ | ၆၈.၈၇ | ၇၀.၇၇ | ၇၅.၂၃ | ၇၆.၂၃ | ၇၇.၅၃ |
| ၂၀၄၄-၂၀၄၅ | ၆၉.၆၇ | ၇၀.၀၇ | ၇၁.၉၇ | ၇၆.၀၃ | ၇၇.၂၃ | ၇၈.၅၃ |
| ၂၀၄၉-၂၀၅၀ | ၇၀.၆၇ | ၇၁.၀၇ | ၇၃.၁၇ | ၇၆.၈၃ | ၇၈.၂၃ | ၇၉.၅၃ |

**ဓာတ်မြစ်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း**

ဇယား (၃) တွင် ဖော်ပြထားသည့် မြန်မာနိုင်ငံ၏ ပြည်ထောင်စုအဆင့် ကျား/မ မွေးဖွားစဉ် အသက်မျှော်မှန်းကိန်းအား ၅ နှစ်ခြားသော မျှော်မှန်းကိန်းဂဏန်းများအရ မြန်မာလူမျိုးများ၏ သက်တမ်း ပိုရှည်လာနိုင်ကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း လူနေမှုစရိုက် (Life Style)နှင့် နေထိုင်မှုဓလေ့ထုံးတမ်းများကို ဆင်ခြင်သုံးသပ်ခြင်းများ မရှိလျှင် အသက်တိုရခြင်း အကျိုးဆက်များကို ဆက်လက်ခံစားရနိုင်ဖွယ်ရှိပါသည်။ မိမိတို့နိုင်ငံအနေဖြင့် အခြားသော ကမ္ဘာ့နိုင်ငံများနှင့် အာဆီယံနိုင်ငံများအတွင်းရှိ မျှော်မှန်းသက်တမ်းရှည်ရသည့် အကြောင်းတရားများကို လေ့လာဆန်းစစ်ဖော်ထုတ်ပြီး နေထိုင်သွားမှုသာလျှင် မြန်မာနိုင်ငံ၏ ပျမ်းမျှသက်တမ်းများရှည်၍ မျှော်မှန်းကိန်းဂဏန်းများအတိုင်း သက်တမ်းတိုးမြှင့်လာမည်ဖြစ်ပါကြောင်း လေ့လာသုံးသပ် ရေးသားတင်ပြလိုက်ပါသည်။

(မှတ်ချက်။ ။၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း အစီရင်ခံစာမှ ကိန်းဂဏန်းအချက်အလက်နှင့် ဒီမိုကရေစီဂျာနယ်မှ သတင်းအချက်အလက်များကိုကောက်နုတ် ရေးသားပြီး လေ့လာသုံးသပ်ရေးသားခြင်းဖြစ်ပါသည်။)

# ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်တွင်အရေးပါလာမည့် နည်းပညာရပ်များ

| ငြိမ်းဆုသာ |



ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် စတုတ္ထစီးပွားရေးလှိုင်း (Fourth Industrial Revolution) အဖြစ် စီးပွားရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် နေ့စဉ်လူနေမှု ကိစ္စရပ်များတွင် ဒီဂျစ်တယ် နည်းပညာကိုအသုံးပြုပြီး ပိုမိုထိရောက်စွာ စွမ်းဆောင် နိုင်ရန်နှင့် ဒီဂျစ်တယ်စီးပွားရေးကဏ္ဍဖြင့် တိုင်းပြည်၏ဝင်ငွေကို မြှင့်တင်နိုင်ရန် ဦးတည် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။ တစ်နည်းအားဖြင့် ဒီဂျစ်တယ် စီးပွားရေး (Digital Economy) ဆိုသည်မှာ လုပ်ငန်းကဏ္ဍအားလုံးတွင် ပါဝင်နိုင်၍ ရေရှည်တည်တံ့ ခိုင်မြဲနိုင် သော ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် နည်းပညာကို ထိရောက်စွာ အသုံးပြုနိုင်သော စီးပွားရေး စနစ်ပင်ဖြစ်သည်။

ဒီဂျစ်တယ်စီးပွားရေး အောင်မြင်စေရန် စက်မှုလုပ်ငန်းများ၊ ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများ ဒီဂျစ်တယ်စနစ် ပြောင်းလဲအသုံးပြုရန် လိုအပ်ခြင်း၊ အဆိုပါ ဒီဂျစ်တယ်စနစ်ကို လုံခြုံစွာ အသုံးပြုနိုင်ရန်အတွက် ဆိုက်ဘာလုံခြုံရေးနှင့် တီထွင်ဖန်တီးနိုင်သည့် လုပ်ငန်းများ အများအပြား ပေါ်ပေါက်လာရန် လိုအပ်မည် ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် ဒီဂျစ်တယ်စီးပွားရေး တိုးတက်မှုနှုန်းသည် အခြားသော စီးပွားရေးကဏ္ဍများ၏ တိုးတက်မှုထက် ၂ ဒသမ ၅ ဆ ပိုမြင့်ပြီး၊ ဒီဂျစ်တယ်စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းသည် အခြားစီးပွားရေးကဏ္ဍများအပေါ်တွင် ရင်းနှီးမြှုပ်နှံခြင်းထက် ၆ ဒသမ ၇ ဆ အကျိုးအမြတ်ပိုမိုရရှိကြောင်း စစ်တမ်းများအရ လေ့လာသိရှိရပါသည်။

၂၀၁၅ ခုနှစ်အတွက် ကမ္ဘာ့ Digital Economy မှရရှိသည့် ဝင်ငွေသည် ကမ္ဘာ့စုစုပေါင်းဂျီဒီပီ (GDP) ၏ ၂၂ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပြီး၊ ၂၀၂၀ ခုနှစ်တွင် ကမ္ဘာ၏ Digital Economy မှ ဝင်ငွေသည် ကမ္ဘာ့စုစုပေါင်းဂျီဒီပီ (GDP) ၏ ၂၅ ရာခိုင်နှုန်းအထိ တိုးမြင့်လာမည်ဟု ခန့်မှန်းထားပါသည်။ အဆိုပါ ဒီဂျစ်တယ်စီးပွားရေး ဝန်းကျင်ကောင်းများ ရေရှည်တည်တံ့နိုင်စေရန် နောင်အနာဂတ်တွင် အရေးပါလာမည့် နည်းပညာရပ်ဝန်းအချို့ကို ကောက်နုတ်တင်ပြရလျှင် -

## Internet of Things- IoT နည်းပညာ

Internet of Things-IoT နည်းပညာသည် နှစ်အနည်းငယ်အတွင်း ကမ္ဘာတစ်လွှား လူပြောများ ရေပန်းစားလာမည် ဖြစ်ပါသည်။ လူသားများ နေ့စဉ်အသုံးပြုနေသည့် အသုံးအဆောင်ပစ္စည်းများတွင် အာရုံခံစနစ်များ တပ်ဆင်ပြီး အင်တာနက်နှင့် ချိတ်ဆက်ကာ အနီးမှဖြစ်စေ၊ အဝေးမှဖြစ်စေ ထိန်းချုပ်ပြီး အသုံးပြုခြင်းအားဖြင့် နေ့စဉ်လုပ်ငန်းဆောင်တာများ ပိုမိုလွယ်ကူစေရန်အတွက် ရည်ရွယ်၍ ပညာရှင်များက တီထွင်ဖန်တီးခဲ့သည့် နည်းပညာ ဖြစ်ပါသည်။ ဥပမာအနေဖြင့် လူ့အသုံးအဆောင်ပစ္စည်းများဖြစ်သည့် ရေခဲသေတ္တာ၊ အဲယားကွန်း၊ မီးဖို၊ မော်တော်ကား၊ မော်တော်ဆိုင်ကယ်တို့တွင် Microprocessor Chip များကို ထည့်သွင်း၍ အဝေးမှ ထိန်းချုပ်နိုင်မည်ဖြစ်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံအများစုတွင် IoT နည်းပညာကို စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စွမ်းအင်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝဘေး လျော့ပါးရေးစသည့် ကဏ္ဍပေါင်းစုံတွင် အသုံးပြုနေကြပြီဖြစ်သည်။ ၂၀၂၀ ခုနှစ်တွင် IoT Device ပေါင်း ၂၄ ဘီလီယံခန့် ချိတ်ဆက်နိုင်မည်ဟုခန့်မှန်းထားပါသည်။

## Artificial Intelligence (AI) ဉာဏ်ရည်တုနည်းပညာ

လူမဲ့ စက်ကိရိယာများဖြင့် သင်ယူမှု၊ ဘာသာစကားများကို အလိုအလျောက် နားလည်မှု၊ ဉာဏ်ရည်တုစသည့် နည်းပညာများကို စုစည်းထားသည့် သိမြင်မှုစနစ်များကို ဖြစ်ပေါ်စေသည့် နည်းပညာ တစ်ရပ်ဖြစ်ပါသည်။ မောင်းသူမဲ့မော်တော်ကားများ၊ စားသုံးသူဝန်ဆောင်မှုပေးခြင်းများတွင် ယင်း AI နည်းပညာကို အသုံးပြုလျက်ရှိသည်။ အထူးသဖြင့် စီးပွားရေးလုပ်ငန်းများတွင် AI နည်းပညာကို အသုံးပြုလာကြပြီး ၂၀၂၀ ပြည့်နှစ်တွင် AI စျေးကွက်သည် အမေရိကန်ဒေါ်လာဘီလီယံ ၄၀ အထိ ရောက်ရှိလာမည်ဟု ခန့်မှန်းထားပါသည်။ ထို့အပြင် နည်းပညာစွန့်ဦးတီထွင်ပညာရှင်တစ်ဦးဖြစ်သည့် အီလွန်မက်စ်က ၂၀၄၀ ခုနှစ်အရောက်တွင် AI သည် လုပ်ငန်းအားလုံးလုပ်ကိုင်ရာတွင် လူများ၏စွမ်းဆောင်ရည်ထက် ပိုမိုသာလွန်သွားမည်ဖြစ်ပြီး၊ AI နည်းပညာသည် လူသားမျိုးနွယ်စုအတွက် အန္တရာယ်ဖြစ်လာနိုင်ကြောင်းကိုလည်း သုံးသပ်ထားပါသည်။

## ML (Machine Learning) နည်းပညာ

ML (Machine Learning) နည်းပညာသည် AI နည်းပညာ၏ ဆင့်ပွားနည်းပညာဖြစ်သည်။ စက်ပစ္စည်းကိရိယာများမှ သတင်းအချက်အလက်များကို ရယူပြီး ယင်းသတင်းအချက်အလက်များအပေါ် ကိုယ်တိုင်လေ့လာစေနိုင်သည့် နည်းပညာဖြစ်ပါသည်။ ဥပမာအနေဖြင့် Facial Recognition မျက်နှာသွင်ပြင်ကို သရုပ်ခွဲနိုင်မှု၊ Speech Recognition (ပြောစကားကို နားလည်နိုင်မှု)၊ Object Recognition (အရာဝတ္ထုအတားအဆီးများ ရှိ/ မရှိသိနိုင်မှု)၊ Translation (သာသာစကားတစ်ခုမှ တစ်ခုသို့ ဘာသာပြန်ဆိုနိုင်မှု) စသည့် လုပ်ငန်းများတွင် ယင်း ML နည်းပညာကို အသုံးချလျက် ရှိပါသည်။

## Virtual Reality (VR) ပုံရိပ်ယောင်နည်းပညာ

Virtual Reality ပုံရိပ်ယောင်နည်းပညာဆိုသည်မှာ Headset များကိုအသုံးပြုပြီး အသုံးပြုသူများ၏ ရုပ်ပိုင်းဆိုင်ရာ ခံစားချက်များကို လူလုပ်ပတ်ဝန်းကျင် အခြေအနေတစ်ခုအတွင်း ရောက်နေသကဲ့သို့ ခံစားရအောင် လှုံ့ဆော်ပေးမည့် IT နည်းပညာကို အခြေခံထားသည့် နည်းပညာတစ်ခုဖြစ်ပါသည်။ ဆိုလိုသည်မှာ လက်တွေ့ကမ္ဘာနှင့် ပုံရိပ်ယောင်ကမ္ဘာတို့ကို အဆင့်မြင့်နည်းပညာများ အသုံးပြုကာ ချိတ်ဆက် ဆောင်ရွက်ခြင်းဖြစ်သည်။ ယနေ့လက်ရှိအချိန်တွင် Virtual Reality နည်းပညာကို အဆင့်မြင့် ဂိမ်းကစားနည်းများနှင့် ဖျော်ဖြေရေးဆိုင်ရာ လုပ်ငန်းများတွင်

သာမက စီးပွားရေးလုပ်ငန်းများ၏ ကုန်ပစ္စည်းတွေကိုလည်း ဈေးကွက်ကြားထိုးဖောက်နိုင်အောင် ဝန်ဆောင်မှုပေးခြင်း၊ ပညာရေးကဏ္ဍ၏ လက်တွေ့လုပ်ငန်းများနှင့် စစ်ဘက်ဆိုင်ရာ လေ့ကျင့်ရေးတို့တွင်လည်း အသုံးပြုလာကြပြီဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် VR ဈေးကွက်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၄ သန်းအထိ တိုးမြင့်လာလိမ့်မည်ဟု ခန့်မှန်းထားပါသည်။

## 5G ကွန်ရက်နည်းပညာ

5G ကွန်ရက်နည်းပညာသည် မကြာမီနှစ်များအတွင်း စီးပွားရေးကဏ္ဍသစ်များ၏ အသက် သွေးကြောသဖွယ် ဖြစ်လာမည်ဖြစ်ပါသည်။ မောင်းသူမဲ့ကားများ၊ ခေတ်မီမြို့တော်များ၊ ကွန်ရက်ချိတ်ဆက်ထားသည့် စက်ရုပ်များနှင့် Virtual Reality များအားလုံးကို များမကြာခင်အချိန်အတွင်း 5G ကွန်ရက်များဖြင့် အသုံးပြုလာနိုင်မည်ဖြစ်ပါသည်။ 5G ကွန်ရက်ကြောင့် ခွဲစိတ်လေ့လာမှုနည်းစနစ်သစ်များ၊ ပိုမို လုံခြုံသည့် သယ်ယူပို့ဆောင်ရေးစနစ်များနှင့် အရေးပေါ်ကိစ္စရပ်တွေအတွက် အလျင်အမြန် ဆက်သွယ်ရေးနည်းလမ်းသစ်များ ပေါ်ပေါက်လာမည် ဖြစ်ပါသည်။ ဥပမာအနေဖြင့် 5Gနည်းပညာသည် ဖုန်း၏ စွမ်းဆောင်ရည် 4Gနည်းပညာထက် ဆယ်ဆနီးပါး မြန်ဆန်စေပြီး၊ 5G ကွန်ရက်ဖြင့် စက္ကန့် ၃၀ အတွင်း 8K ဗီဒီယိုကို ကြည့်နိုင်သကဲ့သို့ 3D ရုပ်ရှင်ကားများကို စက္ကန့်အနည်းငယ်အတွင်း အင်တာနက်ပေါ်မှ ရယူနိုင်မည်ဖြစ်ပါသည်။ 4Gကွန်ရက်တွင် အလားတူလုပ်ဆောင်ချက်များ ပြုလုပ်ရာတွင် ခြောက်မိနစ်အထိ ကြာမြင့်မည်ဖြစ်ပါသည်။ ၂၀၂၀ ခုနှစ်တွင် 5G ကွန်ရက်များကို စတင်မိတ်ဆက်နိုင်ရန် ကြိုးမဲ့ကွန်ရက်လုပ်ငန်းကျွမ်းကျင်သူများက ခန့်မှန်းထားကြောင်း သိရှိရပါသည်။

## Big Data ကြီးမားသောအချက်အလက်များ

Big Data ဆိုသည်မှာ သမားရိုးကျ Data အချက်အလက် လုပ်ငန်းစဉ်များဖြင့် လုံလောက်စွာ လုပ်ငန်းဆောင်ရွက်နိုင်ခြင်းမရှိဘဲ အလွန်ကြီးမား၊ ရှုပ်ထွေးသော (Data) အချက်အလက်များ စုစည်းထားခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် များပြားလှသော အချက်အလက်များ အသွင်းအထုတ်၊ သိမ်းဆည်းတွက်ချက်မှုအတွက် စနစ်တကျရှိစေရန် Big Data ဟူသည့် ပညာရပ်သည် ပေါ်ထွန်းလာပါသည်။ ဥပမာအနေဖြင့် နောင်အနာဂတ်တွင် များပြားလာမည့် လူဦးရေနှင့်အတူ လူတိုင်းနီးပါး မိုဘိုင်းဖုန်းများ အသုံးပြုလာနိုင်မည်ဖြစ်ပြီး ပိုမိုအသုံးပြုလာကြမည့် Data အချက်အလက်များအတွက် Big Data သည် အလွန်အရေးပါလာမည်ဖြစ်သည်။

## Cloud Computing နည်းပညာ

Cloud Computing ဆိုသည်မှာ အချက်အလက်များနှင့် ပရိုဂရမ်များကိုအင်တာနက်ပေါ်တွင် သိုလှောင်ခြင်းနှင့် ရယူသုံးစွဲခြင်းပင် ဖြစ်သည်။ Cloud Computing တွင် Deployment Model နှင့် Service Model ဟူ၍ (၂) မျိုးပါဝင်ပြီး၊ Deployment Model တွင် Public Cloud, Private Cloud, Hybrid Cloud နှင့် Community Cloud ဟူ၍ (၄) မျိုးပါဝင်မည်ဖြစ်သည်။ Service Model ဆိုသည်မှာ ဝန်ဆောင်မှုပေးနိုင်သည့် ပုံစံကို ဆိုလိုခြင်းဖြစ်ပြီး ယင်းတွင် Infrastructure as a Service (Iaas), Platform as a Service (Paas) နှင့် Software as a Service (SaaS) ဟူ၍ သုံးမျိုးပါဝင်မည် ဖြစ်သည်။ Cloud Computing ဈေးကွက်သည် ၂၀၁၇ ခုနှစ်အတွင်း ဈေးကွက်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂၇ ဘီလီယံမှ ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၅၀၀ ဘီလီယံအထိ ရရှိမည်ဟု ခန့်မှန်းထားပါသည်။ အထူးသဖြင့် Big Data များကို ကိုင်တွယ်နိုင်ရန် ပေါ်ထွက်လာသည့် နည်းပညာဟု ဆိုရမည်ဖြစ်ပါသည်။

## Blockchain နည်းပညာ

Blockchain နည်းပညာ၏ အဓိကအချက်မှာ Block ဟုခေါ်သည့် Record များပါဝင်ပြီး အဆိုပါ Record များကို Cryptography ဟုခေါ်သည့် လျှို့ဝှက်နည်းပညာဖြင့် မှတ်သားထားပါသည်။ တစ်နည်းအားဖြင့် အင်တာနက်ပေါ်တွင် လုပ်နေသည့် ငွေရေးကြေးရေးစနစ် လက်ရှိပုံစံကို များစွာ ပြောင်းလဲလိုက်ခြင်းဖြစ်ပြီး Digital Economy အတွက် အရေးကြီးဆုံး အခြေခံနည်းပညာတစ်ခုပင် ဖြစ်သည်။ ဘဏ်၊ ပွဲစားများမလိုဘဲ တစ်ဦးနှင့်တစ်ဦး တိုက်

ရိုက်ငွေပေးချေမှုအတွက် အသုံးပြုသည့် နည်းပညာ တစ်ရပ်ဖြစ်ပြီး၊ ၂၀၂၅ ခုနှစ်တွင် လူတိုင်းသုံးစွဲလာနိုင်မည်ဟု ခန့်မှန်းထားပါသည်။ Blockchainနည်းပညာကို အခြေခံပြီး ငွေကြေး ကဏ္ဍတစ်ခုလုံးကို ပြောင်းလဲပေးနိုင်သည်မှာ Crytocurrency ဖြစ်ပြီး Bitcoin အနေဖြင့် ကမ္ဘာ တစ်ဝန်း အများဆုံးအသုံးပြုသည့် Crytocurrency တစ်ခုပင်ဖြစ်သည်။

## အကြံပြုသုံးသပ်ချက်များ

- မြန်မာနိုင်ငံအနေဖြင့် ဆက်သွယ်ရေးကဏ္ဍတွင် များစွာ တိုးတက်လာသော်လည်း ယင်းအပေါ်တွင် စီးပွားရေး အရ အသုံးပြုမှု လွန်စွာနည်းပါးနေသေးကြောင်း တွေ့ ရှိရပါသည်။ တိုးတက်လာသည့် ဆက်သွယ်ရေးကဏ္ဍ အခြေအနေအပေါ် ဒီဂျစ်တယ် စီးပွားရေးစနစ် လိုက်ပါပြီး ဖွံ့ဖြိုးတိုးတက်လာစေရန် လိုအပ်မည် ဖြစ်ပါသည်။ အထူးသဖြင့် ယနေ့လက်ရှိအချိန်တွင် နည်းပညာ အပြောင်းအလဲ၊ စီးပွားရေးလုပ်ငန်းပုံစံ အပြောင်းအလဲများကြောင့် ဒီဂျစ်တယ်နည်းပညာရပ်များ ကစဉ့်ကလျားဖြစ်နေသည့်အချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ခုန်ပျံကျော်လွှားရန် အကောင်းဆုံး အချိန်အခါပင် ဖြစ်သည်။
- မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ၏ ၉၈ ရာခိုင်နှုန်းသည် SMEsကဏ္ဍမှဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်း ၁၀၀ တွင် ၆၆ ဦးအတွက် SMEs ကဏ္ဍမှ ဖန်တီးပေးနေကြောင်းနှင့် နိုင်ငံ့ GDP ၏ ၄၀ ရာခိုင်နှုန်း မှာ SMEs မှဖြစ်ကြောင်း တွေ့ရှိရပါသည်။ တစ်နည်း အားဖြင့် SMEs တိုးတက်မှသာ နိုင်ငံ၏ စီးပွားရေး တိုးတက်လာမည်ဖြစ်သဖြင့် SMEsကဏ္ဍများတွင် အထက်တင်ပြပါ နည်းပညာရပ်များကို ဖောင်းပေးပြီး အသုံးပြုရန်လိုအပ်ပါသည်။
- မကြာမီ အထက်တင်ပြပါ နည်းပညာရပ်များနှင့်အတူ အချို့အလုပ်အကိုင်များ ပျောက်ကွယ်သွားမည်ဖြစ်သည်။ ဉပမာအနေဖြင့် မောင်းသူမဲ့ကားများ ပေါ်လာမည်ဖြစ်သဖြင့် တက္ကစီမောင်းသူများ၊ ဘတ်(စ်)ကား မောင်းသူများ ပျောက်ကွယ်သွားနိုင်ခြင်း၊ အထည်ချုပ်လုပ်ငန်းများတွင် စက်ရုပ်များဖြင့် အစားထိုးဆောင်ရွက်လာနိုင်သဖြင့် အထည်ချုပ် အလုပ်သမားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပျောက်ကွယ်သွားမည်ဖြစ်ရာ အနာဂတ်အတွက် ပျောက်ကွယ်သွားနိုင်မည့် အလုပ်အကိုင်များနေရာတွင် အထက်ပါ နည်းပညာရပ်များအပေါ် အခြေပြုပြီး အလုပ်အကိုင် အသစ်များ ဖန်တီးပေးရန် လိုအပ်မည်ဖြစ်သည်။
- အဓိကလိုအပ်ချက်မှာ နည်းပညာရပ်ဝန်းအသစ်များ အသုံးချနိုင်ရန် လူငယ်များအတွက် နည်းပညာပိုင်းဆိုင်ရာ အရည်အချင်း၊ တီထွင်ဖန်တီးမှုပိုင်းဆိုင်ရာ အရည်အချင်းနှင့် စွန့်ဦး တီထွင်မှုပိုင်းဆိုင်ရာ အရည်အချင်းများ မြင့်တက်လာရန် လိုအပ်မည်ဖြစ်သည်။

သို့ပါ၍ မိမိတို့နိုင်ငံအတွင်း အခြားနိုင်ငံများ နည်းတူ ဒီဂျစ်တယ်နည်းပညာရပ်များ၏ မောင်းနှင်အားဖြင့် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆန်းသစ်တီထွင်ဖန်တီးမှု စွမ်းအားများဖြင့် အသိပညာ၊ အတတ်ပညာကို အခြေခံသည့် ဗဟိုဌာန (Knowledge Hub)တစ်ခု ဖြစ်စေရေးအတွက် အထက်ပါ နည်းပညာရပ်များကို ကမ္ဘာနှင့် ရင်ဘောင်တန်းပြီး အသုံးချနိုင်ရေးအတွက် အထူး ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း တင်ပြရေးသားလိုက်ရပါသည်။

Soruce - DEDC Meeting ဒုတိယသမ္မတမိန့်ခွန်း
The ASEAN Digital Revolution
ယောမင်းကြီး Talk show

# လူဦးရေဆုလာဘ်နှင့်
# ထုတ်ကုန်တိုးတက်ရေး

| သိန်းသိန်းစံ |

လူဦးရေဆုလာဘ်ရရှိခြင်းဆိုသည်မှာ နိုင်ငံတစ်နိုင်ငံတွင် အလုပ်လုပ်နိုင်သော အသက်အရွယ်အုပ်စုရှိ လူဦးရေသည် အလုပ်မလုပ်နိုင်သော အသက်အရွယ်အုပ်စုရှိ လူဦးရေထက် ပိုမိုများပြားပြီး ထိုလုပ်သားအင်အားဖြင့် နိုင်ငံ့စီးပွားရေးကို တိုးတက်အောင် မောင်းနှင်နိုင်သော အခြေအနေကို ဆိုလိုခြင်းဖြစ်သည်။ နိုင်ငံတစ်နိုင်ငံအနေဖြင့် မွေးဖွားမှုနှုန်း ကျဆင်းပြီး လူငယ်လူရွယ် အများဆုံးရှိနေမည်ဆိုလျှင် လူဦးရေဆုလာဘ်၏ အကျိုးခံစားခွင့်များကို ရရှိခံစားနိုင်မည်ဖြစ်သည်။ လူဦးရေဆုလာဘ်သည် နိုင်ငံတစ်နိုင်ငံ၏ လူဦးရေပုံသဏ္ဍာန် ပြောင်းလဲခြင်းမှ ဖြစ်ပေါ်နိုင်သော အခြေအနေတစ်ရပ်ဖြစ်ပြီး မွေးဖွားခြင်း၊ သေဆုံးခြင်းနှင့် ပြောင်းရွှေ့သွားလာမှုစသော အခြင်းအရာများကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။



လူဦးရေနှင့်ပတ်သက်သော အကြောင်းအရာ ပြောင်းလဲခြင်းများသည် ၂၀ ရာစုအစတွင် အနောက်နိုင်ငံများ၏ သေဆုံးမှုနှုန်းနှင့် မွေးဖွားမှုနှုန်းများ ကျဆင်းခြင်းတို့မှ စတင်ဖြစ်ပေါ်ခဲ့ကြောင်း မှတ်သားရသည်။ လူဦးရေအကြောင်းအရာများ စတင်ပြောင်းလဲလာခဲ့သည့် နောက်ပိုင်း ပညာရှင်များသည် ထိုအခြင်းအရာများကို သီအိုရီများဖြင့် လေ့လာခဲ့ကြသည်။ စတင်လေ့လာခဲ့သော ပညာရှင်မှာ အမေရိကန်နိုင်ငံမှ လူဦးရေဆိုင်ရာကျွမ်းကျင်သူ Warren Thompson ဖြစ်ပြီး နိုင်ငံအသီးသီး၏ နှစ်ပေါင်း ၂၀၀ ကျော်အတွင်း လူဦးရေဆိုင်ရာပြောင်းလဲမှုများကို လေ့လာခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ပညာရှင်များမှ ကမ္ဘာ့လူဦးရေတိုးနှုန်းနှင့် လူဦးရေအခြေအနေတို့ကိုလည်း ခန့်မှန်းတွက်ချက်လာခဲ့ကြသည်။ လူဦးရေအကြောင်းအရာ ပြောင်းလဲခြင်းမှာ အနောက်နိုင်ငံများတွင် စတင်ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပိုမိုမြန်ဆန်ခဲ့ပါသည်။ ထို့ကြောင့် လူဦးရေအကြောင်းအရာ ပြောင်းလဲခြင်း၏အကျိုးဆက်ကိုလည်း ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပိုမိုထိရောက်စွာ ခံစားရလေ့ရှိပါသည်။ သို့ရာတွင် ထိုဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူဦးရေအကြောင်းအရာ ပြောင်းလဲခြင်းများသည် နိုင်ငံများ၏ လက်ရှိဖြစ်ပေါ်နေသော ဖွံ့ဖြိုးတိုးတက်မှု ပုံစံများနှင့် ဖွံ့ဖြိုးမှု၏ အဓိကရလဒ်သွင်ပြင် လက္ခဏာများဖြစ်သော လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးအခြေအနေ တိုးတက်ဖြစ်ပေါ်မှုတို့ပေါ်တွင် မူတည်လျက်ရှိသည်။ ဂျပန်နိုင်ငံသည် အာရှနိုင်ငံများအနက် မွေးဖွားမှုနှုန်းကျဆင်းခြင်းကို ၁၉၇၀ ခုနှစ်များမှ စတင်တွေ့ကြုံသော နိုင်ငံဖြစ်သည်။ မွေးဖွားမှုနှုန်းနှင့် သေဆုံးမှုနှုန်း ကျဆင်းခြင်းကြောင့် လူဦးရေတိုးနှုန်း တည်ငြိမ်ခဲ့ပြီး ကမ္ဘာပေါ်တွင် မွေးနှုန်းအနိမ့်ဆုံးနှင့် လူ့သက်တမ်းအရှည်ဆုံးနိုင်ငံအဖြစ်သို့ ရောက်ရှိစေခဲ့ပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင်မူ မကြာသေးခင်နှစ်များဖြစ်သော ၂၀၀၅ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း မွေးဖွားမှုနှုန်းများ မြင့်တက်လာခဲ့ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများ၏ လူဦးရေမှာ ၂၀၅၀ ခုနှစ်တွင် ၁ ဒသမ ၃ ဘီလီယံအထိ တိုးတက်လာမည်ဟု ကမ္ဘာ့ကုလသမဂ္ဂမှ ခန့်မှန်းတွက်ချက်ထားပါသည်။ သို့ရာတွင် ထိုလူဦးရေမှာ ၂၁၀၀ ပြည့်နှစ်များတွင် ၁ ဒသမ ၈၂ ဘီလီယံသို့ ပြန်လည်ကျဆင်းမည်ဟု ခန့်မှန်းထားကြပြန်သည်။


မြန်မာနိုင်ငံတွင် လွန်ခဲ့သောနှစ်ပေါင်း ၃၀ ခန့်မှစ၍ လူဦးရေပုံသဏ္ဍာန်မှာ တဖြည်းဖြည်း ပြောင်းလဲလာခဲ့ခြင်းဖြစ်ပြီး လတ်တလောနှစ်များအတွင်း မွေးဖွားမှုနှုန်းများ သိသိသာသာ ကျဆင်းလာခဲ့သည်။ ထိုပြောင်းလဲခြင်းနှင့်အတူ သက်ကြီးလူဦးရေလည်း တဖြည်းဖြည်း များပြားလာရာ ၁၉၇၃ ခုနှစ်တွင် သက်ကြီးလူဦးရေသည် စုစုပေါင်းလူဦးရေ၏ ၆ ရာခိုင်နှုန်းခန့်ရှိရာမှ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ၈ ဒသမ ၈ ရာခိုင်နှုန်းအထိ တိုးပွားလာခဲ့ကြောင်း တွေ့ရှိရသည်။ ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းများတွင် ပြောင်းရွှေ့သွားလာခြင်းများနှင့် ပတ်သက်၍ သိသာထင်ရှားသော လေ့လာမှုများကို ပြုလုပ်ထားခြင်းမရှိသောကြောင့် လူဦးရေဆိုင်ရာ ပြောင်းလဲမှုများကို လေ့လာရာတွင် မွေးဖွားမှုနှင့် သေဆုံးမှု အကြောင်းအရာများဖြင့်သာ လေ့လာခဲ့ကြသည်။

မြန်မာနိုင်ငံ၏ လူဦးရေပြောင်းလဲခြင်းနှင့် ပတ်သက်၍ ရေးဆွဲသော လူဦးရေပိရမစ်ပုံမှာ ၁၉၈၃ ခုနှစ်သန်းခေါင်စာရင်းအရ အောက်ခြေကားသော ပုံသဏ္ဍာန်ဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် အိုးပုံသဏ္ဍာန်ဖြစ်ကြောင်း တွေ့ရှိရသည်။ အိုးပုံသဏ္ဍာန်လူဦးရေပိရမစ်ပုံတွင် အသက် (၀-၄) အုပ်စုနှင့် (၅-၉) အုပ်စုတွင် လူဦးရေတဖြည်းဖြည်း လျော့ကျလာပြီး အလုပ်လုပ်နိုင်သည့် လူဦးရေအုပ်စုမှာ တိုးမြင့်လာသည်ကို တွေ့ရှိရပါသည်။ ထိုပုံစံသည် အရှိန်ရလာသော လူဦးရေပုံသဏ္ဍာန် ပြောင်းလဲမှုဖြစ်ပြီး အလုပ်လုပ်နိုင်သည့် လူဦးရေတိုးတက်နေခြင်း၊ သက်ငယ်မှီခိုသူများ နည်းပါးလာခြင်းစသော လူဦးရေဆုလာဘ် ရရှိနေမှုကို ဖော်ညွှန်းနေခြင်းဖြစ်သည်။ လက်ရှိနှုန်းအတိုင်းဆိုလျှင် မြန်မာနိုင်ငံအနေဖြင့် နောက်ထပ် နှစ် ၂၀ ခန့်အထိ လူဦးရေဆုလာဘ် ဆက်လက်ရရှိနေမည်ဖြစ်သည်။

အောက်ပါပုံသည် မြန်မာနိုင်ငံ၏ ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ အချက်အလက်များဖြင့် ရေးဆွဲထားသော လူဦးရေပိရမစ်ပုံဖြစ်သည်။ ပိရမစ်ပုံအရ အသက် ၁၀-၁၄ နှစ်အတွင်း

လူငယ်လူဦးရေမှာ အများဆုံးပါဝင်လျက်ရှိသည်။ထိုအချိုးအစားအများဆုံးလူဦးရေအုပ်စုမှာ ၁၀ နှစ်အထက် အလုပ်လုပ်နိုင်သော အုပ်စုဖြစ်သည်။မြန်မာနိုင်ငံရှိ လူဦးရေ၏ ၅၁ ရာခိုင်နှုန်းကျော်မှာ ၂၈ နှစ်အောက်လူငယ်များဖြစ်သည်။ ထိုအချင်းအရာကို လူဦးရေ ဆုလာဘ်ရရှိခြင်းဟု ခေါ်ဆိုခြင်းဖြစ်သည်။

**၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ လူဦးရေပိရမစ်ပုံ**



မြန်မာနိုင်ငံ၏ လူဦးရေအကြောင်းအရာ ပြောင်းလဲခြင်းမှရရှိသော အဓိကရလဒ်များမှာ သက်ငယ်မှီခိုသူအချိုး ကျဆင်းခြင်း၊ သက်ကြီးမှီခိုသူအချိုး မြင့်မားခြင်းနှင့် အလုပ်လုပ်နိုင်သည့် လူဦးရေများပြားခြင်းမှရရှိသော လူဦးရေဆုလာဘ်တို့ဖြစ်သည်။ သို့ရာတွင် လူဦးရေဆုလာဘ်နှင့်အတူ သက်ကြီးမှီခိုသူဦးရေမှာလည်း တဖြည်းဖြည်းများပြားလာမည် ဖြစ်သည်။ လူဦးရေဆုလာဘ်ကို အကျိုးရှိစွာခံစားနိုင်ရေးအတွက် လူငယ်များနှင့်ပတ်သက်သော မူဝါဒများကို မှန်ကန်စွာချမှတ်ရန် အရေးကြီးပါသည်။ လူငယ်များအတွက် ပညာသင်ကြားနိုင်မည့် အခွင့်အလမ်းများအပြင် အခြေခံပညာ၊ အသက်မွေးဝမ်းကျောင်းပညာနှင့် တက္ကသိုလ်ပညာပြီးဆုံးသူ လူငယ်များအတွက် အလုပ်အကိုင်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ လူဦးရေဆုလာဘ်ကို အကျိုးရှိစွာ အသုံးမပြုနိုင်လျှင် နောင်လာမည့်ကာလအတွင်း တိုးပွားလာမည့် သက်ကြီးမှီခိုသူ စောင့်ရှောက်ရေးလုပ်ငန်းများအတွက် ကောင်းမွန်စွာ ဆောင်ရွက်နိုင်မှုမရှိသည့်အပြင် နိုင်ငံ၏ ကုန်ထုတ်လုပ်မှုကိုလည်း ကျဆင်းစေမည်ဖြစ်သည်။ သက်ကြီးမှီခိုသူ တိုးပွားလာခြင်းကြောင့် နိုင်ငံ၏စီးပွားရေးအပေါ်တွင် ရိုက်ခတ်လာနိုင်မှုများကို တုံ့ပြန်ဆောင်ရွက်ပေးရမည့် လုပ်ငန်းရပ်လည်း များစွာရှိပါသည်။ နိုင်ငံ၏ လူဦးရေဆုလာဘ်ကို အသုံးချပြီး နိုင်ငံ့စီးပွားရေးကို မြှင့်တင်နိုင်ရန်မှာ အလုပ်အကိုင်ဖန်တီးခြင်းသည် အဓိကဖြစ်ပါသည်။ လူငယ်များအတွက် ပညာသင်ယူပြီးမြောက်ပြီး လုပ်ငန်းခွင်သို့ ဝင်ရောက်နိုင်ရန် အစီအစဉ်များ ရေးဆွဲချမှတ်ရန် အလွန်အရေးကြီးသောကာလကို ရောက်ရှိနေပြီဖြစ်သည်။ လတ်တလောအားဖြင့် လူငယ်များမှာ အလုပ်လက်မဲ့ပြဿနာကို ရင်ဆိုင်နေရဆဲဖြစ်သည်။ အသက် ၁၅ နှစ်မှ ၂၉ နှစ်အထိ အသက်အုပ်စုတို့တွင် အလုပ်လက်မဲ့ဖြစ်မှု အများဆုံးဖြစ်သည်ကို ၂၀၁၄ သန်းခေါင်စာရင်း၏ ကိန်းဂဏန်းများအရ သိရှိနိုင်ပါသည်။ လတ်တလောဆောင်ရွက်နေသော အသက်မွေးဝမ်းကျောင်း ပညာရပ်များနှင့် အခြားသက်မွေးပညာသင်ကျောင်းများကို လုပ်ငန်းခွင်များနှင့် ချိတ်ဆက်ပေးနိုင်မှုကို အားဖြည့်ဆောင်ရွက်သင့်ပါသည်။ ထုတ်ကုန်မြှင့်တင်ရေး၊ အလုပ်လက်မဲ့မှု လျှော့ချခြင်းများမှတစ်ဆင့် နိုင်ငံ့စီးပွားရေးကို တစ်ထောင့်တစ်နေရာမှ ထောက်ပံ့ပေးနိုင်မည်ဖြစ်သောကြောင့် ရရှိထားသော လူဦးရေဆုလာဘ်ကို အကျိုးရှိစွာ အသုံးပြုနိုင်ရန် အထူးအရေးကြီးကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

**ရည်ညွှန်းကိုးကား**

(၁) ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အစီရင်ခံစာများ

(၂) World Population Prospects 2017 Revision, United Nations



# မေးမြန်းသူ (Interviewer) များ၏
## အနပညာမြောက်မှားယွင်းမှုများ

| ဦးထွန်းထွန်းဝင်း (စာရင်းအင်းပညာ) |

တွေ့ဆုံဆွေးနွေးမေးမြန်းမှု (Interview) ဆောင်ရွက်သည့်အခါတွင် မေးမြန်းသူ (interviewer)များ၏ အမှတ်မထင် မှားယွင်းမှုများသည် ကောက်ယူသည့် အချက်အလက်၏ တိကျမှန်ကန်မှုကို ထိခိုက်စေနိုင်သောကြောင့် အဆိုပါဖြစ်ရပ်များ လျော့နည်းစေရေးအတွက် မေးမြန်းသူ (interviewer) များ ကိုယ်တိုင်သော်လည်းကောင်း၊ ကြီးကြပ်သူ (supervisor)များအနေဖြင့်လည်းကောင်း အထူးသတိထားဆင်ခြင်နိုင်ရန် အမှတ်မထင် မှားယွင်းလေ့ရှိတတ်သော ဖြစ်ရပ်အချို့ကို ကောက်နုတ်တင်ပြခြင်းဖြစ်ပါသည်။

### (၁) မေးမြန်းသူ (interviewer)များအနေဖြင့် မေးခွန်းများမေးမြန်းရာတွင် အချို့အကြောင်းအရာများကို မိမိသဘောဖြင့် ဖြည့်စွက်မေးမြန်းခြင်း

မေးမြန်းသူ (interviewer)မေးမြန်းသည့် မေးခွန်းများကို ဖြေဆိုသူ (respondent)အနေဖြင့် သိရှိ/ ဖြေဆိုနိုင်ရန် မဖြစ်နိုင်ပါ။ ထို့ကြောင့် အချို့မေးခွန်းများတွင် **'မသိပါ'** ဆိုသည့် ရွေးချယ်မှု (option) ထည့်သွင်းထားခြင်း ဖြစ်ပါသည်။ သို့သော် ဖြေဆိုသူအတွက် အကျွမ်းတဝင် မဖြစ်ခြင်းကြောင့် ဖြေဆိုရန်ခက်ခဲနေသည့် အချို့မေးခွန်းများရှိပါက မေးမြန်းသူများအနေဖြင့် **'မသိပါ'** ဆိုသည့် ကုဒ် (code) အား ချက်ချင်း

ရွေးချယ်မှု မပြုလုပ်ဘဲ သတ်မှတ်မေးခွန်းအတိုင်းသာ နောက်တစ်ကြိမ် ထပ်မံမေးမြန်း အတည်ပြုရန်ဖြစ်သည်။ ထိုသို့ ထပ်မံမေးမြန်းသော်လည်း ဖြေဆိုသူအနေဖြင့် မဖြေဆိုနိုင်/ မသိပါက **'မသိပါ'** ဆိုသည့် ကုဒ် (code) ကိုသာ ရွေးချယ်ရမည်ဖြစ်ပါသည်။

ထိုသို့မဟုတ်ဘဲ မေးမြန်းသူမှ ဖြေဆိုသူဖြေဆိုနိုင်စေရန် မိမိသဘောဖြင့် မေးခွန်းကို ဖြည့်စွက် ရှင်းပြခြင်း၊ ဥပမာပေး၍ ရှင်းပြခြင်းများ ပြုလုပ်ပါကအဆိုပါ ဖြေဆိုသူ ဖြေဆိုသည့်အဖြေသည် မေးမြန်းသူ၏ အားနည်းချက်ကြောင့် ဖြစ်တတ်သောအမှား (interviewer bias) ပါသည့် အဖြေ ဖြစ်သွားမည် ဖြစ်သည်။

ဥပမာ – IS အဖွဲ့၏ လုပ်ဆောင်ချက် အပေါ် သင်၏ ထင်မြင်ချက်ကိုပြောပြပါ။

(က) ကောင်းသည်

(ခ) မကောင်းပါ

(ဂ) မသိပါ။

မေးမြန်းသူများအနေဖြင့် အဆိုပါမေးခွန်းအတိုင်းသာမေးမြန်းမည်ဆိုပါကသတင်းမီဒီယာရယူမှုနည်းသည့် (သတင်းစာ၊ ဂျာနယ်၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့နှင့် ထိတွေ့မှုနည်းသည့်) ဖြေဆိုသူများလည်း ရှိနိုင်သဖြင့် **'မသိပါ'** ဟုဖြေဆိုသည့် ဖြေဆိုသူများလည်း ပေါ်ထွက်လာမည် ဖြစ်ပါသည်။

သို့သော် မေးမြန်းသူများအနေဖြင့် အဆိုပါမေးခွန်းကိုမေးမြန်းသည့်အခါ **'IS ဆိုတဲ့ အကြမ်းဖက်အဖွဲ့၏ လုပ်ဆောင်ချက်အပေါ် သင်၏ ထင်မြင်ချက်ကိုပြောပြပါ'** ဟု အကြမ်းဖက်အဖွဲ့ဆိုသည့် စာသားကို ဖြည့်စွက် မေးမြန်းမည်ဆိုပါက ဖြေဆိုသူများအနေဖြင့် အကြမ်းဖက်အဖွဲ့ရဲ့ လုပ်ဆောင်ချက်က **မကောင်းပါ**ဟုသာ ဖြေဆိုမှုများရှိမည်ဖြစ်ပြီး၊ **မသိပါ**ဟု ဖြေဆိုသူရှိမည်မဟုတ်တော့ပါ။ (တစ်နည်းအားဖြင့် ဖြေဆိုသူတိုင်းသည် IS အဖွဲ့ကို သိနေ သည့်/ ကြားဖူးနေသည့် သဘောဖြစ်နေသည်) ထို့ကြောင့် အဆိုပါ ဖြေဆိုမှုများတွင် မေးမြန်းသူ၏ အားနည်းချက် ကြောင့် ဖြစ်တတ်သော အမှား (interviewer bias) ပါရှိနေ သဖြင့် အချက်အလက်များစိစစ်လေ့လာမှု (data analyze) လုပ်ရာတွင် တိကျသည့် အဖြေများကို မရရှိနိုင်ပါ။

## (၂) မေးမြန်းသူများအနေဖြင့် မသိပါ (Don't know) နှင့် ငြင်းဆို (Refused) ရွေးချယ်မှု လွဲမှားနေခြင်း

မသိပါ (Don't know) နှင့် ငြင်းဆို (Refused)တို့သည် ဖြေဆိုသူထံမှ အဖြေမရရှိခြင်းတူသော်လည်း အဓိပ္ပာယ်ချင်းမှာ ကွဲပြားခြားနားသဖြင့် မေးမြန်းသူများအနေဖြင့် ဖြေဆိုသူအား သေချာအတည်ပြု (confirmed) ပြီး မှန်ကန်သည့်ကုဒ်ကို ရွေးချယ်ရန် လိုအပ်ပါသည်။

**Don't know ဆိုသည်မှာ –**

(က) အစ်ကို/အစ်မအသုံးပြုတဲ့ လက်ကိုင်ဖုန်းရဲ့ CPU က ဘာလဲ

(ခ) ယခုအစိုးရလက်ထက်မှာ ဝန်ကြီးဌာနဘယ်နှခုရှိသလဲ

(ဂ) ငှက်ဖျားရောဂါ ဘာကြောင့် ဖြစ်တာလဲ

စသည့် မေးခွန်းများအတွက် ဖြေဆိုသူများအနေဖြင့် မသိရသည့်အခါမျိုးတွင် (အမှန်တကယ် မဖြေဆိုနိုင်/မသိရှိနိုင်/အကျွမ်းတဝင်မဟုတ်သည့် အကြောင်းအရာများဖြစ်သည့် အခါမျိုးတွင်) မေးမြန်းသူအနေဖြင့် မသိပါ (Don't know) ဆိုသည့် ကုဒ် (code) ကိုသာ ရွေးချယ်ရမည်ဖြစ်သည်။

**Refused ဆိုသည်မှာ –**

(က) ဝင်ငွေ၊ အကြွေး စသည့် ကိုယ်ရေးကိုယ်တာ/ မိသားစု အိမ်တွင်းရေးဆိုင်ရာ ထိခိုက်လွယ်သည့် မေးခွန်းများ (sensitive questions)

(ခ) ဖြေဆိုသူအနေဖြင့် မဖြေဆိုချင်ကြောင်းပြောသည့် နိုင်ငံရေးဆိုင်ရာအမြင် ဗဟုသုတ မေးခွန်းများ

စသည့် မေးခွန်းများအတွက် ဖြေဆိုသူအနေဖြင့် မသိပါဘူး/ မဖြေတတ်ပါဘူး/ မဖြေချင်ပါဘူးဟုသာ ပြောနေခြင်း ဖြစ်သော်လည်း ဖြေဆိုသူအနေဖြင့် အဆိုပါ မေးခွန်းကို အမှန်တကယ် မဖြေဆိုနိုင်ခြင်းမဟုတ်ဘဲ အကြောင်းတစ်စုံတစ်ရာကြောင့် မဖြေဆိုလိုခြင်းမျိုး ဖြစ် မည်ဆိုပါက အဆိုပါ အခြေအနေမျိုးတွင် မေးမြန်းသူများ အနေဖြင့် **မသိပါ (Don't know)** ကို မရွေးချယ်သင့်ဘဲ **ငြင်းဆို (Refused)** ကိုသာ ရွေးချယ်ရမည်ဖြစ်သည်။ (မှတ်ချက်။ အမှန်တကယ် မသိရှိခြင်းဖြစ်ပါက မသိပါ (Don't know) ကိုရွေးချယ်နိုင်ပါသည်)

ထို့ကြောင့် မေးမြန်းသူများအနေဖြင့် ဖြေဆိုသူ အမှန်တကယ် မသိရှိခြင်းအခြေအနေအတွက် **မသိပါ (Don'tknow)** ကို ရွေးချယ်ရမည်ဖြစ်ပြီး၊ ဖြေဆိုသူအနေဖြင့် မဖြေချင်သည့်/ဖြေဆိုရန် ဆန္ဒမရှိသည့် အခြေအနေများအတွက် **ငြင်းဆို (Refused)** ကိုသာ ရွေးချယ်ရမည်ဖြစ်သည်။

## (၃) မေးမြန်းသူများအနေဖြင့် ဖြေဆိုသူ၏ ဖြေဆိုမှုသည် မေးမြန်းမှုနှင့် ကျိုးကြောင်း ဆီလျော်မှု (logic) အရ ကိုက်ညီမှု ရှိ/မရှိ ဆုံးဖြတ်နိုင်မှု အားနည်းခြင်း

မေးမြန်းသူများအနေဖြင့် ဖြေဆိုသူထံမှ အဖြေရရှိရုံ/ မှတ်သားရုံမျှမဟုတ်ဘဲ ဖြေဆိုသူ ဖြေဆိုသည့် အဖြေသည် မိမိမေးမြန်းသည့် မေးခွန်းနှင့် ကျိုးကြောင်းဆီလျော်မှု (logic) အရ ကိုက်ညီမှု ရှိ/မရှိဆုံးဖြတ်နိုင်ရန် အရေးကြီးသည်။ အကယ်၍ ဖြေဆိုသူ၏ ဖြေဆိုမှုသည် မေးခွန်း logic အရ လွဲချော်နေခြင်း (သို့) ပြည့်စုံရန် လိုအပ်နေခြင်းများ ရှိပါကထပ်မံမေးမြန်းအတည်ပြုရမည် ဖြစ်သည်။

ဥပမာ - သင်ကျန်းမာရေးမကောင်းပါကမည်သူနှင့် ကုသသနည်းဟုမေးမြန်းမှုတွင်

ဖြေဆိုသူ (၁) - တိုင်းရင်းဆေးဆရာဖြင့် ကုသသည်
ဖြေဆိုသူ(၂) - အထွေထွေရောဂါကု ဆရာဝန်ဖြင့် ကုသသည်
ဖြေဆိုသူ (၃) - ရမ်းကုဖြင့် ကုသသည်
ဖြေဆိုသူ (၄) - နတ်ဆေးဆရာဖြင့် ကုသသည်
ဖြေဆိုသူ (၅) - အာရုံတော်ဝင်ဆေးခန်းတွင် ကုသသည်
ဖြေဆိုသူ (၆) - ဦးကိုကိုနှင့် ကုသသည်

အထက်ပါ ဖြေဆိုမှုတွင် ဖြေဆိုသူ (၅) နှင့် ဖြေဆိုသူ (၆)တို့၏ ဖြေဆိုမှုသည် မေးမြန်းမှုနှင့် logicအရ အနည်းငယ်လွဲချော်နေပါသည်။

မေးမြန်းမှုတွင် မည်သူနှင့် (Who)ကိုမေးမြန်းခြင်း ဖြစ်သော်လည်းဖြေဆိုသူ (၅)သည် အာရုံတော်ဝင်ဆေးခန်း ဟုဖြေခြင်းကြောင့် မေးမြန်းမှုနှင့် logic အရ လွဲချော်နေခြင်းဖြစ်သည်။ ထို့ကြောင့် မေးမြန်းသူများအနေဖြင့် အဆိုပါ အဖြေကို ရယူခြင်းမပြုဘဲမေးခွန်းနှင့်ကိုက်ညီသည့် အဖြေရရှိစေရန် ထပ်မံမေးမြန်းရန် လိုအပ်ပါသည်။

ထို့ပြင် ဖြေဆိုသူ (၆) ၏ အဖြေသည် လူပုဂ္ဂိုလ် အမည်ဖြစ်နေသောကြောင့် အဆိုပါ ဦးကိုကိုသည် တိုင်းရင်းဆေးဆရာလား၊ အထွေထွေရောဂါကု ဆရာဝန်လား၊ နတ်ဆေးဆရာလားစသည်ဖြင့် မသိနိုင်ပါ။ ထို့ပြင် အချက်အလက်များ စိစစ်လေ့လာမှု (data analyze)လုပ်ရာတွင် လူပုဂ္ဂိုလ် အမည်များ မပါဝင်ပါ။ ထို့ကြောင့် အဆိုပါ ဖြေဆိုမှုသည်လည်း မေးမြန်းမှုနှင့် logic အရ ကိုက်ညီမှု မရှိသဖြင့် မေးမြန်းသူများအနေဖြင့် မေးခွန်းနှင့် ကိုက်ညီသည့် အဖြေရရှိစေရန် ထပ်မံမေးမြန်းရန် လိုအပ်ပါသည်။

## (၄) မေးမြန်းသူများအနေဖြင့် မေးခွန်းများမေးမြန်းရာတွင် မိမိလိုရာအဖြေသို့ နိမိတ်ပြသည့်အသွင် (leading) လုပ်ခြင်း

အချို့သော ဈေးကွက်သုတေသန စစ်တမ်း (marketing research survey) များတွင် ကုန်ပစ္စည်း အသစ် တစ်ခုကိုမိတ်ဆက်သည့်အခါမျိုးတွင် မေးမြန်းသူများအနေဖြင့် မေးခွန်းများမေးမြန်းရာတွင် မိမိလိုရာအဖြေသို့ နိမိတ်ပြသည့်အသွင် (leading) မဖြစ်စေရန် ပို၍ဂရုစိုက်ရမည်ဖြစ်သည်။

ဥပမာ - အချိုရည်ဘူးတစ်ခုကိုမိတ်ဆက်သည့် မေးမြန်းမှုများတွင်

မေးခွန်းအရ "အစ်ကို့အနေနဲ့ အခုကျွန်တော်ပြတဲ့ အချိုရည်ဘူးကို မြင်ဖူးလား/မမြင်ဖူးဘူး လား" ဟု မေးရမည့်အစား "အစ်ကို့အနေနဲ့ အခု ကျွန်တော်ပြတဲ့ အချိုရည်ဘူးကို **မြင်ဖူးတယ်မလား**"

မေးခွန်းအရ "အစ်ကို့အနေနဲ့ အခု ကျွန်တော်ပြတဲ့ အချိုရည်ဘူးကို ဝယ်ယူချင်စိတ်ရှိလား/ မရှိဘူးလား" ဟုမေးရမည့်အစား "အစ်ကို့အနေနဲ့ အခုကျွန်တော်ပြတဲ့ အချိုရည်ဘူးကို **ဝယ်ယူချင်စိတ် ရှိတယ်မလား**" ဟုမေးမြန်းမိပါက အဆိုပါမေးမြန်းမှုသည် မိမိလိုရာ အဖြေသို့ နမိတ်ပြသည့် အသွင် (leading)မေးမြန်းမှု ပုံစံအသွင်ဆောင်သဖြင့် ဖြေဆိုသူ၏ ဖြေဆိုမှု လွဲမှားနိုင် သည်။ အဘယ့်ကြောင့်ဆိုသော် ဖြေဆိုသူအနေဖြင့်လည်း လာမေးတဲ့ညီလေး (interviewer)ကအချိုရည်ဘူးကို မြင်

ဖူးတယ်၊ ဝယ်ချင်စိတ်ရှိတယ်လို့ ဖြေစေချင်တာဖြစ်မယ်။ သူတို့မိတ်ဆက်တဲ့ ကုန်ပစ္စည်းဆိုတော့ မမြင်ဖူးဘူးလို့၊ မဝယ်ချင်ဘူးလို့ ပြောရမှာအားနာစရာပဲလို့ တွေးပြီး ဖြေတဲ့သူတွေလည်း ရှိနိုင်သောကြောင့် ဖြစ်ပါသည်။

## (၅) အဖြေတစ်ခုသာရွေးချယ်ရခြင်း (Single answer) နှင့် အဖြေတစ်ခုထက် ပို၍ ရွေးချယ်ရခြင်း (Multiple answer) အတွက် မေးမြန်းပုံလိုအပ်ချက်ရှိခြင်း

Single answer ဆိုသည်မှာ သက်ဆိုင်ရာ မေးခွန်းအတွက် ဖြေဆိုသူဖြေဆိုသည့် အဖြေတစ်ခုကိုသာရယူခြင်းဖြစ်သော်လည်း multiple answer ဆိုသည်မှာ သက်ဆိုင်ရာ မေးခွန်းအတွက် ဖြေဆိုသူဖြေနိုင်သလောက် ဖြေဆိုမှုများကိုရယူခြင်းဖြစ်ပါသည်။

ထို့ကြောင့် Multiple answer အတွက် မေးမြန်းမှုတွင် မေးမြန်းသူများအနေဖြင့် ဖြေဆိုသူထံမှ အဖြေတစ်ခုရရှိရုံဖြင့် ကျေနပ်မနေသင့်ဘဲ ကျေးဇူးပြုပြီး နောက်ထပ် ပြောပြပေးပါဦးဟု အဖြေများကို တတ်နိုင်သမျှရယူရန် လိုအပ်ပါသည်။ သို့မှသာ အချက်အလက်များ စိစစ်လေ့လာမှု (data analyze) လုပ်ရာတွင် ထိရောက်မှု ရှိမည်ဖြစ်သည်။

ဥပမာ - သင်သိသော လက်ကိုင်ဖုန်းအမှတ်တံဆိပ် များကို ပြောပြပေးပါ (Multiple answer) ဆိုသည့် မေးခွန်းကို မေးရာတွင် ဖြေဆိုသူအနေဖြင့် Samsung ဟုဖြေပါက မေးမြန်းသူများအနေဖြင့် အဆိုပါ အဖြေကိုရယူရုံမျှမက အစ်ကိုနောက်ထပ်သိတဲ့ လက်ကိုင်ဖုန်းအမှတ်တံဆိပ်ရှိရင် ပြောပြပေးပါဦးဟု ထပ်မံမေးမြန်းရန် လိုအပ်ပါသည်။

## (၆) မေးမြန်းသူများအနေဖြင့် အိမ်ထောင်စု ဝင်ငွေ မေးမြန်းရာတွင် လိုအပ်ချက်ရှိနေခြင်း

မေးမြန်းသူများအနေဖြင့် ဖြေဆိုသူများအားအိမ်ထောင်စုဝင်ငွေမေးရာတွင် ""အစ်ကိုတို့ အိမ်ထောင်စုရဲ့ တစ်လဝင်ငွေ ဘယ်လောက်လဲ"" ဟုသာ တိုက်ရိုက်တစ်ကြိမ်တည်းမေးမည်ဆိုပါက လခစား/ဝန်ထမ်း မဟုတ်သော အိမ်ထောင်စုများနှင့် လစဉ် ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် ဖြေဆိုမှု မှားယွင်းနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဖြေဆိုသူအနေဖြင့် ပုံမှန် ဝင်ငွေရရှိခြင်း မဟုတ်သဖြင့် မိမိထင်သည့် အဖြေ/ မိမိဖြေလိုသည့် အဖြေကိုသာ ခန့်မှန်းဖြေခြင်းများ ဖြစ်နိုင်ပါသည်။

ထို့ပြင် လခစား/ ဝန်ထမ်း အိမ်ထောင်စုများအနေဖြင့်လည်း တစ်ခါတစ်ရံ အခြားအရင်းအမြစ်မှ ရရှိသည့် ဝင်ငွေများ (ငွေချေးခြင်းမှ လစဉ်ရရှိသည့် အတိုး၊ အဝေးရောက် သားသမီးများပုံမှန် ထောက်ပံ့သည့်ငွေ) စသည်တို့ကို ထည့်သွင်းပြောပြရန် မေ့လျော့နေခြင်းများ တွေ့ရတတ်ပါသည်။ ထို့ကြောင့် မေးမြန်းသူများအနေဖြင့် အဆိုပါ မေးခွန်းမျိုးကို တိုက်ရိုက် တစ်ကြိမ်တည်း မေးခြင်းမျိုးကို ရှောင်ရှားရမည်ဖြစ်ပါသည်။

ဥပမာ - ""အစ်ကိုတို့ အိမ်ထောင်စုရဲ့ တစ်လ ဝင်ငွေ ဘယ်လောက်ရှိပါသလဲ"" ဆိုသည့် မေးခွန်းအတွက် အကြမ်းအားဖြင့် မေးမြန်းသင့်သည့် အချက်များမှာ

(က) အိမ်ထောင်စုဝင် အရေအတွက် ?

(ခ) အိမ်ထောင်စုဝင်ထဲမှ အလုပ်လုပ်သူအရေအတွက် ?

(ဂ) အလုပ်လုပ်သူတစ်ဦးချင်း၏ အလုပ်အကိုင် ?

- ဝန်ထမ်းဖြစ်ပါက တစ်လလုပ်ခလစာ?
- ကျပန်းလုပ်သားဖြစ်ပါက တစ်နေ့လုပ်ခလစာ?
- စိုက်ပျိုးရေးလုပ်ငန်းလုပ်သူဖြစ်ပါက တစ်ရာသီ/ တစ်နှစ် ရရှိဝင်ငွေ?
- အခြားအရင်းအမြစ်မှ ရရှိသည့် ပုံမှန် ဝင်ငွေ?

စသည်တို့ကို မေးမြန်းပြီး အိမ်ထောင်စုဝင် တစ်ဦးချင်းအလိုက် တစ်လစာ ပြန်လည် တွက်ချက်ပြီး အဆိုပါ တစ်ဦးချင်းအတွက် တွက်ချက်မှုများအားလုံးကို ပေါင်း လိုက်မည်ဆိုပါက မှန်ကန်သော အိမ်ထောင်စုတစ်ခုလုံး၏ ဝင်ငွေ ရရှိနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် မေးမြန်းသူများအနေဖြင့် အိမ်ထောင်စုဝင်ငွေ မေးမြန်းရာတွင် စိတ်ရှည်စွာဖြင့် သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆင့်ပြီးတစ်ဆင့် မေးမြန်းခြင်းက ပိုမိုထိရောက်မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

# ဘဝအထွေထွေ -၉

(ခေတ်အဆက်ဆက် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခွင့်ရသော စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရသူများကို ဤစာစဉ်ဖြင့် ဂုဏ်ပြုအပ်ပါသည်။)

**ကျော်ဒွန်း (ညွှန်ကြားရေးမှူး၊ ငြိမ်း)**

## ဒုတိယအတွင်းဝန် (WTO) ဂျီနီဗာသွားပြီ

အနောက်နိုင်ငံမှာ သွားနေရမယ်ဆိုတော့ ပြင်လိုက်၊ ဆင်လိုက်၊ စုလိုက်၊ ဆောင်းလိုက်၊ ဝယ်လိုက်၊ အလုပ်ကိုရှုပ်နေတာပဲ၊ ဆေးဘုတ်အဖွဲ့နဲ့တွေ့ရတယ်။ ရန်ကုန်ဆေးရုံကြီးမှ သမားတော် ဒေါက်တာစောနိုင်က မေးတယ်၊ ဆေးရုံတက်ဖူးလားတဲ့၊ ဗိုက်အောင့်လို့ ဆေးရုံတက်ဖူးပါတယ်၊ တစ်ခါတစ်ရံ ဗိုက်အောင့်တယ် ပြောလိုက်တယ်။ အစာအိမ်အူလမ်းကြောင်း မှန်ပြောင်းနဲ့ကြည့်ရန် ဒေါက်တာသိန်းစောထံ လွှဲတယ်၊ ဒေါက်တာသိန်းစောက အစာအိမ်အသားစယူပြီး ဓာတ်ခွဲခန်း ပို့တယ်။

ဓာတ်ခွဲခန်းအဖြေသွားယူတဲ့နေ့က တာဝန်ခံ ဆရာဝန်စားပွဲမှာ အမည်ပြောပြီး ထိုင်စောင့်နေရတယ်။ ဓာတ်ခွဲခန်းမှထွက်လာသူ ဝန်ထမ်းက တာဝန်ခံဆရာဝန်ကို လှမ်းပြောတယ်၊ ဆရာရေ စီ (C) တဲ့၊ စီ (C) ဆိုတာ ကင်ဆာဖြစ်နေတယ်ပေါ့၊ အဲဒီအသံ ကြားလိုက်တဲ့အချိန်မှာ ခေါင်းထဲမူးသွားတယ်၊ ဆောက်တည်ရာမရဖြစ်သွားတယ်။ ငါတော့ အစာအိမ်ကင်ဆာဖြစ်ပြီ မကြာခင် သေတော့မယ်၊ ချွေးတွေထွက်လာတယ်၊ သေတော့မယ်ဆိုတော့ ဂျီနီဗာလည်း မသွားချင်တော့ဘူး၊ အားလုံးကိုစွန့်လွှတ်ရတော့မယ်။

ခဏနေပြီး စိတ်ထိန်းကာ ဒေါက်တာ ကျွန်တော့်အဖြေက စီ (C) ဆိုတော့၊ ကျွန်တော် . . . . ကျွန်တော် . . . . . ကျွန်တော်၊ အသံတိမ်သွားတယ်၊ အဲဒီတော့မှ ဆရာဝန်က ခင်ဗျားအဖြေက မရသေးဘူး၊ ခုနဝန်ထမ်း သတင်းပို့သွားတာက ဆေးရုံတက်နေတဲ့ လူနာရဲ့အဖြေကိုပြောသွားတာပါ။ အောင်မလေးဗျာ တော်သေးတာပေါ့ ဝမ်းသာလိုက်တာ။

ဓာတ်ခွဲခန်းအစီရင်ခံစာအရ ဒေါက်တာသိန်းစောက ခွဲစိတ်ပါရဂူ ဒေါက်တာဇော်ဝင်းထံလွှဲလို့ ရွှေဘုံသာလမ်း ဆေးခန်းမှာ သွားတွေ့တယ်။ အစာအိမ်ရောဂါကတော့ ဝန်ထမ်းတိုင်းရှိနိုင်တာပေါ့တဲ့၊ ညနေအချိန်ပိုဆင်းပြီး ညပိုင်းအိမ်ရောက်မှ ထမင်းစားရတော့ အချိန်မမှန်လို့ အစာအိမ်ထိခိုက်တာပါ၊ ဆွစ်ဇာလန်က အစစ ဈေးကြီးတယ်။ ခြောက်လစာ ဆေးဝယ်သွား၊ ဟိုရောက်ရင် နံနက်တိုင်း နွားနို့သောက်တဲ့၊ အစာအိမ်ရောဂါပျောက်သွားမှာလို့မှာကြားတယ်။

## တက်လိုက်ရတဲ့သင်တန်းများ

ငွေစာရင်း/ ချက်လက်မှတ်စသည်တို့ကို လက်နှိပ်စက်နဲ့ရိုက်ရမှာဆိုတော့ သိမ်ဖြူလမ်း၊ BSC ကောလိပ်မှာ လက်နှိပ်စက်သင်၊ ကွန်ပျူတာတတ်ရမယ်ဆိုတော့ MCC ဦးတင်ဝင်းအောင် ထံသွားပြီး Specialသင်ပေးဖို့ သွားပြောရတယ်၊ သံတမန်ဆိုတာ ကားမောင်းတတ်ရမယ် ဆိုပြန်တော့လည်း၊ ညပိုင်းသိမ်ဖြူကွင်းမှာ ကားမောင်းသင်ရတယ်။ သွားချင်ဦးဟဲ့ နိုင်ငံခြား၊ တက်ပေဦးတော့ သင်တန်းများ၊ အင်္ဂလိပ်စကားပြောလည်း ကျွမ်းကျင်အောင် လူထုဦးစိန်ဝင်းကျောင်းမှာ သွားရောက်လေ့ကျင့်ရတယ်၊ သံတမန်တစ်ဦးသိသင့်တာတွေကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ သွားရောက်လေ့လာရပြန်တယ်၊ သံတမန်မိသားစုဆိုတာ မြန်မာ့အစားအစာတွေကို ကိုယ်တိုင်ချက်တတ်ရတယ်ဆိုတော့၊ လေ့လာရပြန်တယ်။

## အမိမြေမှထွက်ခွာပြီ

၁၉၉၆ ခုနှစ်၊ ဇွန်လ ၂၉ ရက်ညနေမင်္ဂလာဒုံလေဆိပ်က ထွက်ခွာရတော့တယ်၊ ကာလကြာရှည်စွာ သွားရမှာဖြစ်တော့၊ မိသားစု ညီကိုမောင်နှမများ၊ ဆရာသမားများ၊ လုပ်ဖော်ကိုင်ဖက်များက လိုက်ပါပို့ဆောင် နှုတ်ဆက်ကြတာပေါ့၊ လေဆိပ်စားသောက်ဆိုင်မှာ ဧည့်ခံပြီး၊ အားလုံးကို နှုတ်ဆက်ရတော့ ဝမ်းနည်းသော်လည်း ရှေ့ဆက်ရမည့်ခရီးအတွက် သောကနဲ့ဆိုတော့ သွားချင်ဦးဟဲ့ နိုင်ငံခြားပေါ့၊ လေယာဉ်ပေါ်တက်ခါနီး မိုးရွာနေတော့၊ လက်ဆွဲအိတ် Hitachi ကို ခေါင်းဆောင်းပြီး၊ လက်ပြနှုတ်ဆက်ရတာ ခုထိ မမေ့နိုင်ပါ၊ အမိမြေကိုခွဲရပြီဆိုတဲ့ အသိကြောင့် မျက်ရည်ဝဲမိတယ်၊ ဘန်ကောက်ရောက်တော့ မြန်မာသံရုံးမှ အရာရှိ

ငယ်တစ်ယောက် လာကြိုတယ်၊ သံရုံးကားနဲ့ တည်းခိုမည့် ဆရာ့အိမ်ကို လိုက်ပို့တယ်။ မိဘသဖွယ် ရန်ကုန်မှာ အတူ နေခဲ့တဲ့ ဆရာဒေါက်တာထွန်းလွင်က ဘန်ကောက်ဌာန ကိုယ်စားလှယ် UNESCOတာဝန်ခံဖြစ်တယ်။

နောက်နေ့နံနက်ပိုင်း ဆရာနဲ့နံနက်စာထွက်စားပြီး၊ Suit သွားချုပ်ကြတယ်။ နံနက်အပ်၊ ညနေရတယ်။ တစ်စုံ USD 100 ကုန်ကျသည်။ ဆရာက ကုမ္ပဏီကြီးတစ်ခုကို ခဏဝင်တယ်၊ သူ့စားပွဲပေါ်က စာရွက်တစ်ခုကို ဖတ်တယ်၊ စာအနည်းငယ်ရေးပြီးထားခဲ့တယ်၊ အပြန်လမ်းမှာ ဆရာက ပြောပြတာက၊ အဲဒီကုမ္ပဏီမှာ အချိန်ပိုင်း အကြံပေးလုပ်နေ တဲ့အကြောင်းနဲ့ MD က စာရေးမေးတဲ့အကြောင်းကိစ္စကို စာပြန်ရေးပြီး ထားခဲ့တဲ့အကြောင်း ပြောပြတယ်။ ထိုင်း ဆိုင်မှာ နေ့လယ်စာလိုက်ကျွေးတယ်၊ ဆွစ်ဇာလန်သံရုံးမှာ Visa လိုက်လုပ်ပေးတယ်၊ ညပိုင်းဆရာ့ အိမ်မှာပဲ ညစာကို ဆရာ၊ ဆရာကတော်တို့နဲ့အတူစားရင်း မိမိဘွဲ့ရကာစက သူတို့နဲ့ ပညာရေး တက္ကသိုလ် သထုံလမ်း တိုက်အမှတ်(၉)၊ အခန်း (၂) မှာနေခဲ့တဲ့ အတွေ့အကြုံတွေပြောရင်း မိမိအား ချီးကျူးကြတယ်၊ ယခုကဲ့သို့ ဒုတိယအတွင်းဝန်အနေနဲ့ သွားခွင့်ရတာကို ဝမ်းသာကြတယ်၊ ဂုဏ်ယူကြတယ်၊

## AIR FRANCE လေယာဉ်ပေါ်မှာ

နောက်နေ့ညနေပိုင်း လေဆိပ်သို့ မြန်မာသံရုံးမှ ကားလာခေါ်ပြီး လိုက်ပို့တယ်၊ သံရုံးမှ အရာရှိငယ်တစ်ဦး ကိုယ်တိုင်လိုက်ပို့တယ်၊ သံတမန်နိုင်ငံကူးလက်မှတ်ဆိုတော့ အစစအရာရာ အဆင်ပြေတယ်၊ မြန်မာပီပီ အစား အသောက်တွေ၊ ဆေးပေါ့လိပ်တွေစုံလို့၊ သံတမန်ဆိုတော့ အသေးစိတ် မစစ်တော့ပါ။

လေယာဉ်ပေါ်တက်ခါနီး လေယာဉ်မှာမှာ ကြောက်တော့ ဘေးကခရီးသည်တစ်ဦးကို မိတ်ဆက်ပြီး ပြောပြထားတယ်။ ပြင်သစ်လေကြောင်းလိုင်း ဘိုရင်း ၇၄၇ လေယာဉ်ကြီးဖြစ်တော့ ခရီးသည်များစွာနဲ့ ပျော်စရာကြီး ပါ၊ လေယာဉ်ကအရမ်းကြီးတော့ ထွက်ခွာတာ အလွန် ညင်သာတယ်၊ ပြေးလမ်းပေါ် တဖြည်းဖြည်း သွားတဲ့အချိန် ညပိုင်း ဘန်ကောက်လေဆိပ်ရဲ့ မီးထိန်ထိန်နဲ့ လေယာဉ် ကြီးများစွာ ရပ်ထားတာ၊ ပြေးလမ်းသွားနေတာတွေကို လေယာဉ်ပြတင်း မှ လှမ်းမြင်နေရတယ်၊ လေယာဉ်တက် ပြီးမကြာခင် ညစာလာကျွေးတော့တာပဲ၊ ဘာစားမလဲ၊ အရှေ့တိုင်း အစားအစာလား၊ အနောက် တိုင်းအစားအစာ လားပေါ့၊ မိမိက တရုတ်ခေါက်ဆွဲကြော်နဲ့ ပီကင်းဘဲကင် စားမယ်လို့ ပြော လိုက်တယ်။ လာပေးတော့ ပူပူလေး စား လို့ကောင်းလိုက်တာ၊ မအေးအောင် ဘယ်လိုလုပ်ထား လဲပေါ့၊ ကိုယ်မှမသိတာဘဲ ဘာသောက်မလဲ မေးတယ်၊ ပြင်သစ်ဝိုင် French Red Wine ပေါ့၊ မြန်မာပီပီ အလကား ရတော့ အဝတီးမယ်ပေါ့၊

စားသောက်ပြီး၊ ဆေးလိပ်က သောက်ချင်ပြန် တော့၊ လေယာဉ်နောက်ခန်းသွားပြီး ဆေးလိပ်သောက်ရ တယ်။ အဲဒီအချိန်က (၁၉၉၆၊ ခုနှစ်) လေယာဉ်ပေါ်မှာ ဆေးလိပ်သောက်ခွင့်ရသေးတယ်၊ ဆေးလိပ်သမားတွေ စုမိပြီး သောက်နေကြတယ်။ ပြီးတော့ ကိုယ့်ခုံကိုယ်ပြန် လာပြီး အိပ်ဖို့ပြင်တော့တယ်၊ လေယာဉ်မယ်လာပေးတဲ့ စောင်လေးခြုံပြီး မှုးမှူးနဲ့ အိပ်လိုက်တော့တယ်။

ဘန်ကောက်လေဆိပ်မှ ပျံသန်းချိန် (၁၃) နာရီ ကြာတယ်၊ လမ်းမှာအိပ်ပြီးလိုက်လာ၊ ကျွေးတာစားလိုက်၊ လေယာဉ်ပြတင်းမှ မှောင်လိုက်၊ လင်းလိုက်နဲ့ နေ့/ည ပြောင်းနေတယ်။ ကမ္ဘာ့အရှေ့ဘက်ခြမ်းမှ အနောက်ဘက် ခြမ်း သွားနေတာလေ။

## ပြင်သစ်ဒီဂေါလေဆိပ်

နံနက်ပိုင်းမှာ ပြင်သစ်နိုင်ငံ ဒီဂေါလေဆိပ်ကို ဆိုက်ရောက်တယ်၊ လေယာဉ်လက်မှတ်မှာ ရေးထားတဲ့ အတိုင်း၊ လေယာဉ်နားရောက်လာတဲ့ ကားနံပါတ် D ကို စီနင်းပြီး လိုက်ပါသွားတယ်၊ ကားက အချိန်အနည်းငယ် မောင်းပြီး လေဆိပ်တစ်နေရာကို ပို့တယ်၊ ခရီးသည်တွေ တန်းစီဆင်းတော့ ကိုယ်လည်းခပ်တည်တည်နဲ့ လိုက်ပြီး ဆင်းတယ်၊ လမ်းခုလပ်မှာ အိမ်သာတက်ချင်တာနဲ့ အိမ်သာ ခန်းတစ်ခုထဲ ဝင်ခဲ့တယ်၊ ပြန်ထွက်လာတော့ ခရီးသည် တစ်ယောက်မျှမတွေ့ရတော့ လန့်သွားတယ်။ ခပ်တည်တည် နဲ့ ဆက်လျှောက်လာတယ်၊ ၁၀ မိနစ်လောက်လျှောက်ပြီး တော့ Coffee Shop တစ်ခုတွေ့တယ်၊ လေယာဉ်ပေါ် ကဆင်းတုန်းက ဘတ်စ်ကားပေါ်မှာ တွေ့တဲ့ လူတွေကို

တွေ့တော့ ဝမ်းသာအားရှိသွားတယ်။

## ဂျီနီဗာ ဆီးဖူးလေဆိပ်

ပြင်သစ်မှ ဂျီနီဗာသို့ ဒေသတွင်းလေကြောင်းလိုင်းနဲ့ သွားရတယ်၊ ဂျီနီဗာဆီးဖူးလေဆိပ် ရောက်တော့၊ မြန်မာသံရုံးမှ ဦးထွန်းအုံနဲ့ ဦးကျော်တင်တို့က ဆင်းကြိုကြတယ်၊ ပဲရစ်ဒီဂေါလေဆိပ်မှာ သံရုံးမှဆင်းတွေ့တာ၊ ရှာမတွေ့လို့စိတ်ပူပြီး ဂျီနီဗာမြန်မာ အမြဲတမ်းကိုယ်စားလှယ်ရုံးသို့ ဖုန်းဆက်ကြောင်းပြောပြကြတယ်၊ မိမိသယ်ဆောင်လာတဲ့ ပစ္စည်းများနဲ့အတူ မိမိနေရန်ငှားထားတဲ့ တိုက်ခန်းသို့ လိုက်ပို့တယ်။ ဧည့်ခန်း၊ အိပ်ခန်း၊ ထမင်းစားခန်း၊ မီးဖိုခန်းများမှာ အသုံးအဆောင် ပစ္စည်းစုံလင်စွာနဲ့ နိုင်ငံတော်က ဝယ်ပေးတဲ့ သံတမန်တစ်ဦး အခွင့်အရေးအပြည့်ပါ၊ တိုက်ခန်းငှားခ တစ်လ ဆွစ်ဖရန်သုံးထောင်တဲ့၊ လေးထပ်မှာပါ။ သူတို့ဆီမှာ အောက်ထပ်တွေမှာ အခန်းငှားခ ဈေးသက်သာပြီး၊ အပေါ်ထပ်အခန်းငှားခ ဈေးကြီးကြောင်း ပြောပြတယ်။

## ဒုတိယ အတွင်းဝန်အဆင့်ရဲ့အဆောင်အယောင်

မီးဖိုခန်းမှာ စားပွဲငယ်တစ်လုံးနဲ့ ထိုင်ခုံ၊ ရေခဲသေတ္တာကြီးတစ်လုံး၊ လျှပ်စစ်မီးဖို (လေးပွင့်) ကြီးတစ်လုံး၊ ထမင်းစားခန်းမှာ ခြောက်ယောက်အတွက် ပန်းကန်၊ ဇွန်း၊ ခွက်အပြည့်အစုံ အိပ်ခန်းမှာ နှစ်ယောက်အိပ်ယာ ကုတင်တစ်စုံ၊ တစ်ယောက်အိပ်ယာ ကုတင်တစ်လုံး၊ ဧည့်ခန်းမှာ ဆိုဖာဆက်တီတစ်စုံ၊ ရုံးစားပွဲကြီးတစ်စုံ၊ ကွန်ပျူတာ၊ ဖက်စ်တယ်လီဖုန်းတင်ရန် စားပွဲငယ်တစ်လုံး၊ အားလုံး နိုင်ငံတော်စရိတ်နဲ့ ဝယ်ပေးထားတာတဲ့၊ နောက်နေ့နံနက်မှာ မြန်မာ အမြဲတမ်း ကိုယ်စားလှယ်/ သံအမတ်ကြီး ဦးအေး အားတွေ့ဆုံဂါရဝပြုတယ်။

## မြန်မာအမြဲတမ်းကိုယ်စားလှယ်ရဲ့စေတနာ

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ လာရောက်ပြီး WTOမြန်မာကိုယ်စားလှယ် တာဝန်အနေနဲ့ သံတမန်အဆင့်ဖြစ်လို့ သံရုံးမိသားစုဝင် MOFA ဝန်ထမ်းများနှင့်အတူ စည်းလုံးစွာနေခွင့်ပေးပြီး သံရုံးကို အချိန်မရွေး ဝင်/ထွက်နိုင်ရန် သော့တစ်စုံပေးတယ်။ သံရုံးအဖွဲ့ဝင် အခွင့်အရေးနဲ့ တာဝန်ပေးပါတယ်။ သံရုံးမိသားစုအိမ်များတွင် ထမင်းဖိတ်ကျွေးကြတယ်၊ သံတမန်ကုန်ဝယ်ကတ်၊ သံရုံးဝန်ထမ်းကတ်တို့ကို ချက်ချင်းလုပ်ပေးပါတယ်။ သံရုံးဝန်ထမ်းအနေနဲ့ သံတမန်ကုန်တိုက်၊ DUTY FREE SHOP မှာဈေးဝယ်ရတာ အကြိုက်ဆုံးက တော့ တစ်ပတ်ကို Black Label အရက်တစ်လုံး၊ Marbolo စီးကရက် ၂တောင့် ဝယ်ခွင့်ရတယ်၊ အပြင်ဈေးထက် ၅၀ ရာခိုင်နှုန်းလောက် သက်သာတယ်။

## သံရုံးမှာရုံးတက်ပြီ

မနက် ၆း၃၀ နာရီ အိပ်ယာမှထ၊ ထမင်းချက်၊ နံနက်စာစား၊ Suit ဝတ်၊ ရှစ်နာရီခွဲ ရုံးရောက်အောင်သွားသည်။ WTO ရုံးသွားပြီး မြန်မာ Box တွင် သတင်းနှင့် ဝင်စာများယူသည်။ ကိုယ်နိုင်ငံနှင့်ဆိုင်သောကိစ္စပါသည့် အစည်းအဝေးရှိလျှင် တက်သည်။ ကော်ဖီဆိုင်ထိုင်သည်၊ ကော်ဖီတစ်ခွက် ၃ ဖရန့်၊ UN ရုံးအစည်းအဝေးများတွင် Coffee Brake တွင် မုန့်မျိုးစုံကျွေးသည်။ အဝစားသည်။ တစ်ခါတစ်ရံ နေ့လယ်စာ အိမ်ပြန်မစားတော့၊ July လ ရာသီဥတုဆိုတော့ Long Coat ဝတ်ရန်မလို၊ အစည်းအဝေးမရှိလျှင် နံနက်ကချက်ခဲ့သော ထမင်းကို နေ့လယ်ပြန်စားသည်၊ ဟင်းကတော့ ပန်းဂေါ်ဖီနဲ့ ကြက်ဉကြော်၊ ငါးသေတ္တာ၊ ကြက်ကင်စုံလို့ အားလုံးစားလို့ကောင်း၊ နွားနို့ကလည်း တစ်နေ့တစ်ပုလင်းသောက်၊ နေ့လယ်စာစားပြီး၊ ချောကလက်စား၊ ဗိုလ်လိုလို၊ မြန်မာလိုလိုနဲ့၊ မွန်းလွဲချိန် သံရုံး Coffee Bar မှာ ကော်ဖီသောက်၊ မုန့်စား၊ မုန့်ကိုတော့ အားလုံးစုဝယ်ထားသည်။ ညနေရုံးချိန်ကုန်လျှင် Necktile ဖြုတ်၊ လွတ်လပ်စွာနေနိုင်သည်။ သံရုံးမိသားစုအိမ်တွေ လိုက်သွားပြီး ဝီစကီသောက်၊ ထမင်းစား၊ ညအိပ်ခါနီးမှ အိမ်ပြန်၊ နွေဦးရာသီဆိုတော့ ည ၈ နာရီခွဲတာတောင် နေကမဝင်သေး၊ အိမ်လည်းရောက် ရုရှားအရက် Volga သောက်ပြီး TV ကြည့် အိပ်တော့သည်။ TV ဝယ်တော့ USD ၄၀၀ ခန့်ပေးရသည်။ အရစ်ကျစနစ်ဖြင့် ရသည်။ တယ်လီဖုန်းနဲ့ ဖက်စ်ကို Telecom ရုံးသို့ ဦးကျော်တင် (ယခုဝန်ကြီး) နဲ့ သွားပြီး မှာသည်။ နောက်နေ့ လာတပ်ဆင်သွားသည်။ အိမ်ခန်းမှာ ဖုန်းကြိုးလိုင်းက မူလကပါပြီးဖြစ်သည်။

**(ဆက်ရန်)**



# မိဘမဲ့ကလေးများနှင့် ကျွန်မ ဆုံတွေ့ခဲ့စဉ် ဘဝခဏ

| မယ်သန့် |

၂၀၀၅ ခုနှစ် အစောပိုင်းကာလ–

“ဘုန်းဘုန်းကျောင်းမှာ ၁၀ တန်း ၆ ယောက်ရှိတယ် သမီး၊ ဒီနှစ် အကုန်ကျတယ်လေ၊ ၁ ယောက်က သိပ္ပံတွဲ ကျန်တဲ့ သူတွေက ဝိဇ္ဇာတွဲတွေလေ”

“တင်ပါ့”

“အဲဒါ ငါ့သမီး လာကူပါဦး၊ သူတို့ကို ဘုန်းဘုန်း ဒီနှစ်အောင်စေချင်တယ်၊ ဒါမှ သူတို့ဘဝလည်း ၁၀ တန်းလေးအောင်ထားတော့ အခြေခိုင်မယ်လေ”

ကျွန်မ ဇာတိမြို့မှ ရန်ကုန်တွင် ကျောင်းထိုင်၍ မိဘမဲ့ တိုင်းရင်းသားကလေး ၁၀၀ ကျော်ကို ပြုစုပျိုးထောင်ပေးနေသည့် ဘုန်းကြီးအိုကြီးကို ငေးကြည့်နေမိသည်။ စိတ်ထဲမှာလည်း ဝေခွဲမရ။ အကူအညီကလည်း ပေးချင်၊ လုံးဝဥသုံလည်း အပြည့်အဝ မကူညီနိုင်၍ စိတ်မကောင်း။ ကျွန်မကိုယ်တိုင်က ဝန်ထမ်းတစ်ဖက်နှင့် ဒုဦးစီးမှူးလစာနှင့် မလောက်င၍ အထက်တန်း ကျောင်းသားများအား စာကျက်အကူ အပြင်အခေါ် Study Guide လုပ်၍ ရန်ကုန်မြို့ကြီးမှာ ရပ်တည်နေရသူ။

ကျွန်မရဲ့ ကျူရှင်တွေက လသာနှင့် ယောက်လမ်းတစ်ဝိုက် အကူအညီတောင်းသည့်နေရာက တောင်ဥက္ကလာ၊ နေတဲ့အဆောင်က ဗဟန်း။ ကျွန်မကလည်း အဝေးဆုံး ရောက်ဖူးတာ ကျွမ်းကျွမ်းကျင်ကျင်သွားတတ်တာဆိုလို့ ဆူးလေနှင့် ကြည့်မြင်တိုင်သာ။ ခဟာတောင် ဆရာဒကာ ပတ်သက်မှုရှိသည့် သူငယ်ချင်းအဖေက ရန်ကုန်ဆေးခန်းလာပြ

ထို့ကြောင့် ဆန်ဂိုထောင်ဟောင်း ကျွန်မအခန်းလေး၏ ဆန်အကြွင်းအကျန်လေးများအား တန်းစီကာ ချီနေကြသည့် ပုရွက်ဆိတ်တန်းကလေးများက ကျွန်မအခန်း ဖော်။ သို့သော် ကလေးလေး သက်နောင်အတွက် အိပ်မက်ဆိုးကြီးဖြစ်ကြောင်း သူပြောသည့် မပီကလာ ပီကလာ စကားများက အလွန်ဝမ်းနည်းဖွယ်ရာ သက်သေပင်။

"ဟာ....(ချာမ)ဆရာမ ပွဲဆိတ်တွေ" ထိတ်လန့်တကြားအော်လိုက်သည့် သူ့အသံသေးသေးလေးကြောင့် ကျွန်မမှေးနေရာက နိုးသွားသည်။ ကျွန်မအိပ်နေသည့် အနားကို တိတ်တိတ်ချောင်းကြည့်လာသည့် ကလေးလေး။

"ဆန်စေ့လေးတွေ ချီနေတာလေ သူတို့အစာရှာနေတာ အလုပ်ကြိုးစားတဲ့ အကောင်လေးတွေပေါ့ကွာ"

ကျွန်မ သူ့ကို စိတ်မပူစေရန် ချော့လိုက်ရာ သူပြောလိုက်သည့် စကားသံလေးက ကျွန်မကို ဆွံ့အသွားစေသည်။

"သားသားမေမေက အိပ်နေရင်း ပွဲဆိတ်ကိုက်လို့ သေသွားတာ ချာမရဲ့"

ကျွန်မသိလိုက်ပြီ။ ဘယ်အချိန်ကတည်းက သေဆုံးနေမှန်း မသိသည့် အမေ့ဘေးမှာ ရှိနေတဲ့ ကလေးလေး။ ပုရွက်ဆိတ်တွေ တက်နေသော သေဆုံးမိခင်နှင့် ကလေးပိစိ။ သူ့အောက် နို့စို့ အငယ် ၁ ယောက်က မီးတွင်းထဲ မိခင်ဆုံးသောအခါ အဖတ်မတင်ဟု သိရ။ အဲဒီတုန်းက အခုခေတ်စားနေသည့် Poverty ဆိုတာ ကြားတောင် မကြားမိသေးသည့် ကျွန်မအတွက် ဆင်းရဲမှုများက မျက်မြင်ဒိဋ္ဌ။

ဒီလို သနားစရာကောင်းတဲ့ ကလေးတွေ ၁၀၀ ကျော်ရှိသည့် ဘ·က စာသင်ကျောင်းကို ထဲထဲဝင်ဝင် နေထိုင်မိသည့်ခဏ ဘယ်လို နှလုံးသားနဲ့ ရုန်းထွက်နိုင်ပါ့မလဲနော်။ ကျွန်မဒုက္ခတွေက သူတို့ဒုက္ခနဲ့စာရင် ရယ်စရာကောင်းနေပြီပဲ။ လူလတ်တန်းစား ဝန်ထမ်းမိဘများပင် ဖြစ်လင့်ကစား မိစုံဖစုံ အဖိုးအဖွားစုံနဲ့ အလိုလိုက်ခံခဲ့ရသည့် ကျွန်မအတွက် အလွန်စိတ်ထိခိုက်ရသည့် ပတ်ဝန်းကျင်လေး။ ငွေကြေးဖြင့် လောက်ငအောင် မကူညီနိုင်၍ တတ်နိုင်သမျှ လုပ်အားနဲ့ ကျွန်မ ကူညီသင့်သည်ဟု ဆုံးဖြတ်ခဲ့သည်။

ကြီးစဉ်ငယ်လိုက်အုပ်ချုပ်ရတဲ့ ဒီကျောင်းမှာ ရင်း လျှူဖွယ်ပစ္စည်း သွားလှူရာသို့ သူငယ်ချင်းနှင့် ၂ ယောက်သား လျှောက်လိုက်၍ ရောက်ခြင်းပင်။ ဇာတိ ပုညတူသော အရပ်က လူတွေမို့ထင် တစ်ထိုင်တည်းပင် မေးရင်း ပြောရင်း ဒီအခြေအနေရောက်လာခြင်းပင်။

"ခုအချိန်တော့ အားတယ် ဘုန်းဘုန်းရဲ့ စာမေးပွဲပြီးခါစ ကျောင်းပိတ်ရက်တွင်းမို့လေ၊ ကူရင်ကူလို့ ရပါတယ်။ ဒါပေမဲ့ တပည့်တော်က ရုံးသမားလေ ရုံးဆင်းချိန်ညနေပိုင်းပဲ ကြည့်နိုင်မှာ အချိန်ပြည့် ဆရာမလိုတော့ရမှာ မဟုတ်ဘူး။ ဒါပေမဲ့ အရမ်းဝေးတယ် ရုံးက ဆူးလေမှာ ကားစီးရမှာနဲ့ ဘာနဲ့ဆိုတော့ ပိတ်ရက် လာကူပေးမယ် ဘုန်းဘုန်း"

ကျွန်မ မယုတ်မလွန် ကတိပေးလိုက်ရာ ဘုန်းဘုန်း ခမျာ ပြုံးပြုံးချည်း ဖြစ်သွားရှာ။

ကျွန်မမှာတော့ ကိုယ့်ကတိနဲ့ကိုယ် သက်ပြင်းတွေ ခိုးခိုးချနေရသည်။ သူငယ်ချင်းကလည်း တိုက်တွန်းရှာသည်။ ကျွန်မထိတွေ့နေရသည့် ကျောင်းသားများက ရန်ကုန်၏ နံ့သာဆီလေးတွေ အခု ကလေးလေးတွေ အခြေအနေနှင့်က မိုးနှင့်မြေလို ကွာခြားကြသည်။

ထို့နောက်တွင်တော့ ဘ·က ကျောင်းသို့ ကျွန်မ အပတ်စဉ်သွားသည်မှာ ၄ ကြိမ် တစ်လသာသာပင်။ နောက်ပိုင်းတွင်တော့ လိုင်းကားစီးရသည့် အခက်အခဲကြောင့် ဘ·က ကျောင်းသို့ အပြီးပြောင်းရွှေ့နေပြီး ကူရတော့သည်။ ကျွန်မအဆောင်ကို ပြန်အပ်ရသည်။ ရုံးဖယ်ရီက လမ်းမကြီး ထိပ် ရောက်သည်မို့ သွားစီး၍ ရသော်လည်း နေသောနေရာနှင့် နည်းနည်းလှမ်းသည်။ မိုးတွင်းအခါ အဆင်မပြေလှုပြုတ်လှသည်။

ဤဒုက္ခများထက် ကျွန်မကို ဆွဲငင်ထားသည်မှာ ကလေးများပင်။ အငယ်ဆုံး ကလေးလေး 'သက်နောင်' က ၃ နှစ်သားသာရှိသည်။ မိခင်သေဆုံး၍ နို့ဘူးတိုက်မွေးခဲ့ရ၍ ဘုန်းကြီးအချစ်တော်။ မောင်နှမ သုံးယောက်ကို ဘုန်းကြီးကျောင်းပို့ထားကာ ခိုင်း၍ရသည့် ၁၀ နှစ်သမီး အကြီးဆုံးကိုသာ ဆွေမျိုးများက ခေါ်သွားသည်ဆို၏။ ဘုန်းဘုန်းက ပြောင်းရွှေ့လာသည့် ကျွန်မအတွက် အထူးသီးသန့် ဆန်ဂိုထောင်ကို ချက်ချင်းရှင်းပေးကာ နေရာချ၏။ ကလေးများ ဆရာမမို့ ဝမ်းပမ်းတသာ ကြိုဆိုခြင်းပင်။



ကျောင်းသားကြီးဆိုတာ အလယ်တန်း။ မိဘရင်ခွင်မှာဆို ကလေးလုပ်၍ ကောင်းတုန်းအရွယ်။ မိဘမဲ့ကျောင်းရောက် နေသည့် ကလေးများအတွက်တော့ အရာရာသည် မိမိကိုယ်သာ အားကိုးရ။ ဒီကလေးကြီးတွေကရော ကလေးငယ်တွေကို ဘယ်လောက် ထိန်းကျောင်းနိုင်မှာမို့လဲ။ နိစ္စဓူဝ အလုပ်မို့လား။ ဘုန်းကြီးအနေနဲ့ကရော အားလုံးကို ကျွေးရုံသာ အလှူခံ ကျွေးနိုင်ရုံ စာသင်ပေးရုံသာ။ ကလေး ဝေယျာဝစ္စများမှာ လပ်ဟာဆဲ။ စာသင်သည့် ဆရာမများမှာ အလုပ်ကျလာသင်နေသည်မှာ မရပ်မနား။ အပတ်စဉ် ဆရာဝန်၊ သူနာပြုနှင့် ဆေးစစ်အဖွဲ့ရှိသော်ငြားလည်း ကလေးအများစုမှာ ဝဲနာ ဗလပွ။ ပြည်တစိုစို။ သန့်ရှင်းရေး မနိုင်သည့် ကလေးများ အတူအိပ် အတူစားကြတာလေ။ မကူးစက် ခံနိုင်မလား။ ကလေးကြီးများမှာလည်း စာသင်ရသည့်အလုပ်၊ ဆွမ်းခံနောက်လိုက်ရသည့်အလုပ်၊ ကလေးငယ်များ၏ အဝတ်များကို လျှော်ဖွပ်လှန်းရသည့်အလုပ်၊ ကြားပေါက် Volunteer များမှ ကြိုကြားစာလာသင်သည်ကို မသင်ချင်လည်း သွားထိုင်ရသည့်အလုပ်ဖြင့် တစ်နေကုန် နားချိန် မရှိ။

ကျွန်မ သူတို့အစား ပင်ပန်းလှသည်။ ကျွန်မအလုပ်က ညပိုင်းစာကျက်ချိန်ဖြစ်ရာ နေ့ခင်း ရုံးပိတ်ရက် အားသည့်အချိန်တွင် ကလေးများအား တန်းစီကာ ကာဖော်လစ် ဆပ်ပြာဖြင့် ကျကျနန တိုက်ကာ ရေချိုးပေး။ ရွှေပြည်နန်း ဘူးများမှ သနပ်ခါးများဖြင့် အလှဆင်ခြင်း။

ကျိုခွဲနေသော ပုံစံခွက် ထမင်းစားပန်းကန်များအား ကလေးကြီးများဖြင့် ပြန်လည်တိုက်ချွတ် ဆေးကြောခြင်း။ မလျှော်ဘဲ ရေညှစ်လှမ်းသော အဝတ်များမဖြစ်အောင် ဆပ်ပြာမှုန့် အရည်ဖျော်၍ အဝတ်များစိမ်ခြင်း။ စိမ်ထားသော အဝတ်များကို ကလေးကြီးများအား ခြေထောက်များဖြင့် တက်နင်းကာ လျှော်ဖွပ်စေခြင်း။

ကျွန်မအတွက် ဒိုင်စားသော ပိတ်ရက်များပင်။ ကြိမ်တုတ် ၁ ချောင်းကိုင်ကာ ကလေးများကို ထိန်းကျောင်းတတ်သည့် ဘဘုန်းမှာ ကျောင်းပေါ်မှ ကြည့်ရင်း တပြုံးပြုံး။ သူ့ဝမ်းမနာ ကလေးများ သနပ်ခါးအဖွေးသား သန့်ရှင်းသပ်ရပ်နေသည်ကို။ ပင်ပန်းရကျိုးနပ်သည်ဆိုရမည်။ ပေကပ်ကပ် ဂျစ်ကန်ကန်ကလေးများပင် ကြိမ်တုတ်ကိုင်စရာမလို စည်းကမ်းလိုက်နာရန် ကျွန်မပြောလျှင် တစ်ခွန်းပင်။ ပြောစကား နားထောင်ကြသည်မှာ ချစ်စရာ။ သူတို့ ခံစားသိသည်ပင် ပေါ်ပင်ဂရုစိုက်သူများနှင့် စိတ်ရင်းနှင့်ပြုစုသူများ။

ကားလေးနှင့်ပိတ်ရက်များတွင် စာလာသင်တတ်သူများကို ကျွန်မအစက ကုသိုလ်ကောင်းလိုက်တာဟု အားကျခဲ့သည်။ သို့သော် ကလေးများနှင့်အတူ နေထိုင်ရင်း စေတနာရှင်များကို ငြိုငြင်လာမိသည်။ ကလေးများမှာ နေ့လယ်နေ့ခင်း တစ်ရေးမအိပ်နိုင်ပေ။ အလှူရှင်အကြိုက်နှင့် ဘုန်းကြီးကြိမ်ကြောက်ရကာ မသင်ချင်လည်း သွားထိုင်ကာ သင်နေရသည်။ စာတွေသင်ရလွန်း၍ ဟုန်၍ပင် နေကြလေပြီ။ ဘုန်းကြီးဘက်ကလည်းအမှန် ဒီလူ ၁၀၀ ကျော် ဆွမ်းခံကျွေးရုံနှင့် မလောက်ငနိုင်။ ဒီလို အလှူရှင်များကို အားကိုး အားထားပြုနေရသည် မဟုတ်လား။

ကလေးများမှာလည်း မိဘမဲ့အများစုဖြစ်၍ ထားရာနေ စေရာသွားရတဲ့ ဘဝတွေ။ မျက်ဝန်းမှိန်မှိန်လေးများနှင့် အလိုက်သင့်နေထိုင်ကြရသည့် အရွယ်နှင့်မလိုက်ဘဝနာသည့် ကလေးများ။

နောက်များမှ သိရသည် လာကူစာသင်တဲ့သူတွေက ဘုန်းကြီးဆီက အသိအမှတ်ပြု လက်မှတ်ရရင် ပရဟိတလုပ်ဖူးသည်ဆိုကာ နိုင်ငံခြားစကော်လာ လျှောက်ကြသည်ဆို၏။ အဲဒီအချိန်တွင် ကျွန်မက နေပြည်တော်ရောက်နေ၍ အဆက်ပြတ်သည့်အချိန်။ ဘဘုန်းလည်း ပျံလွန်တော်မူသည်ကြားရ၊ ထောင်မြင်၍ ရာစွန့်သည်မှာ မိဘမဲ့ကလေးများလည်း မနေရသည့် လောကကို မြင်တွေးခဲ့ရကာ မဲ့ပြုံးပြုံး

မိရသည်။ ဘာမသိ ညာမသိ အားကျနေခဲ့သည့် ကိုယ့်ကိုယ်ကိုလည်း ရယ်ချင်မိသည်။

ရန်ကုန်တွင် သင်တန်းတက် အလုပ်လုပ်ရင်း ကျောင်းဝေယျာဝစ္စ ဘာတစ်ခုမှ မလုပ်ပေးသည့် ဘုန်းကြီးတူမများ ဆိုသည်ကိုလည်း အံ့သြတကြီး ကြုံရပြန်သည်။ ကိုယ်ရောက်လာမှ အရောင်အဆင်းထွက်လာသည့် ကလေးများကြောင့် ဘုန်းဘုန်းက ဧည့်လာတိုင်း ပွဲထုတ် ချီးမွမ်းလျှင် သူတို့က နောက်ကွယ်ကျ မျက်နှာထားက မကြည်လင်။ သူစိမ်းများ ပရဟိတ လာလုပ်သည့် ဘ.က ကျောင်းတွင် ဆွေမျိုးရင်းများ ခပ်ချေချေနေနိုင်သည့် စိတ်ဓာတ်ကိုလည်း အံ့သြမိရသည်က ကျွန်မပင်။ လောကကြီးမှာ သင်ယူစရာ၊ ရှောင်ကြဉ်စရာ အပြည့်ပင်။

ကလေးဆိုသည်မှာ ချိုအေးမွှေးသော မုန့်များကို ကြိုက်သည်မှာ ဓမ္မတာ။ ဘဘုန်းမှာက နိုင်ငံခြားမှ လှမ်းလှူထားသည့် ဈေးကြီးသည့် ခရက်ကာ မုန့်များက ဂိုထောင်နှင့်အပြည့်။

မုန့်ကျွေးချိန်ဆို ဝေတဲ့သူကဝေ ဘဘုန်းက ကြိမ် ၁ ချောင်းနှင့် စိစစ်။ ကလေးများ မုန့်စားမြန်လှသည် အောက်မေ့၍ လိုက်ချောင်းရာ အမှိုက်ပုံတွင် ပစ်ထားကြသည်မှာ အသီးသီးအသက။ ကျွန်မမယ် ရင်ဘတ်စည်တီး ကာ ဤမုန့် ဘယ်လောက်ဈေးကြီးကြောင်း လူတိုင်းမစားနိုင်ကြောင်း အာဟာရအပြည့်ဖြစ်ကြောင်း ပြောဆိုပြန်တော့ သူတို့အတွက် ရင်ဖွင့်ခံ ကျွန်မကို ပြန်ပြောလာသည်က "အဲ့မုန့်က ငန်တယ်။ မချိုလို့ မကြိုက်ဘူး ချာမ" ဟူသတည်း။

ကျွန်မမယ် ငိုလည်းငိုချင် ရယ်လည်းရယ်ချင်မိသည်။ မလိုအပ်တာတွေပေါပြီး လိုအပ်တာတွေ ရှားပါးသည့် လောကကြီးပါတကား။ ကျွန်မ ကိုယ့်ကိုယ်ကို အရင်ကယ်တင်ရန် လိုအပ်၍ ဒီဝန်းကျင်ကို မစွန့်ခွာချင်လည်း စွန့်ခွာခဲ့ရပြီ။ ဘဘုန်းမှာလည်း ကျွန်မကို မတားရက်သော်လည်း စိတ်မကောင်းခြင်းကြီးစွာ ခွင့်ပြုခဲ့ရပြီ။ သူတို့ကို ကယ်တင်ရန် ကျွန်မမှာ ဝမ်းစာမပြည့်သေးပေ။

ဆင်းရဲနွမ်းပါးမှုလျှော့ချသည့်စစ်တမ်း (Poverty Survey) စကောက်၍ ခရီးထွက်သည့် အချိန်တိုင်း ကျွန်မ ကလေးလေးတွေကို သတိရမိသည်။ ရန်ကုန်မြို့ပေါ်မှ လူမှုဘဝဆင်းရဲသူလေးများ။ လောကတစ်ခုကို ထဲထဲဝင်ဝင် နစ်မြုပ်ဖူးလျှင် ဒီလောက၏ ကောင်းခြင်း၊ ဆိုးခြင်းများကို သိလာရသည်မှာ ထုံးစံ။ ကျွန်မအတွက်ကတော့ မိဘမဲ့ကလေးကျောင်းလောက။ ဘဝနာသူရှိသလို သူတစ်ပါးပေးစာ ကမ်းစာမှာ သာယာသွားတဲ့ သူတွေလည်း ရှိပြန်သည်။ ကျူးကျော်တဲထိုးပြီးနေပေမယ့် ကားပိုင် အိမ်ပိုင်တွေနှင့် ပြည့်စုံနေကြသလိုမျိုး။ ကျူးကျော်ရသည်ကို ဂုဏ်ယူနေသည့် စိတ်ဓာတ်မျိုးရှိသူ၊ သူတစ်ပါးပေးစာ ကမ်းစာမှာ သာယာသောသူများ ပေါပေါက်လာပြန်သည်။

သူတို့လေးတွေကို ရင်း၍ ထောင်မြင်ရာစွန့်ကိစ္စတွေမှာ ကိုယ့်ပယောဂ မပါစေချင်ခဲ့၍ ကိုယ့်ဘဝကိုလည်း ဝါသနာပါရာ မနစ်မြုပ်နိုင်ခဲ့သည့်ကျွန်မ။ ဆက်နေမလား အလွတ်ရုန်းမလားဟူသည့် ခံစားချက်တွေ လွန်ဆွဲခဲ့သည်မှာ အကြိမ်ကြိမ်။ ကွဲကူးရေပါလုပ်နေသည့်သူများနှင့် တွဲလုပ်ရမည့် ကိစ္စတွေကို လိပ်ပြာမသန့်နိုင် ဖြစ်ခဲ့ရသည်။

ဒီလောကနှင့် ဝေးသွားပြီးနောက် မိဘများနှင့် ပျော်ရွှင်နေသည့် ကလေးငယ်များ၏ မျက်ဝန်း တောက်တောက်လေးတွေ မြင်တိုင်း မျက်ဝန်းမှိန်မှိန် အားကိုးတကြီးကြည့်သည့် မျက်ဝန်းလေးများကို ဖျတ်ခနဲ အမှတ်ရသွားတိုင်း စိတ်မှာ ညှို့ခနဲဖြစ်ရတာ အကြိမ်ကြိမ်။

ဒါဆင်းရဲခြင်းရဲ့ ဘေးထွက်ဆိုးကျိုးများပင် မဟုတ်လား။ စစ်ဘေးဒဏ်ခံ ကလေးငယ်များအား သင်္ဘောဝတ်ဆင်စေပြီး မြို့များသို့ ဘေးကင်းရာ ခိုလှုံခိုင်းရသည့် သတင်းများကို ဖတ်ရသည်မှာ လောကငရဲပင်။ လွန်စွာသနားစရာကောင်းသော ကလေးငယ်များပင်။ နိုင်ငံတစ်နိုင်ငံ၏ အနာဂတ် ကလေးငယ်များ၏ အရည်အသွေး ဤသို့ဖြစ်နေပါက ဘယ်သို့သော နိုင်ငံ့ခေါင်းဆောင် ပေါ်ထွန်းအံ့။ နိုင်ငံတစ်နိုင်ငံ၏ ငြိမ်းချမ်းရေး၊စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်မှု၊ စစ်ဒဏ်၊ ဆင်းရဲမှု ဒဏ်ချက်များကို တိုက်ရိုက်ခံစားရသည်မှာ နုနယ်သော ကလေးများသာ။

ဒါ့ကြောင့် စစ်ဒဏ်၊ ဆင်းရဲဒဏ်၊ သဘာဝဘေးအန္တရာယ်ဒဏ် အစရှိသည့် ဒဏ်အမျိုးမျိုးကို ခံစားနေကြရသော မိဘမဲ့ကလေးများ ကင်းစင်ရေးအနေဖြင့် နိုင်ငံသာယာဝပြောအောင် မိမိကျရာ အခန်းကဏ္ဍမှ တာဝန်ကျေပွန်သော နိုင်ငံသားတစ်ယောက်အဖြစ် ကြိုးစားတည်ဆောက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရင်းနဲ့သာ။

# တွန်းအားပေးမြှင့်တင်သင့်သောတိုင်းရင်းဆေးနှင့် သဘာဝဆေးဖက်ဝင်ပစ္စည်းထုတ်ကုန်များ အခန်းကဏ္ဍ



| မြရေသူ |

တိုင်းရင်းဆေးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်ကြီးက ဖွင့်ဆိုထားသည်မှာ "Traditional medicine can be defined as sum total of knowledge, skills and practices of unique cultural origin that can be used for treating diseases promoting wellness" ဖြစ်သည်။ တိုင်းရင်းဆေးပညာဆိုသည်မှာ ရောဂါကုသရေးနှင့် ကိုယ်ခန္ဓာ ကျန်းမာကြံ့ ခိုင်သန်စွမ်းရေးတို့အတွက် အကျိုးပြုသော မူလပင်ကိုယ်ရိုးရာ မိမိတို့မူပိုင်ဖြင့် သီးခြား ရပ်တည်နိုင်သည့် ပညာရပ်ဆိုင်ရာဗဟုသုတ၊ ကျွမ်းကျင်မှုနှင့် လက်တွေ့ကုထုံးများ အားလုံးအကျုံးဝင်လေသည်။ ၎င်းတို့အထဲတွင် အိမ်တွင်းကုထုံးများ၊ သဘာဝကုထုံးများနှင့် အခြားတိုင်းရင်းဆေးအမယ်များလည်း ပါဝင်သည်။

လွန်ခဲ့သော ဆယ်စုနှစ်များစွာကတည်းက တိုင်းရင်းဆေးတို့၏ ဆေးပစ္စည်းနှင့် ကုသနည်းများကို နိုင်ငံအတော်များများတွင် လက်ခံလာခဲ့ကြသည်မှာ ဆေးပစ္စည်းတန်ဖိုးနည်းပါးခြင်း၊ ဆေးကုသစရိတ်သက်သာခြင်း၊ ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းမှုတို့အတွက် ထိရောက်ခြင်းတို့အပြင် ဘေးထွက်ဆိုးကျိုးများ နည်းပါးခြင်းကြောင့်လည်း ဖြစ်ပေသည်။ မြန်မာပြည်သူလူထု၏ ၇၅ ရာခိုင်နှုန်းသည် တိုင်းရင်းဆေးများနှင့် ကုထုံးနည်းလမ်းများကို အားကိုးသုံးစွဲကြခြင်းမှာ အလွယ်တကူ ရရှိသုံးစွဲနိုင်ခြင်း၊ ဝယ်ယူသုံးစွဲနိုင်သည့် ငွေပမာဏအတွင်း တည်ရှိသောကြောင့် ဖြစ်သည်။ ယခုအခါတွင် တရုတ်၊ အိန္ဒိယ၊ အမေရိကန် စသော နိုင်ငံများကလည်း သဘာဝဆေးဖက်ဝင် ထုတ်ကုန်ပစ္စည်းများနှင့် ပတ်သက်သော သုတေသနလုပ်ငန်းများတွင် များစွာသော ငွေပမာဏ၊ အချိန်ပမာဏ၊ လူအင်အားတို့ကို အသုံးပြု၍ လုပ်ဆောင်လျက်ရှိကြပေသည်။

ရိုးရာတိုင်းရင်းဆေးပညာများဆိုသည်မှာ ခေတ်အဆက်ဆက် မျိုးရိုးစဉ်ဆက်အလိုက် လက်ဆင့်ကမ်းလာကြပြီး ဆေးဖက်ဝင်အပင်များနှင့် ပတ်သက်သော ရိုးရာယုံကြည်မှုများနှင့် အတွေ့အကြုံတို့ကို ပေါင်းစပ်ကာ ပိုမိုတိုးတက်ကောင်းမွန်အောင် ပေါင်းစပ်ထုတ်လုပ်ကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် ၁၉၇၆ ခုနှစ်မှ စတင်၍ ရိုးရာတိုင်းရင်းဆေးပညာ ထိန်းသိမ်းစောင့်ရှောက်ရေးတွင် တက်ကြွစွာ ပါဝင်ခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် တိုင်းရင်းဆေး တက္ကသိုလ်ကို တည်ထောင်ဖွင့်လှစ်ခဲ့ပြီး တိုင်းရင်းဆေးပညာဘွဲ့များ အပ်နှင်းပေးခဲ့သည်။

တိုင်းရင်းဆေးကဏ္ဍကို မြှင့်တင်လိုသော နိုင်ငံတော်အစိုးရ၏ ဆန္ဒနှင့်လိုက်လျောညီထွေစွာ ၂၀၀၂ ခုနှစ်တွင် FAME ဆေးဝါးစက်ရုံမှ ဈေးနှုန်းကြီးမြင့်သော သွင်းကုန်ဆေးဝါးများနေရာတွင် အစားထိုးနိုင်ရေးအတွက် တိုင်းရင်းဆေးဝါးများကို စတင်ထုတ်လုပ်လာခဲ့သည်။ နိုင်ငံလူဦးရေအများစု ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲကြသောကြောင့် ဖြည့်စွက်အာဟာရ ဆေးဝါးများအဖြစ်လည်းကောင်း၊ ခေတ်မီဆေးဝါး ပုံစံမျိုးဖြင့်လည်းကောင်း ထုတ်လုပ်ရောင်းချလျက်ရှိပြီး အရည်အသွေးမြင့်မားမှု၊ ဈေးနှုန်းချိုသာမှုတို့ကြောင့် FAME မှ ထုတ်လုပ်သော ပစ္စည်းများ၏



ကောင်းသတင်းကျော်ကြားပြီး လူသိများထင်ရှားလာခဲ့သည်။ ယခု အချိန်တွင် FAME အနေဖြင့် မြန်မာနိုင်ငံတွင် တိုင်းရင်းဆေးဝါးများအား ဦးဆောင်ထုတ်လုပ်သော ကုမ္ပဏီအနေဖြင့် ရပ်တည်လျက်ရှိပြီး အကျိုးအမြတ်ရရှိသော ပြည်ပပို့ကုန်လုပ်ငန်း တစ်ခုအနေဖြင့်လည်း ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်းသာမက အရှေ့တောင်အာရှနှင့် ဂျာမနီ၊ ကူဝိတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံများသို့လည်း ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ FAME မှ သဘာဝ ဆေးဝါးထွက်ကုန်များကို အုပ်စု (၅) စု ခွဲပြီး ရောင်းချလျက်ရှိသည်။ စပီရူလိုင်းနား ထုတ်ကုန်များ၊ ဆေးဖက်ဝင် သစ်သီးသစ်ဥထုတ်ကုန်များ၊ ပျားရည်နှင့် ပျားဆိုင်ရာထုတ်ကုန်များ၊ သုံးစွဲသူများ လတ်တလော အသုံးများသည့် ကုန်စည်များနှင့် အလှကုန်ပစ္စည်း ထုတ်ကုန်တို့ဖြစ်သည်။ FAME မှ နိုင်ငံတကာ အရည်အသွေးစံချိန်စံညွှန်းများနှင့် ကိုက်ညီသော တိုင်းရင်းဆေးထုတ်ကုန်များ တိုးတက်မှုရှိစေရန် သုတေသနအဖွဲ့တစ်ခုကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ FAME ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှ ထုတ်လုပ်သော သဘာဝဆေးဖက်ဝင် ပစ္စည်းထုတ်ကုန်များသည် ကျန်းမာရေးနှင့် ညီညွတ်မျှတပြီး ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းမှုကို အထောက်အကူပြုသော ကုန်ပစ္စည်းများဖြစ်သည့်

အပြင် ပါဝင်သော ကုန်ကြမ်းပစ္စည်းများကိုလည်း နိုင်ငံတွင်း စိုက်ပျိုးထုတ်လုပ်သော သဘာဝပစ္စည်း သစ်သီးသစ်ဥများ ဖြင့်သာ ရာနှုန်းပြည့် ဖော်စပ်ထားခြင်းဖြစ်ပြီး သဘာဝ မဟုတ်သော အရောင်များ၊ ဓာတုပစ္စည်းများ၊ ပိုးသတ် ဆေး အကြွင်းအကျန်များနှင့် ဓာတ်မြေသြဇာများမှ လုံးဝ လွတ် ကင်းသော ထုတ်ကုန်များဖြစ်ကြသည်။ အမြင့်ဆုံး အရည် အသွေးရှိသော ဆေးဝါးထုတ်ကုန်ပစ္စည်းများရရှိနိုင်ရန် အရည်အသွေး ထိန်းချုပ်ရေးဆိုင်ရာ QC department များ ထားရှိပြီး အပူချိန်နှင့် ကုန်ကြမ်းပစ္စည်း သိုလှောင်ရုံများ ကိုလည်း ကောင်းစွာစီမံထားရှိမှုကြောင့် အလေအလွင့်များ နှင့် မမျှော်မှန်းနိုင်သောကိစ္စရပ်များ မဖြစ်ပေါ်လာအောင် တိကျသေချာစွာ စီမံထားရှိသည်။

မြန်မာနိုင်ငံတစ်ဝန်း တိုင်းရင်းဆေးအသုံးပြုမှု များပြားလာခြင်း၊ သဘာဝပစ္စည်း ထုတ်ကုန်များကို ပြည်သူ လူထုက သဘောကျနှစ်ခြိုက်ခြင်း၊ စိတ်ချယုံကြည်ခြင်းတို့ ကြောင့် ကုမ္ပဏီအနေဖြင့် သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများ တွင် သုံးစွဲသူများ၏ လိုအပ်ချက်၊ မျှော်မှန်းချက်များ ပြည့်မီ စေရန် အားသွန်ခွန်စိုက် လုပ်ဆောင်လျက်ရှိသည်။ ထုတ် ကုန်ပစ္စည်းများကို သဘာဝအတိုင်း ထုတ်လုပ်နိုင်ရန် ကုန် ကြမ်းများရရှိရေးအတွက် ကုမ္ပဏီအနေဖြင့် ကိုယ်ပိုင် သဘာဝဆေးပင်စိုက်ခင်းများကို စိုက်ပျိုးထားရှိပြီး ဆေး ဖက်ဝင် အပင်မျိုး ၃၀ ကျော်ကို ဂျာမနီနိုင်ငံအခြေစိုက် အဖွဲ့ အစည်းတစ်ခုဖြစ်သည့် International Foundation for Organic Agriculture Movement (IFOAM) ချမှတ်ထား သည့် စိုက်ပျိုးနည်း စနစ်များအတိုင်း စိုက်ပျိုးထားရှိခြင်း ဖြစ်သည်။ ၂၀၀၂ ခုနှစ်တွင် နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်း အဖွဲ့အစည်းကြီးတစ်ခုဖြစ်သော International Organization for Standardization (ISO) မှ အရည်အသွေး ထိန်းသိမ်းခြင်းစနစ်ဆိုင်ရာလက်မှတ်ကို ရရှိခဲ့ပြီးဖြစ်သည်။

အနောက်တိုင်းဆေးဝါးများမှာ ဈေးနှုန်းမြင့်မား ခြင်း၊ အခြားအစားထိုး တိုင်းရင်းဆေးဝါးများကို လိုလားစွာ သုံးစွဲလာကြခြင်းနှင့် ဘေးထွက်ဆိုးကျိုး မရှိခြင်းတို့ကြောင့် တိုင်းရင်းဆေးဝါးများ၏ အခန်းကဏ္ဍမှာ ပိုမိုအရေးပါလာ ခဲ့သည်။ တိုင်းရင်းဆေးအသုံးပြုမှု တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာသည့်အတွက် ဘေးကင်းစိတ်ချရမှုနှင့် ကုန်စည်အရည်အသွေး မြင့်မားမှုတို့သည် မရှိမဖြစ်အရေး ကြီးသော ကိစ္စရပ်များဖြစ်လာကြသည်။

FAME သည် မြန်မာနိုင်ငံတွင် အကြီးဆုံးတိုင်းရင်း ဆေးထုတ်လုပ်သော ကုမ္ပဏီများအနက်မှ တစ်ခုဖြစ်လာပြီး ပြည်တွင်းနှင့် ပြည်ပဈေးကွက်များလည်း ပိုမိုကြီးမားလာ လျက်ရှိသည်။ ကုမ္ပဏီအနေဖြင့် ဆန်းသစ်တီထွင် ထုတ် လုပ်ခြင်းများဖြင့် ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်ကို ပိုမိုထိုးဖောက်ရန် ကြိုးစားလျက်ရှိသည်။

ကျန်းမာကြံ့ခိုင်မှုကို အလေးထားလာသော ယခု ခေတ်တွင် မြန်မာတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးတွင် တိုးတက်သောခေတ်မီဆေးဝါးများ၊ နည်းပညာများကို ရှာဖွေဖော်ထုတ်လျက်ရှိသည့်အပြင် မိမိတို့နိုင်ငံအလိုက် ခေတ်အဆက်ဆက် လက်ဆင့်ကမ်းသုံးစွဲခဲ့ကြသော တိုင်း ရင်းဆေးများ၊ ရိုးရာကုထုံးများ၊ သဘာဝဆေးဖက်ဝင် သစ်သီး၊ သစ်ဥများဖြင့် ဖော်စပ်ထားသော ဖြည့်စွက် အာဟာရများ စသည်တို့ကိုလည်း အလေးပေး လေ့လာသုံးစွဲ လာကြကြောင်း တွေ့ရှိရပေသည်။

ယခုအခါတွင် တရုတ်တိုင်းရင်းဆေးများကို ကမ္ဘာ့ဈေးကွက်တွင် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနေကြပြီး တစ်ကမ္ဘာလုံး အတိုင်းအတာအားဖြင့်လည်း လေ့လာမှု များမှာ တစ်နေ့တခြား တိုးပွားလာ လျက်ရှိ ပေသည်။ ထို့အတူ မိမိတို့အနေဖြင့် မြန်မာတိုင်းရင်းဆေးကို ပြည်တွင်း ဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များအထိပါ တင်ပို့မည်ဆိုပါက ကုန်စည်အရည်အသွေးပြည့်ဝမှု၊ နိုင်ငံတကာမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများပြည့်မီ မှုနှင့် ဘေး ထွက်ဆိုးကျိုးများကင်းစင်မှု အစရှိသော အခြေခံလိုအပ် ချက်များ ပြည့်စုံရမည် ဖြစ်သည်။ သို့ဖြစ်၍ ကမ္ဘာနှင့်အဝန်း စိတ်ဝင်စားမှု တိုးမြင့်လာသော တိုင်းရင်း ဆေးထုတ်ကုန် များ၊ သဘာဝ ဆေးဖက်ဝင် ဖြည့်စွက် အစားအစာများနှင့် အလှကုန်များ အစရှိသည့် herbal products ဆိုင်ရာ ကုန်ပစ္စည်းများ ထုတ်လုပ်သည့် ကဏ္ဍ ကိုလည်း အလေးထား အားပေးမြှင့် တင်ဆောင်ရွက်သင့် ကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။

# ကလေးသူငယ်များဘဝ အဆိပ်မသင့်ဖို့
(သို့မဟုတ်)
# နိုင်ငံ့အနာဂတ် လှပဖို့

|နယဥ်|

ယနေ့ခေတ်တွင် ကျွန်ုပ်တို့မြန်မာနိုင်ငံတော်ကြီးသည် ဘက်ပေါင်းစုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ရာတွင် အနာဂတ် မျိုးဆက်သစ်များဖြစ်သည့် ကလေးသူငယ်များ၏ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတို့ကို မြှင့်တင်ခြင်းသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ ထို့အပြင် အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းခွင်အမျိုးမျိုးသို့ ရောက်ရှိနေသော ကလေးငယ်များ၏ဘဝလုံခြုံစိတ်ချမှုရှိစေရေးနှင့် ပညာသင်ကြားနိုင်ရေးတို့အတွက် စိန်ခေါ်မှုများရှိနေခြင်းသည်လည်း အထူးအရေးကြီးသည့် အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံ၏အနာဂတ်သည် နောင်တွင် ခေါင်းဆောင်ဖြစ်လာမည့် ကလေးငယ်များ ပညာရည်ပြည့်ဝမှုအပေါ်တွင် မှီတည်နေသောကြောင့် ငယ်ရွယ်သောအချိန်မှစ၍ ပညာသင်ကြားနိုင်မှု အခွင့်အလမ်းများ ပိုမိုလိုအပ်နေပါသည်။ နိုင်ငံတော်၏ ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ကြားနိုင်ရေးအတွက် အခမဲ့ပညာရေးစနစ်ကို ထူထောင်ပေးခဲ့သော်လည်း ယနေ့တွင် လုပ်ငန်းခွင်များ၌ ကလေးအလုပ်သမားများကို တွေ့မြင်နေရဆဲဖြစ်ပါသည်။



## ကလေးအလုပ်သမားများ များပြားလာခြင်း အကြောင်းအရင်းနှင့် အကျိုးသက်ရောက်မှုများ

၂၀၁၅ ခုနှစ် လုပ်သားအင်အားစစ်တမ်း အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ ၅ နှစ်မှ ၁၇ နှစ်အတွင်း ကလေးသူငယ်များ၏ ၉ ဒသမ ၃ ရာခိုင်နှုန်းခန့်သည် ကလေးအလုပ်သမားများအဖြစ် လုပ်ကိုင်လျက်ရှိပြီး အမျိုးသမီး ၈ ဒသမ ၅ ရာခိုင်နှုန်းနှင့် အမျိုးသား ၁၀ ရာခိုင်နှုန်းရှိသည်ဟူ၍ ဖော်ပြထားပါသည်။ ထို့အပြင် ကလေးအလုပ်သမားစုစုပေါင်း၏ ထက်ဝက်ခန့်သည် အန္တရာယ်ရှိသော အလုပ်နေရာများတွင် လုပ်ကိုင်ရခြင်း၊ အလုပ်ချိန်ကြာမြင့်စွာ လုပ်ကိုင်ရခြင်းတို့နှင့် ကြုံတွေ့နေရပါသည်။ ထို့အပြင် ကလေးအလုပ်သမားများကို လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း၊ သတ္တုတူးဖော်ရေးနှင့် ကျောက်မိုင်းလုပ်ငန်း၊ ကုန်ထုတ်လုပ်မှု လုပ်ငန်း၊ လျှပ်စစ်၊ ဓာတ်ငွေ့၊ ရေနွေးငွေ့နှင့် လေအေးဖြန့်ဖြူးမှု လုပ်ငန်း၊ လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်း၊ မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်ပြုပြင်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် ကုန်ပစ္စည်းသိုလှောင်ရေးလုပ်ငန်း၊ တည်းခိုရေးနှင့် အစားအသောက် ဝန်ဆောင်မှုလုပ်ငန်း၊ စီမံအုပ်ချုပ်ရေးနှင့် ထောက်ကူမှုဆိုင်ရာ လုပ်ငန်း၊ အိမ်အကူလုပ်ငန်းတို့နှင့် အခြားသောလုပ်ငန်းများတွင်လည်း တွေ့ရှိရပါသည်။

မိမိတို့၏ ပတ်ဝန်းကျင်၌လည်း ကလေးအလုပ်သမားများကို လမ်းဘေးစတိုးဆိုင်များ၊ စားသောက်ဆိုင်များနှင့် အိမ်အကူလုပ်ငန်းများတွင် အများဆုံးတွေ့ရှိရပြီး ထိုလုပ်ငန်းလုပ်ကိုင်သူ အလုပ်ရှင်တစ်ဦးအား ယင်း၏အလုပ်ထဲ၌ လူကြီးအလုပ်သမားများထက် ကလေးများသာ ပိုများနေ၍ 'ဘာကြောင့်ကလေးများအား ခန့်ထားတာလဲ' ဟု မေးဖူးပါသည်။ ထိုအခါ အလုပ်ရှင်မှ ကလေးများသည် လူကြီးများထက် ပိုမိုအလုပ်ကြိုးစားလိုစိတ်ရှိပြီး စကားနားထောင်ကြောင်း၊ လုပ်အားခကိုလည်း အနည်းငယ်သာပေးရကြောင်းနှင့် လူကြီးများကဲ့သို့ ဇယားမရှုပ်ကြောင်း စသည်ဖြင့် ပြန်လည် ဖြေကြားခဲ့သည်။ ကလေးငယ်များအား မေးမြန်းကြည့်သောအခါ မိဘများကို ထောက်ပံ့ပေးရန် လိုအပ်နေခြင်းနှင့် မိဘများမှ ကျောင်းထားမပေးနိုင်သောကြောင့်ဆိုသည်မှာ အများစုဖြစ်နေသည်ကို တွေ့ရပါသည်။ ယနေ့ခေတ်တွင် စာသင်အရွယ်ကလေးငယ်များကို လမ်းဘေးဈေးသည်များအဖြစ် လည်းကောင်း၊ ဘူးခွံကောက်သူများအဖြစ်လည်းကောင်း၊ သတ္တုတွင်းအလုပ်သမားများအဖြစ်လည်းကောင်း၊ အန္တရာယ်ရှိသော လုပ်ငန်းများတွင်လည်းကောင်း ပုံစံအမျိုးမျိုးဖြင့် တွေ့ရှိနေရခြင်းသည် နိုင်ငံအတွက် စိုးရိမ်ဖွယ်ရာကိစ္စရပ်ပင် ဖြစ်ပါသည်။ ထို့ကြောင့် အသက်မပြည့်သော ကလေးငယ်များအား အလုပ်သမားများအဖြစ် ခိုင်းစေခြင်းသည် ကြီးမားသည့် ရာဇဝတ်မှုဖြစ်ပြီး ကလေးငယ်များ၏ အနာဂတ်အဆိပ်သင့်ခြင်းသည် နိုင်ငံအတွက် များစွာ အန္တရာယ်ကြီးသည်ကို သိရှိနားလည် သင့်သည်။

ထို့အပြင် ကလေးငယ်တစ်ဦးသည် ယင်း၏ငယ်ဘဝကို လေ့လာခြင်း၊ သင်ကြားသင်ယူခြင်းနှင့် ကစားခြင်းတို့ဖြင့်သာ ပျော်ရွှင်စွာ ဖြတ်သန်းသင့်သော်လည်း ကျန်းမာရေးနှင့် မညီညွတ်သော အလုပ်နေရာများတွင် လုပ်အားခအနည်းငယ်ဖြင့် အလုပ်လုပ်ကိုင်နေကြရပြီး အချို့သောမိဘများမှာ မိမိတို့၏ စားဝတ်နေရေး အခြေခံလိုအပ်ချက်အရ အရွယ်မရောက်သေးသော မိမိတို့ သားသမီးများကို လုပ်ငန်းခွင်အတွင်းသို့ အတင်းသွတ်သွင်းနေသည်ကို တွေ့ရှိနေရပါသည်။ ထို့အပြင် ကလေးအလုပ်သမားများ များပြားလာရခြင်းမှာ အလွန်အမင်းဆင်းရဲခြင်း၊ ပညာရေးနိမ့်ကျခြင်း၊ မိသားစုလူဦးရေ များပြားနေခြင်း၊ လုပ်အားခအနည်းငယ်ဖြင့် လုပ်ကိုင်နိုင်မည့် အလုပ်သမားများ ပိုမိုလိုအပ်လာခြင်း၊ နိုင်ငံ၏ စီးပွားရေးအခြေအနေနှင့် ဥပဒေနှင့်သက်ဆိုင်သည့် အသိပညာနည်းခြင်းတို့ကြောင့် ဖြစ်သည်ဟု နိုင်ငံအများစုက ရှုမြင်ပါသည်။ ထို့အပြင် International Labour Organization (ILO) ကလည်း ရန်ကုန်မြို့ရှိ ကလေးငယ်အားလုံး၏ ဆယ်ပုံ တစ်ပုံမှာ ကလေးအလုပ်သမားများ ဖြစ်ကြပြီး ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အတွက်သော်လည်းကောင်း၊ ကျန်းမာရေးနှင့် လုံခြုံရေးအတွက်သော်လည်းကောင်း အန္တရာယ်ရှိသည့် နေရာများတွင် အလုပ်လုပ်ကိုင်နေရသည်ဟု ဖော်ပြခဲ့ပါသည်။ ထို့အပြင် ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ဖြစ်သည့် ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင်

မြန်မာနိုင်ငံ၏ ညှိနှိုင်းရေးအရာရှိ (Liaison Officer)ဖြစ်သူ Mr. Rory Mungoven သည် မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားနှင့် စပ်လျဉ်း၍ ကြီးမားသည့် စိန်ခေါ်မှုနှင့် ရင်ဆိုင်နေရပြီး ထိုစိန်ခေါ်မှုကို နိုင်ငံ့ဦးစားပေး (National Priority) အနေဖြင့် ထည့်သွင်း ဆောင်ရွက်သင့်ပါကြောင်း၊ လူငယ်အလုပ်သမားများအားလည်း အန္တရာယ်ရှိသော လုပ်ငန်းများမှ လွတ်မြောက်ရန်နှင့် လုံခြုံသော အခြေအနေများဖြစ်အောင် ဆောင်ရွက်ပေးသင့်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအားထုတ်ရာ၌ လူတစ်ဦးချင်း၏ အရည်အချင်း တိုးတက်ခြင်းမှ အဖွဲ့အစည်းတစ်ခုလုံး၏ အရည်အချင်း တိုးတက်အောင် ပြုပြင်ပြောင်းလဲ ကြိုးပမ်းအားထုတ်နေကြသည်ကို တွေ့ရှိရပါသည်။ ခေတ်သစ်တစ်ခုကို အကောင်အထည်ဖော်ရာ၌လည်း နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ညွှန်ပြထားသကဲ့သို့ ပညာ၊ စေတနာ၊ သတ္တိတို့နှင့် ပြည့်စုံသော လူသားများလိုအပ်ပါသည်။ ထိုသို့ဆိုသော် ပညာဆည်းပူးရမည့်အရွယ်တွင် စေတနာ၊ သတ္တိတို့နှင့် ပြည့်စုံစေရန် သင်ကြားခံရမည့် အရွယ်ဖြစ်သော ကလေးငယ်များ ပြင်ပတွင် အလုပ် လုပ်ကိုင်နေရခြင်းမှာ နိုင်ငံအတွက် ကြီးမားသော ဆုံးရှုံးမှုပင်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံအတွင်း၌ရှိသည့် လူသားများအားလုံးကို လူ့စွမ်းအားအရင်းအမြစ်များဟု ယခင်က အလွယ်တကူ ခေါ်ဆိုခဲ့ကြသော်လည်း လူသားများဆိုသည်မှာ ယောကျ်ား၊ မိန်းမ အရွယ်သုံးပါးမရွေး လူသားများ အားလုံးကို ခြုံငုံပြီး လူဟူ၍ သတ်မှတ်ထားခြင်းဖြစ်ရာ ယင်းတို့ကို လူ့စွမ်းအားအရင်းအမြစ်ဟု သတ်မှတ်ခြင်းမှာ မဖြစ်နိုင်သေးချေ။ လူတို့သည် လူ့ဘောင်အဖွဲ့အစည်း၊ မိမိအဖွဲ့အစည်း အသိုက်အမြုံတို့အတွက် တတ်စွမ်းနိုင်သလောက် အကျိုးဆောင်ပေးနိုင်မှသာလျှင် လူ့စွမ်းအားအရင်းအမြစ်ဟု ခေါ်ဆိုထိုက်သည်။ ထို့ကြောင့် နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာမည့် ကလေးငယ်များသည် ပညာသင်ကြားနိုင်ခြင်းမရှိဘဲ လုပ်ငန်းခွင်ထဲသို့ ရောက်ရှိနေခြင်းကြောင့် ကလေးအလုပ်သမားများကို လျှော့ချရုံမျှမက လုံးဝပပျောက်ရေးအတွက် ဆောင်ရွက်ရန်လိုအပ်လျက်ရှိပြီး ကလေးငယ်များ၏ အခွင့်အရေး၊ ပညာသင်ကြားနိုင်ရေး၊ လူမှုလုံခြုံရေး တိုးမြင့်လာသည်နှင့်အမျှ ကျွမ်းကျင်မှုတည်းဟူသော အတတ်ပညာ၊ သုတတည်းဟူသော အသိအမြင်ဗဟုသုတကြွယ်ဝသည့် အနာဂတ် လူ့စွမ်းအားအရင်းအမြစ်များကို ပျိုးထောင်ပေးနိုင်မည် ဖြစ်ပါသည်။

## ထိရောက်စွာ အကာအကွယ်ပေးနိုင်မည့် ဥပဒေ အသက်ဝင်လာရေးနှင့် တားဆီးကာကွယ်ပေးရေး

ကလေးအလုပ်သမား ပြဿနာသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတစ်ဝန်း ရင်ဆိုင်နေရသည့် ပြဿနာတစ်ရပ်ပင်ဖြစ်ပါသည်။ International Labour Organization (ILO) ၏ Global Estimates of Child Labourတွင် ၂၀၁၆ ခုနှစ် အသက် ၅ နှစ်နှင့် ၁၇ နှစ်အကြား ကလေး ၁၅၂ သန်းသည် ကလေးအလုပ်သမားများအဖြစ် လုပ်ကိုင်နေရသည်ဟု ဖော်ပြထားပါသည်။ ထို့ကြောင့် ကလေးအလုပ်သမားများ လျှော့ချနိုင်ရေးနှင့် တားဆီးကာကွယ်ပေးနိုင်ရေးအတွက် (၁) မိမိကိုယ်တိုင် ပညာရည်ပြည့်ဝခြင်းမှ မိမိနှင့်နီးစပ်သော ပတ်ဝန်းကျင်နှင့် လုပ်ငန်းခွင်တို့တွင် ကလေးအလုပ်သမား များ လျှော့ ချခြင်းနှင့် စပ်လျဉ်းသည့် အသိပညာပေးခြင်း၊ (၂) ကလေး အလုပ်သမားများနှင့်စပ်လျဉ်း၍ အကူအညီပေးနေသည့် အဖွဲ့အစည်းများသို့ တတ်အားသရွေ့ အချိန်နှင့် ငွေကြေး မျှဝေခြင်း၊ (၃) လုပ်ငန်း တစ်ခုချင်းစီသည်လည်း မိမိတို့ အကျိုးအမြတ်အတွက် လုပ်ခလစာ အနည်းငယ်သာ ပေးရ သောကလေးငယ်များကို ခိုင်းစေခြင်းအား ရှောင် ကြဉ်၍ တရားသဖြင့် စီးပွားရှာခြင်း၊ (၄) ဒေသန္တရအစိုးရနှင့် ဒေသတွင်းတာဝန်ရှိသူတို့ကို ကလေးအလုပ်သမားနှင့် စပ်လျဉ်းသည့် အခြေအနေများအား သိရှိ စေရန်ဆောင်ရွက်ခြင်း၊ (၅) အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အခြားပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းအမျိုးမျိုးတွင် ခိုင်းစေခြင်းခံနေရသော ကလေးအလုပ်သမားများအား ထိရောက်စွာ အကာအကွယ်ပေးနိုင်မည့် ဥပဒေ အသက်ဝင်လာရေးစသည်တို့ ဆောင်ရွက်ရန် လိုအပ်လှပေသည်။ ထို့အပြင် အချိန်နှင့်တစ်ပြေးညီဖြစ်သော အချက်အလက်များနှင့် ပြီးပြည့်စုံသော အချက်အလက်များ

မရှိခြင်းသည် လုပ်သားဈေးကွက်နှင့် လူမှုကာကွယ်ရေး မူဝါဒများ အပါအဝင် အလုပ်အကိုင်ဆိုင်ရာ မူဝါဒများ ချမှတ်ရာတွင် အဓိကအတားအဆီးတစ်ရပ် ဖြစ်စေသည့်အတွက် အဆိုပါလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်လည်း လိုအပ်ပါသည်။

## ပူးပေါင်းဆောင်ရွက်ရန်လိုအပ်

၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့ခေါင်းဆောင်များ အတူတကွ သဘောတူညီခဲ့ကြသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals - SDGs)၏ ပန်းတိုင် (၈)၊ ညွှန်ကိန်း (၈.၇.၁) တွင် ၂၀၂၅ ခုနှစ်၌ ကလေးစစ်သားများ စုဆောင်းခြင်းအပါအဝင် ကလေးအလုပ်သမား အဆုံးသတ်ရေးကို ပန်းတိုင်တစ်ခုအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် မြန်မာနိုင်ငံသည်လည်း ကလေးအလုပ်သမား မြင့်မားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ရာ ကလေးအလုပ်သမား အဆုံးသတ်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေများဖြင့် အရေးယူဆောင်ရွက်ခြင်း၊ အလုပ်ရှင်များသည်လည်း အသက်မပြည့်သော ကလေးငယ်များအား ခိုင်းစေခြင်းကို ဆန့်ကျင်သည့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် အတူပူးပေါင်းဆောင်ရွက်ခြင်း၊ အလုပ်သမားများ၏ အရည်အသွေး မြှင့်တင်ပေးခြင်းဖြင့် လုပ်ငန်းခွင်တွင်ကျယ်နိုင်စေပြီး အလုပ်သမားလိုအပ်ချက်များကို ဖြည့်ဆည်းကာ ကလေးအလုပ်သမားများ လျှော့ချမှုကို အကူအညီပေးခြင်း၊ ကလေးသူငယ်အခွင့်အရေး၊ ပညာရေးနှင့် ကျန်းမာရေးကို အလေးပေးကာ ကလေးအလုပ်သမား အဆုံးသတ်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်တွင်း ပရဟိတလုပ်ငန်းများဖြင့် ကလေးငယ်များအား လိုအပ်သည့်နေရာများတွင် ထောက်ပံ့မှုများ ပြုလုပ်ပေးခြင်း၊ ဆရာ/ဆရာမများ အပါအဝင် အထူးသဖြင့် ကလေးအလုပ်သမားများအား ကာကွယ်ပေးခြင်းကို ကူညီပေးနေသည့် အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းကာ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ခြင်း၊ ကလေးအလုပ်သမားပပျောက်ရေး အကောင်အထည်ဖော်မှုကို စောင့်ကြည့် လေ့လာခြင်း၊ ကျောင်းများတွင် ကလေးများ အာဟာရပြည့်ဝရေးနှင့် ကျန်းမာရေးအစီအစဉ်များ ဆောင်ရွက်ခြင်းတို့ဖြင့် ချဉ်းကပ်ရန်လိုအပ်လှပေသည်။

ယနေ့ကမ္ဘာပေါ်၌ ကလေးအလုပ်သမားဈေးကွက်သည် အခန်းကဏ္ဍအများအပြားတွင် ကျယ်ပြန့်စွာရှိနေသည့်အတွက် နိုင်ငံတိုင်းတွင် ကလေးအလုပ်သမားများ လျော့ကျရေးမှသည် ပပျောက်ရေးဆီသို့ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။ ၄င်းပြဿနာသည် ဆင်းရဲနွမ်းပါးသည့် နိုင်ငံများ၌ အများဆုံးဖြစ်ပွားနေပြီး မြို့ပြများထက် ကျေးလက်ဒေသများတွင် ပိုမိုများပြားနေသည်ကို တွေ့ရှိရသည်။ ထို့အပြင် မြို့ပြထက် ကျေးလက်နေ ပြည်သူအများစုတွင် ပညာရေးနိမ့်ကျမှု ပိုမိုများပြားသောကြောင့် မြို့ပြထက် ကျေးလက်တွင် ကလေးအလုပ်သမား နှစ်ဆဖြစ်နေသည်ကိုလည်း တွေ့ရှိနေရပါသည်။ အခြားတစ်ချက်မှာ နိုင်ငံတော်၏ အခမဲ့ပညာရေးဖြစ်လင့်ကစား အခြားကျောင်းသုံးပစ္စည်းများနှင့် စရိတ်စကများ မတတ်နိုင်ခြင်းကြောင့် ကလေးများ လုပ်ငန်းခွင်များတွင် ရောက်ရှိရခြင်းဖြစ်ပါသည်။ ထို့အပြင် ကလေးများသည် ပညာသင်ခြင်းထက် ဘဝတွင် အလုပ်အကိုင် အတွေ့အကြုံများ ပိုမိုလိုအပ်သည်ဟု လွဲမှားစွာယူဆနေသော လူတချို့နှင့် မိသားစုအခြေအနေကြောင့် အလုပ်လုပ်ကိုင်ရန်လိုအပ်နေသည့် ကလေးငယ်များကို အမြတ်ထုတ်လိုသော စီးပွားရေးမှုဆိုးအချို့တို့ကြောင့် ကလေးအလုပ်သမားများ များပြားလာခြင်းပင် ဖြစ်ပါသည်။ ထိုသို့ ကလေးအလုပ်သမားများ များပြားလာခြင်းသည် နိုင်ငံ၏ အရည်အသွေးပြည့်ဝသော အနာဂတ် လူ့စွမ်းအားအရင်းအမြစ်ကို ဖျက်ဆီးနေခြင်းဖြစ်ရုံသာမက နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အကြီးအကျယ် နှောင့်နှေးစေသည့် ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်သည့်အတွက် ကလေးအလုပ်သမားများ ခိုင်းစေခြင်းကို ဆန့်ကျင်သည့် လုပ်ငန်းများနှင့် ကလေးအလုပ်သမား ပပျောက်ရေးကို အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း တိုက်တွန်းရေးသားခြင်း ဖြစ်ပါသည်။

## ကိုးကားချက်

International Labour Organization (ILO)
Labour Force Survey (2015)
Global Estimates of Child Labour: Results and trends, 2012-2016